၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၄၂)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လန်ဒန်၊ အမေရိကန် တရားဝင်ခရီးစဉ်နှင့် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံသို့ တက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လန်ဒန်မြို့ခရီးစဉ်၊ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့် တရားဝင်ခရီးစဉ်နှင့် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ ဒုတိယသံအမတ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ သံတမန်များနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)

# အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲတွင် မြန်မာအလုပ်သမား ကျွမ်းကျင်သူများ သွားရောက်ယှဉ်ပြိုင်မည်

**ခင်ရတနာ**

**နေပြည်တော် စက်တင်ဘာ ၁၀**

အာဆီယံအဆင့် ကျွမ်းကျင်မှုပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စိစစ်ရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

ဒေသအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ တိုးတက်စေရန်၊ လူငယ်များအကြား အတတ်ပညာနှင့် အတွေ့အကြုံများ ဖလှယ်မှုပြုနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လူငယ်များအတွင်း အလုပ်၏ တန်ဖိုးကိုသိရှိ၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုအတတ်ပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်ရေးတွင် နည်းပညာများ ပူးပေါင်းဆောင်ရွက်ရန်နှင့် မျိုးဆက်သစ် ကျွမ်းကျင်လုပ်သားများ၏ အရည်အသွေးကို ပြိုင်ပွဲများမှတစ်ဆင့် မြှင့်တင်နိုင်ပြီး အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်မှုဖလှယ်ပြီးသားဖြစ်နိုင်ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁

**တနင်္ဂနွေဖတ်စရာ**

စာ - ၁၈၊ ၁၉၊ ၂၀၊ ၂၁



**ဆန်းဒေးကာတွန်း**

စာ - ၁၆၊ ၁၇



မြန်မာ့အလင်း

# ပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို ထင်ဟပ်ကိုယ်စားပြုသော ခရီးစဉ်

နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်နိုင်ငံ ခရီးစဉ်သည် စက်တင်ဘာလ ၁၀ ရက်နေ့ကစတင်ခဲ့ပြီ ဖြစ်ပါသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်နိုင်ငံခရီးစဉ် မစတင်မီ၌ပင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို လျှော့ချမည် (သို့တည်းမဟုတ်) ပယ်ဖျက်မည်ဟူသော သတင်းတို့ ထွက်ပေါ်နေခဲ့ပါသည်။ အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ရာ၌ အမေရိကန်အစိုးရသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှုကို ထင်ဟပ်ကိုယ်စားပြုသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ်ဆိုသောအချက်အပေါ် အလေးအနက်ထားသုံးသပ်မည်ဟုယုံကြည်ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်နိုင်ငံခရီးစဉ်က အကျိုးသက်ရောက်စေမည့်သတင်းဖြစ်ရပ်တို့ကို ဆက်စပ်တင်ပြလိုပါသည်။ စက်တင်ဘာလ ၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော **Baker & Mc Kenzie** ၏ မြန်မာနိုင်ငံတရားဥပဒေ အခင်းအကျင်းနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု ဆွေးနွေးပွဲသတင်းထုတ်ပြန်ချက်များအရ လူထုအစိုးရသစ်၏ လုပ်ဆောင်ချက်များအပေါ် အသိအမှတ်ပြု ကြိုဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ မြန်မာနိုင်ငံအတွင်း ဆက်လက်ဝင်ရောက်လာမည့် အလားအလာတို့ကိုလည်း **Baker & Mc Kenzie** က ဖော်ထုတ်တင်ပြခဲ့ပါသည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(**IMF**)၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၅ ခုနှစ်၌ ဒေါ်လာ ၆၇ ဘီလီယံ၊ ၂၀၁၆ ခုနှစ်၌ဒေါ်လာ ၇၄ ဘီလီယံ၊ ထိုမှတစ်ဆင့် ဒေါ်လာ ၈၂ ဘီလီယံအထိခန့်မှန်းထားကြောင်းသိရှိရပါသည်။ ပြည်ပကုမ္ပဏီတို့က မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေး စဉ်းစားသုံးသပ်ရာ၌ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော အရေးယူပိတ်ဆို့မှုက အရေးကြီးသော အချက်တစ်ရပ်အဖြစ် ပါဝင်နေပါသည်။

ကမ္ဘာ့နိုင်ငံတို့၏ ဆောက်လုပ်ရေးစက်မှုဈေးကွက်တို့အား လေ့လာသုတေသနပြုလုပ်၍ စာတမ်းများပြုစုရောင်းချသော **Construction Intelligence Center** ၏ ထုတ်ပြန်ချက်အရမြန်မာနိုင်ငံ၏ဆောက်လုပ်ရေးလုပ်ငန်း တန်ဖိုးသည် ၂၀၁၅ ခုနှစ်တွင် ၈ဒသမ ၂ ဘီလီယံရှိခဲ့ပါသည်။ နှစ်စဉ်တိုးတက်နှုန်းသည် ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး ငါးနှစ်တာကာလအတွင်း ဒေါ်လာ ၁၃ ဒသမ ၅ဘီလီယံအထိ တိုးတက်လာမည်ဟုခန့်မှန်းထားပါသည်။ ဤသို့သော ခန့်မှန်းချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်လာရေးသည် အရေးပါသော အချက်တစ်ရပ်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ရန်ကုန်မြို့၌ ဆောက်လုပ်နေသော **Sheraton Hotel** ၏ ဆောက်လုပ်ရေးလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဟူသော သတင်းထွက်ပေါ်လာပါသည်။ **Sheraton Hotel** သည် ကမ္ဘာ၌ ဂုဏ်သတင်းကြီးမားသော ဟိုတယ်လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

သို့သော် ဤဟိုတယ်လုပ်ငန်းစီမံကိန်း၌ ရှယ်ယာထည့်ဝင်ထားကြသော ဆောက်လုပ်ရေးလုပ်ငန်းရှင်တချို့သည် ဆောက်လုပ်ရေးလုပ်ငန်းများ ကျဆင်းနေ၍ ရှယ်ယာဆက်လက်ထည့်ဝင်ရန် အခက်အခဲများ ရှိနေသည်ဟူသော သတင်းများလည်းထွက်ပေါ်နေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအပါအဝင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ငွေကြေးလိုအပ်ချက်ဖြည့်ဆည်းရေးအတွက် နိုင်ငံတကာ ဘဏ်များ၏ ချေးငွေရယူရာတွင် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ်ချမှတ်ထားသောအရေးယူပိတ်ဆို့မှုသည် အရေးပါသော အချက်တစ်ရပ်ဖြစ်ပါသည်။ ခြုံငုံတင်ပြရပါက အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအရပ်ရပ်တို့ကို ထည့်သွင်းသုံးသပ်လျက် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ ယုံကြည်ကိုးစားမှုကို ထင်ဟပ်ကိုယ်စားပြုသော နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ခရီးစဉ်အပေါ် အလေးအနက်ထားသုံးသပ်သွားမည်ဟု ယုံကြည်မျှော်လင့်ကြောင်း တင်ပြအပ်ပါသည်။ ။



## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၀**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်လူကုန်ကူးမှုတိုက်ဖျက်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ်ဇော်မင်းက လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် အခြေခံပညာကျောင်းပေါင်းစုံ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ခံနိုင်ဝန်ရှိသော ထရန်စဖော်မာလဲလှယ်ပေးရန်မျှော်လင့်

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁/ အနော်မာရပ်ကွက် ဇင်္ဂမလမ်းနှင့် အနော်မာလမ်းထောင့်ရှိ ထရန်စဖော်မာသည် သုံးစွဲမှုအားမညီမျှသဖြင့် မကြာခဏဆိုသလို ပေါက်ကွဲမှုများဖြစ်ပေါ်လေ့ရှိသည်။ ထိုသို့ဖြစ်ပေါ်သည့်အခါတိုင်း အနီးအနားရှိ ပြည်သူများ၊ လမ်းသွားလမ်းလာများအထိတ်တလန့်ဖြစ်ပြီး စိုးရိမ်လျက်ရှိပါသည်။ ထိုသို့ဖြစ်ပြီးတိုင်း မီးပြတ်တောက်မှုများကြုံတွေ့ရလေ့ရှိပါသည်။

သို့ပါ၍ ခံနိုင်ဝန်ရှိသော ထရန်စဖော်မာနှင့်လဲလှယ်တပ်ဆင်ပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိကြပါသည်။ ထို့အပြင် ၁/အနော်မာရပ်ကွက်အတွင်း ရွှေမေတ္တာအပြင်လမ်း၊ ရွှေမေတ္တာအတွင်းလမ်း၊ အနော်မာ (၁၅) လမ်းနှင့် (၁၆) လမ်းဧရိယာတွင် ပါဝါလိုင်းကြိုးအသစ်များလဲလှယ်ရန် ကျန်ရှိနေသည့် အတွက် လျှပ်စစ်အန္တရာယ်စိုးရိမ်တတ်ကြသော ပြည်သူများက လိုင်းကြိုးအသစ်များ လဲလှယ်ပေးရန်မျှော်လင့်နေကြကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**



# စစ်တွေမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးပေးမည်

**စစ်တွေ စက်တင်ဘာ ၁၀**

စစ်တွေမြို့နယ်အတွင်းရှိ အသက်ကိုးလမှ ၁၅ နှစ်ရှိသူ ၉၉၀၀၀ ခန့်အား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် အစီအစဉ်ကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေါက်တာသောင်းလှိုင် တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်မှ ကာကွယ်ဆေးထိုးနှံပေးမည့်သူများ တက်ရောက်ကြသည်။

ကာကွယ်ဆေးထိုးနှံပေးမှုကို ဆေးထိုးအဖွဲ့များက စုရပ်များသတ်မှတ်ပေးပြီး စက်တင်ဘာ ၁၆ ရက်မှ ၂၆ရက်အထိ တောရောမြို့ပါ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုစစ်တွေမြို့နယ် တစ်ခုတည်းကို ကာကွယ်ဆေးထိုးရတယ်ဆိုတာက ဆေးအခက်အခဲကြောင့်မို့လို့ပါ။ ကျွန်တော်တို့လည်း ရခိုင်တစ်ပြည်နယ်လုံးကို ထိုးပေးချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဆေးလုံးရေတစ်သိန်းပဲ တောင်းလို့ရပါတယ်။ အခု ၉၉၀၀၀ ခန့်ကို ပေးပြီးတော့ ကျန် ၁၀၀၀ ကို ပြည်နယ်မှာ အရန်အဖြစ် ထားပေးပါတယ်။ အရင်နှစ်က ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်သွားတဲ့ မြို့နယ်တွေမှာတော့ အရင်နှစ်ကတည်းက ဖြစ်ပွားတဲ့နယ်မြေတွေအလိုက် ထိုးပေးခဲ့ပါတယ်။ အခုကတော့ ဆေးလုံလောက်မှု မရှိတာကြောင့် စစ်တွေတစ်မြို့နယ်ကိုပဲ ပြည့်ပြည့်စုံစုံ အကြားအလပ်မရှိအောင် ထိုးပေးသွားမှာပါ" ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။



ရခိုင်ပြည်နယ်တွင် ယခင်နှစ်က စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များ၌ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားခဲ့ပြီး အချို့မှာသေဆုံးခဲ့သည်။ ယခုနှစ်တွင် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်မြို့နယ်များ၌ အချို့နေရာများတွင် ထပ်မံဖြစ်ပွားနေကြောင်း၊ ရခိုင်ပြည်သူများက ပြည်နယ်တစ်ခုလုံးကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးပေးရန် ဆန္ဒရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုကြီးစော**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၀-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၆.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၀၇၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# (၄၉)ကြိမ်မြောက် အဘိဓမ္မာ (၇)ကျမ်း စာတော်ပြန်ဆိုပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၀**

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက ကြီးမှူးကျင်းပသော (၄၉)ကြိမ်မြောက် အဘိဓမ္မာ (၇)ကျမ်း စာတော်ပြန်ဆိုပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်များ၊ စာစစ်ဆရာတော်များနှင့် ဆရာတော်သံဃာတော်များက ပရိတ်တရားများ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက အဘိဓမ္မာစာတော်ပြန်ဆိုပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။ **(ယာပုံ)**

ယင်းနောက် အသင်းကြီး၏ ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ဩဝါဒကထာ နာယူကြပြီး စာပြန်ပုဂ္ဂိုလ်များအား ဓမ္မာသနပလ္လင်တော် အပ်နှင်းကြသည်။

ထို့နောက် ဓမ္မဗိမာန်တော်ဆောက်လုပ်ရေးအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အသင်းဥက္ကဋ္ဌတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဘိဓမ္မာ(၇)ကျမ်း အာဂုံစာတော်ပြန်ဆိုပွဲကို ယနေ့မှ စက်တင်ဘာ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သံဃာတော် ၁၆၈ ပါး၊ သီလရှင် အပါး ၁၂၀ နှင့် လူပုဂ္ဂိုလ် ၁၂၂၀ တို့ အာဂုံစာတော်ပြန်ဆိုကြမည်ဖြစ်သည်။

**(သတင်းစဉ်)**



# မိုးမိတ်စေတီတော်များ(၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယမဟာမင်္ဂလာပွဲတော်ကြီးနှင့် (၆၈)ကြိမ်မြောက် တိပိဋကနိကာယစာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်

**မန္တလေး စက်တင်ဘာ ၁၀**

ကျေးဇူးတော်ရှင် အာဒိကမ္မိက မင်းကွန်းတိပဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး တည်ထားသော စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်အတွင်းရှိ မိုးမိတ်စေတီတော်ကြီးများ (၅၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယမဟာမင်္ဂလာပွဲတော်ကြီးနှင့် (၆၈) ကြိမ်မြောက် တိပိဋကရေစာမေးပွဲကြီးတွင်အောင်မြင်တော်မူကြသော တိပိဋကနိကာယစာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် စီမံအုပ်ချုပ်မှု မဟာနာယက ဆရာတော်ကြီးများဖြစ်သော တိပိဋကဓရေ၊ တိပိဋကကောဝိဒ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများဖြစ်သည့် မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာ လင်္ကာရ၊ မြင်းခြံဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၊ ရမ္မာဝတီဆရာတော်ဘဒ္ဒန္တကုဏ္ဍပါလနှင့် ဘုတလင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယတို့အား ပူဇော်ပွဲ မင်္ဂလာအခမ်းအနားတို့ကို တိပိဋကနိကာယကျောင်းတော်၌ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းနှင့် စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတို့က ကျင်းပရာ မြန်မာနိုင်ငံ အရပ်ရပ်မှ အလှူရှင် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ကျေးဇူးတော်ရှင် အာဒိကမ္မိက မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုရည်မှန်းပူဇော်သောအားဖြင့် တစ်မိနစ်ငြိမ်သက်ကာ ပူဇော်ကန်တော့ကြပြီး မြန်မာနိုင်ငံ၏ (၁၃) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုဏ္ဍာစရိယ ဘုတလင်ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက် တည်ကြသည်။ **(အပေါ်ပုံ)**

ယခုနှစ်ကျင်းပသည့် ဗုဒ္ဓပူဇနိယစာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် စီမံအုပ်ချုပ်မှု မဟာနာယက ဆရာတော်ကြီး ငါးပါးတို့အား ပူဇော်ပွဲတို့တွင် မင်းကွန်းတောင်ရိုးရှိ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် နိကာယကျောင်းတိုက်တွင် ပညာသင်ယူခဲ့ကြသော ပင့်သံဃာတော် စုစုပေါင်း ၇၀၀ ကျော်နှင့် ရှင်သာမဏေ ၅၀၀ ကျော်တို့အား သင်္ကန်းဒွိစုံနှင့်တကွ ဆွမ်းကြီးလောင်းလှူခြင်း၊ သီလရှင်ဆရာကြီး၊ ဆရာလေး အပါး ၄၀၀ကျော်တို့အား သီလရှင်ဝတ်ရုံနှင့် နဝကမ္မဝတ္ထုများ လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကျော် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် မြန်မာနိုင်ငံဓမ္မတက္ကသိုလ်(အင်းစိန်)တို့ပူးပေါင်း၍ စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ITBMU) နှင့် မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (MIT) (အင်းစိန်)တို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် The Fourth Academic Level Buddhist-Christian Dialogue စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဟောပြောခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ ထုံးတမ်းအစဉ်အလာများအရ မေတ္တာပို့ ဆုတောင်းများဖြင့် ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ ) ပါမောက္ခ ဒေါက်တာသန့်ဇင်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (MIT) (အင်းစိန်)မှ ကျောင်းအုပ်ဆရာကြီး ပါမောက္ခ ဒေါက်တာ ဆယ်မြူ အယ်ဝွန်လိန်းက အမှာစကားပြောကြားကာ စာတမ်းဖတ်ပွဲကို " In Search of Common Ground Out of Diverse Views and Practices" ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပပြီး စာတမ်းရှင်များက စာတမ်းများဖတ်ကြား ဆွေးနွေးကြသည်။

The Fourth Academic Level Buddhist- Christian Dialogue စာတမ်းဖတ်ပွဲအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် (ITBMU)နှင့် မြန်မာနိုင်ငံဓမ္မတက္ကသိုလ်(MIT) (အင်းစိန်) တို့ ပူးပေါင်း၍ တက္ကသိုလ်ကြီးနှစ်ခုတို့၏ ရင်းနှီးနွေးထွေးသောဆက်ဆံရေးအပေါ် အခြေခံကာ ပညာရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အပြန်အလှန် ပူးပေါင်း ဆောင်ရွက်စေရန်၊ ဘာသာ အသီးသီး၏ အယူအဆ၊ ရှုထောင့်၊ အတွေးအခေါ်၊ ယုံကြည်မှုများကို တန်ဖိုးထားလေးစားကာနားလည်မှု အလွဲများကို ပွင့်လင်းမြင်သာစွာ ဖယ်ရှားရန်၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း ကွဲပြားသောအမြင် အမျိုးမျိုးမှ ဘာသာတရားအဆုံးအမများကို အခြေခံကာ လက်တွေ့ကျသည့် ငြိမ်းချမ်းရေးကိုခိုင်မာစွာတည်ဆောက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ်မှ စတင်ကာ တက္ကသိုလ်တစ်ခုတွင် တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျ ကျင်းပရာ ယခုစတုတ္ထကြိမ်မြောက်ကို အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (ITBMU)၌ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့စာတမ်းဖတ်ပွဲသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်(ITBMU) မှ သင်တန်းသားရဟန်းရှင်လူပုဂ္ဂိုလ် ၁၅၀ နှင့် မြန်မာနိုင်ငံဓမ္မတက္ကသိုလ် ( MIT)(အင်းစိန်) မှ သင်တန်းသား သင်တန်းသူ ၁၅၀ အပါအဝင် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးကြကြောင်းသိရသည်။

**( သတင်းစဉ်)**

# လူရည်ချွန်အသင်း အထက်မြန်မာနိုင်ငံက စာပေဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးမြို့လူရည်ချွန် (၁၉၆၄/၁၉၆၈) အဖွဲ့ အထက်မြန်မာနိုင်ငံက ကြီးမှူးကျင်းပသည့် စာပေဗဟုသုတပြန့်ပွားလိုသောရည်ရွယ်ချက်ဖြင့် စာပေဟောပြောပွဲကို စက်တင်ဘာ ၁၀ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၃၅ လမ်း၊ ၆၆× ၆၇ လမ်းကြား ရှမ်းတိုင်းရင်းသားများလူမှုရေး အသင်းရုံးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် လူရည်ချွန်အသင်းသို့ ငွေကြေးလှူဒါန်းပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မန္တလေးမြို့ အမှတ် (၁၈၁) ၃၅ လမ်း၊ ၇၇×၇၈ လမ်းကြား မဟာအောင်မြေမြို့နယ်နေ ဦးပြည့်ဖြိုးအောင်၊ မမေခလာမျိုးဝင်းတို့က အလှူငွေကျပ် ၁၀ သိန်း၊ မန္တလေးမြို့ဦးခင်မောင်ချို KMC အထက်တန်းကျောင်းက ငွေကျပ်ငါးသိန်းတို့ကို လူရည်ချွန်အသင်း အထက်မြန်မာနိုင်ငံ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဦးမောင်မောင်လေး (အငြိမ်းစား)ထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

စာပေဟောပြောပွဲတွင် ဒေါက်တာမောင်မောင်လေး (မြန်မာစာပါမောက္ခ အငြိမ်းစား)က 'ဖြတ်သန်းခြင်း' ကို လည်းကောင်း၊ စည်သူဦးတင်လှိုင် (အမျိုးသားစာပေဆု တစ်သက်တာစာပေဆုရ) လယ်တွင်းသားစောချစ်က 'ဘဝစာမေးပွဲကိုစိန်ခေါ်ပါ' ကို လည်းကောင်း ဟောပြောကြကြောင်း သိရသည်။ **ရွှေလင်းပြည့်စုံ**

**❒ ရှေ့ဖုံးမှ**

ပြိုင်ပွဲရေိယာအားလုံးတွင် အာဆီယံနိုင်ငံ တစ်နိုင်ငံလျှင် နှစ်ဦးနှုန်းဖြင့် ယှဉ်ပြိုင်နိုင်ပြီး တစ်မျိုးလျှင် ကျွမ်းကျင်သူနည်းပြတစ်ဦးက ကြီးကြပ်သူအဖြစ် လိုက်ပါဆောင်ရွက်နိုင်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်ရောက်ရန် အသက် ၂၂ နှစ်အောက် ဖြစ်ရမည်ဖြစ်ကာ ပြိုင်ပွဲသို့ တစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲကို မိမိအစီအစဉ် (Cost Sharing) ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လေ့ကျင့်စရိတ်၊ လေယာဉ်စရိတ်၊ နေထိုင်စားသောက်စရိတ်များကို မိမိဌာန၊ အဖွဲ့အစည်းများက ကျခံရမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပပေးသော နိုင်ငံမှ ပြိုင်ပွဲကျင်းပစဉ် အသုံးပြုသည့် စက်ကိရိယာနှင့် Material များကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲမကျင်းပမီ ခြောက်လခန့်ကတည်းက အိမ်ရှင်နိုင်ငံက နည်းပညာကော်မတီအစည်းအဝေး ပြုလုပ်ပြီး ပြိုင်ပွဲမေးခွန်းများ ဆွေးနွေးထားပြီးဖြစ်ကာ ယှဉ်ပြိုင်ကြမည့် နိုင်ငံများမှ အဖွဲ့အစည်းများ၊ အေဂျင်စီများမှ နည်းပြများ၊ ကျွမ်းကျင်သူများ တက်ရောက်ခွင့်ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဥပဒေအရ ကျွမ်းကျင်မှုပြိုင်ပွဲများ ကျင်းပကာ ပြည်တွင်းလုပ်သားထု၏ ကျွမ်းကျင်မှု အရည်အသွေးကိုမြှင့်တင်ရန် ဆောင်ရွက်နေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

(၁၁)ကြိမ်မြောက် အာဆီယံဒေသတွင်း ကျွမ်းကျင်မှုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စာရင်းပေးသွင်းနိုင်ပြီး နိုင်ငံအဆင့် လက်ရွေးစင် ကျွမ်းကျင်လုပ်သားများကို စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် နိုင်ငံအဆင့် ကျွမ်းကျင်မှုသင်တန်းအတွက် ကော်မတီများဖွဲ့စည်းလျက်ရှိကြောင်း သိရသည်။

(၆)ကြိမ်မြောက် အာဆီယံဒေသတွင်းပြိုင်ပွဲမှ စတင်ကာ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး (၁၀) ကြိမ်မြောက် အာဆီယံဒေသတွင်းကျွမ်းကျင်မှုပြိုင်ပွဲသို့ အလုပ်အကိုင် ခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်ရာအချက်အပြုတ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြောင်း သိရသည်။ ယခုနှစ်အတွက်လည်း ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးအစားများနှင့် ဖြေဆိုရမည့် အချိန်၊ လေ့ကျင့်သင်ကြားမှုများကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

*✻ ကျော်ဖုံးမှ*

ယခုကျင်းပသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ၁၄၅ ခန်းဖွင့်လှစ်၍ မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများအား ကဏ္ဍအလိုက် စုံလင်စွာ ပြသထားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိတို့သည် လိယွမ်အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်ခဲ့သည့်အတွက် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုများ ပိုမိုရရှိလာခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးကဏ္ဍများအတွက် အကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းတို့အတွက် တရုတ်နိုင်ငံအနေဖြင့် ဝမ်းမြောက်ကြောင်းပြောကြားရာ ဒုတိယသမ္မတကလည်း တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်လာပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်၍ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေးကိစ္စရပ်များကို ဆက်လက် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိတို့ လိယွမ်အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးစဉ်

# အကြိမ် (၂၀) မြောက် ပန်းချီ၊ ပန်းပု ဘွဲ့ယူ လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်တင်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ အကြိမ် (၂၀) မြောက် ပန်းချီ၊ ပန်းပု ဘွဲ့ယူ လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်တင်ဆက်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါတင်ဆက်ပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပထမပိုင်း အစီအစဉ်အရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက ကျယ်ပြောသာစွ ဆိုင်းဂီတအစီအစဉ်ကို ဆိုင်းအဖွဲ့ငါးဖွဲ့ဖြင့် ဖျော်ဖြေခြင်း၊ ရိုးသားမှုနှင့် ပျော်ရွှင်ပါ (ဘဲလေးအနုပညာ) အကဖြင့် ဖျော်ဖြေခြင်း၊ ရွှေရောင်နေ့သစ်ဆီသို့ (ကျောင်းဆင်းသီချင်း)ဖြင့် ဖျော်ဖြေခြင်း၊ NUAC သံဆန်းကို တီးခတ်ဖျော်ဖြေခြင်း၊ ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့၏ ပူးပေါင်းတင်ဆက်မှုအနေဖြင့် ရာမာယဏဇာတ်တော်ကြီးမှ ကောက်နုတ်ချက်တစ်ခုဖြစ်သော "မေတ္တာချစ်ခြင်း အလင်းအမှောင်" ဟု အမည်ရသော တေးသရုပ်ဖော်မှုကို ဂီတနှင့် သဘင်ပေါင်းစပ်မှုဖြင့် ဖျော်ဖြေခြင်းတို့အပြင် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာမိုးခေါ်ပွဲ(မှတ်တမ်းရုပ်ရှင်) ကို တင်ဆက်ပြသခဲ့ကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အဖြစ် ငြိမ်းချမ်းချစ်ကြည်မြစ်နဒီ (ရုပ်သေး) ဖြင့် လည်းကောင်း၊ ယတြာ (ပြဇာတ်)ဖြင့် လည်းကောင်း၊ ဘူရိဒတ်ဇာတ်တော်ကြီး ကောက်နုတ်ချက်တစ်ခုဖြစ်သော "ရှေ့ ပတ္တမြား ရှေ့ နဂါး" အစီအစဉ်ဖြင့် လည်းကောင်း၊ "အုံအုံးလေ" ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်လမ်းတိုကို လည်းကောင်း တင်ဆက်ဖျော်ဖြေခဲ့သည့်အပြင် ဘွဲ့ယူ ကျောင်းသား ကျောင်းသူများ၏ ပန်းချီ၊ ပန်းပုလက်ရာမွန်များကို ပြသထားသည့်အတွက် လာရောက်ကြည့်ရှုကြသည့် ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ အထူးနှစ်သက်အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# လူငယ်မူဝါဒ ရေးဆွဲရေးနှင့်ပတ်သက်၍ အသေးစိတ်လုပ်ငန်းအစီအစဉ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

လူငယ်မူဝါဒရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များတွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေးလုပ်ငန်းအဖွဲ့က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ဖိုရမ်များကျင်းပ၍ ဆောင်ရွက်နေမှုအခြေအနေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီက Youth Policy Development (UNFPA) အဖွဲ့နှင့် ဝန်ကြီးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများ၊ လူငယ်မူဝါဒရေးဆွဲရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် သတင်းမီဒီယာ၊ လူမှုကွန်ရက်များမှတစ်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အသေးစိတ်လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ဂျပန်-မြန်မာသက်မွေးမှုပညာသင်တန်းကျောင်း (အောင်ဆန်း) စီမံကိန်းကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်အေးသည် ဂျပန်နိုင်ငံအခြေစိုက် အာရှဒေသပတ်ဝန်းကျင် ကောင်းမွန်ရေးနည်းပညာပြန့်ပွားမှုအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ Akio Kawakami နှင့်အဖွဲ့အား စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာသက်မွေးမှုပညာသင်တန်းကျောင်း (အောင်ဆန်း) စီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်မှုများ၊ စီမံကိန်းနှင့်စပ်လျဉ်းပြီး လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်လုပ်ဆောင်ရမည့် စီမံကိန်းကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**





**ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက်က တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်လွင်လွင်အေးကျော် တက်ရောက်အမှာစကားပြောကြားစဉ်**
သန့်စင်(ပဲခူး)

# ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် လွှတ်တော်ရန်ပုံငွေ လွှဲပြောင်းပေးအပ်



**မိုးနဲ စက်တင်ဘာ ၁၀**

ဒေသခံပြည်သူများ အမှန်တကယ်လိုအပ်ပြီး ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများဖြစ်သည့် ရေရရှိရေး၊ တံတားတည်ဆောက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ၂၇ ခုအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ငွေကျပ်သိန်း ၁၀၀၀ ကို ဖွံ့ဖြိုးရေးလုပ်ငန်း တစ်ခုချင်းစီအလိုက် ပေးအပ်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး ဦးလုထွင်နှင့် မြို့နယ် မဲဆန္ဒနယ်အမှတ်( ၂ )မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်တို့က အမှာစကားပြောကြားပြီး မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့အတွင်း ရေရရှိရေးလုပ်ငန်းရှစ်ခုအတွက် ငွေကျပ် သိန်း ၂၇၀၊ တံတားတည်ဆောက်ရေးလုပ်ငန်းခုနစ်ခုအတွက် ငွေကျပ် ၁၆၈ သိန်းနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ၁၂ ခုအတွက် ငွေကျပ် ၅၆၂ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၀၀၀ ကို လုပ်ငန်းတစ်ခုချင်းစီအလိုက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပထမအရစ် ကနဦးထုတ်ပေးငွေ ၅၀ ရာခိုင်နှုန်းကိုပေးအပ်ရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ဂျပန်နိုင်ငံရှိ ရေအောက်ဥမင်တည်ဆောက်ထားမှုအား ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဩဂုတ် ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Umihotaru in Tokyo Bay Aqua-Line in Metropolitan Express-way ရှိ ရေအောက်ဥမင်တည်ဆောက်ထားမှုအား သွားရောက်ကြည့်ရှု လေ့လာသည်။ **(ယာပုံ)** ထို့နောက် JFE ရုံးခန်းတွင် ဥက္ကဋ္ဌ Mr. Hisanari Kano နှင့်တွေ့ဆုံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန နှင့် JFE တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေမှုများ၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ အင်ဂျင်နီယာများအား နည်းပညာအကူအညီနှင့် သင်တန်းပို့ချပေးရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်၍ ဂျပန်နိုင်ငံရှိ Rain-bow တံတား တည်ဆောက်ထားရှိမှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ Yamate Tunnel နှင့် Ohashi Junction ရှိ Urban area အတွင်းရှိ Tunnel တည်ဆောက်ထားရှိမှုတို့အား သွားရောက်ကြည့်ရှုလေ့လာသည်။

ထို့နောက် ဂျပန်နိုင်ငံ JBA နှင့် JRCA အသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သော လမ်း၊ တံတားဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး JBA နှင့် JRCA အသင်းတို့မှ တာဝန်ရှိသူများ၏ သိလိုသည့် မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဂျပန်နိုင်ငံရှိ NEXCO CENTRAL က တာဝန်ယူဆောင်ရွက်နေသော Takyo မြို့ Traffic Control Centre အား သွားရောက်ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ ဂျပန်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို ဆက်သွယ်သော Shiguok Prefec-ture ဒေသရှိ တောင်ကိုဖောက်၍ ဆောင်ရွက်နေသော Tarutoge Tunnel တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ကြည့်ရှုလေ့လာသည်။

ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများ၊ မူဝါဒများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ရာ ဂျပန်နိုင်ငံရှိ အဆင့်မြင့်နည်းပညာဖြင့် ဆောင်ရွက်သော လမ်း၊ တံတားများ၊ ဥမင်လိုဏ်ခေါင်း တည်ဆောက်ရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နေပုံများနှင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်နေမှုများကို လေ့လာခွင့်ရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကလေးစာပေပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ




**ရန်ကုန် စက်တင်ဘာ ၁၀**

ကလေးစာပေပြိုင်ပွဲမှထုတ်ဝေသည့် ကလေးရုပ်ပြစာအုပ်များကိုဖတ်ရှုခြင်းအားဖြင့် ကလေးများ၏မျှော်လင့်ချက်၊ ဇွဲသတ္တိ၊ မိမိကိုယ်ကိုတန်ဖိုးထားမှု၊ အကောင်းမြင်တွေးခေါ်မှု၊ သူတစ်ပါးကို ကိုယ်ချင်းစာတတ်မှု စသည့် အတွေးအခေါ်စိတ်ကူးတန်ဖိုးများကိုမြှင့်တင်ပေးနိုင်ရုံမက အခက်အခဲများကိုကျော်လွှားနိုင်သည့်စွမ်းရည်များကို မြှင့်တင်ပေးနိုင်ကြောင်း ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်းရုံး၌ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲ ကျင်းပသည့် ကလေးစာပေပြိုင်ပွဲ ၂၀၁၆ ခုနှစ် ဆုချီးမြှင့်ပွဲအခမ်းအနားမှ သိရသည်။

ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Aki Nakahara က "ပြိုင်ပွဲကတစ်ဆင့် ကလေးစာပေထုတ်ဝေရေးကို တိုးတက်စေဖို့၊ မြန်မာကလေးသူငယ်တွေကို စာဖတ်ခြင်းအလေ့အထများ မြှင့်တင်ပေးဖို့၊ ဒီရုပ်ပြစာအုပ်တွေကို နိုင်ငံတစ်ဝန်းမှာရှိတဲ့ ပြည်သူ့စာကြည့်တိုက်တွေကို အခမဲ့ထောက်ပံ့ပေးနိုင်ဖို့ဖြစ်ပါတယ်။ ကလေးတွေကို စာဖတ်ခြင်းအလေ့အထကို မြှင့်တင်ပေးခြင်းဖြင့် ကြီးပြင်းလာတဲ့အခါ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အရေးပါတဲ့အခန်းကဏ္ဍကနေ ထမ်းဆောင်နိုင်သူတွေဖြစ်လာပါလိမ့်မယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် ကလေးစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ဖတ်ရှုရန် ပြိုင်ပွဲတွင် 'တုံ့လှယ်မေတ္တာ' စာမူဖြင့် မောင်ရဲသူ (ရန်ကုန်တက္ကသိုလ်)က ပထမဆု၊ 'ဒိုဒိုနှင့် ငြိမ်းချမ်းရေး' စာမူဖြင့် ဆရာစိုးဇော် (ဆူးထက်အောင်)က ဒုတိယဆု၊ အသက်ခြောက်နှစ်မှ ရှစ်နှစ် အတွင်း ဖတ်ရှုရန် ပြိုင်ပွဲတွင် 'မိတ်ဆွေရင်း' စာမူဖြင့် ဆရာ မောင်ရဲသူ (ရန်ကုန်တက္ကသိုလ်) က ပထမဆု၊ အသက်ကိုးနှစ်မှ ၁၁ နှစ်အတွင်းဖတ်ရှုရန် ပြိုင်ပွဲတွင် 'တူယှဉ်တွဲလို့နေကြမယ်' စာမူဖြင့် ဆရာဝင်းဖေ(အဖျောက်)က ပထမဆု၊ 'ငြိမ်းချမ်းခြင်းဂေဟာ' စာမူဖြင့် ဆရာနေခြည်က ဒုတိယဆုဖြင့် စုစုပေါင်း ငါးဆုရရှိသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က "တတိယအကြိမ်မြောက် ချီးမြှင့်တာဖြစ်ပါတယ်၊ ပြိုင်ပွဲဝင်နိုင်အောင် သတင်းစာ၊ ရေဒီယို၊ ရုပ်သံကတစ်ဆင့် ခေါ်ယူခဲ့ပါတယ်။ စာသက်သက်မဟုတ်ဘဲ ပန်းချီရုပ်ပြပါတာကြောင့် ကလေးတွေကို အသိဉာဏ်ပေးဖို့ ပိုပြီးအထောက်အကူဖြစ်တယ်၊ ယှဉ်ပြိုင်တဲ့ခေါင်းစဉ်တွေက မိသားစုအကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းနဲ့ ငြိမ်းချမ်းရေးအကြောင်းတွေ ဖြစ်တယ်။ ပြိုင်တဲ့ပညာရှင်တွေအနေနဲ့ ကလေးတွေရဲ့အသက်နဲ့ကိုက်ညီတဲ့ ရေးဆွဲမှုတွေက ပိုပြီး အရေးကြီးတယ်။ ပြိုင်ပွဲမှာ ဒါက အမှတ်ပေးတာပါပဲ" ဟု ပြောသည်။

ပြိုင်ပွဲ ပထမဆုရ ဆရာဝင်းဖေ(အဖျောက်)က "၂၀၁၄ ခုနှစ်ကစပြီး ပြိုင်ခဲ့တာပါ၊ ပထမဆုရခဲ့တယ်၊ ကလေးတွေရဲ့စာပေဖွံ့ဖြိုးဖို့ ဘယ်လိုကြိုးစားရမလဲ၊ အထောက်အကူပြုရမလဲဆိုပြီး အမြဲတမ်းစဉ်းစားတယ်။ အရင်နှစ်က ဆုရတဲ့စာမူတွေကို အခမဲ့ဖြန့်ဝေပေးတယ်ဆိုတော့ ဝမ်းသာတယ်။ ကြိုးစားရကျိုးနပ်တယ်၊ ကလေးစာပေရဲ့လိုအပ်ချက်က လွယ်လင့်တကူသိရှိနိုင်တဲ့ အသုံးအနှုန်းတွေနဲ့ အတုယူသင့်တဲ့ဇာတ်လမ်းမျိုးကို ရွေးချယ်ရမယ်" ဟု ပြောသည်။

ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့သည် ၂၀၁၃ ခုနှစ်တွင် စာပေနှင့်ထုတ်ဝေရေးအစီအစဉ်များဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း၊ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၁၉၈၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် အဆိုပါအဖွဲ့သည် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် အာဖဂန်နစ္စတန်နိုင်ငံများ၏ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် တိုးတက်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း- မြတ်စန္ဒီ၊ ဓာတ်ပုံ - မွန်းဦးနဒီ**

# သထုံ၌ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် တပ်မတော်သားများအား မူခင်းအသိပညာပေး

**သထုံ စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ညွှန်ကြားချက်နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏စီစဉ်မှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက်က သထုံတပ်နယ်ရှိ အမှတ်(၉) စစ်အခြေခံလေ့ကျင့်ရေးတပ်သို့ သွားရောက်ကာ တပ်မတော်သားများအား မူခင်းများနှင့်ပတ်သက်သည့် အသိပညာများတိုးပွားလာပြီး ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကူညီပေးနိုင်ရန်အတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် မူခင်းအသိပညာဖြန့်ဝေမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမူခင်းအသိပညာပေးရွေ့လျားယာဉ်ပေါ်တွင် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှု၊ မူခင်းတစ်ခုဖြစ်ပွားလာပါက ရရှိနိုင်သော ပြစ်မှုပြစ်ဒဏ်များ၊ မူခင်းဖြစ်ပွားမှုနှင့် သက်ဆိုင်သည့် မှတ်တမ်းဓာတ်ပုံများ၊ အသိပညာပေးစာစောင်များ လက်ကမ်းကြော်ငြာများဖြင့် အသိပညာပေးခြင်းများဆောင်ရွက်ရာ အမှတ်(၉) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ စစ်သည်မိသားစုဝင် ၆၅၀ ခန့် လာရောက်လေ့လာခဲ့ကြပြီး သထုံတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့အားလုံးသို့သွားရောက်ကာ ယခုကဲ့သို့ အသိပညာပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# စာပေဗိမာန်က ကြီးမှူး၍ ဘာသာပြန်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့သော အစဉ်အလာကောင်းများရှိသည့် စာပေဗိမာန်သည် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်းပြီး လူငယ်များ ဘာသာပြန်စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ဘာသာပြန်ပြိုင်ပွဲကို ဒုတိယအကြိမ် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို အသက် (၁၈ နှစ်)မှ (၃၀ နှစ်)အတွင်း စိတ်ဝင်စားသူအားလုံး ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြန်ဆိုရမည့်စာအုပ်မှာ Asia / Pacific Co-publication Programme က ပြုစုဖြန့်ချိသော "Asian Stories for Young Readers" စာအုပ်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လိုသူများသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံး ဘာသာပြန်ဌာနစုတွင် ပြဋ္ဌာန်းစာအုပ်နှင့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံကို စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)နှင့်အတူ ကိုယ်တိုင်လာရောက်ပြီး အခမဲ့ ထုတ်ယူနိုင်ကြောင်း သိရသည်။

နယ်မှ ပြိုင်ပွဲဝင်လိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ပြဋ္ဌာန်းစာအုပ်ပေးပို့ခ ငွေကျပ် ၃၀၀၀ တို့နှင့်အတူ စာတည်းမှူးချုပ်၊ စာပေဗိမာန်ရုံး၊ အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ မှာကြားနိုင်သည်။

ဘာသာပြန်စာမူများကို ၁၇-၁၀-၂၀၁၆ ရက်မှ ၃၁-၁၂-၂၀၁၆ ရက်ထိ လက်ခံသွားမည်ဖြစ်ကြောင်း၊ စာမူများကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျ စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုတို့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း ပထမဆုရစာမူကို စာအုပ်အဖြစ် ရိုက်နှိပ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဘာသာပြန်ဌာနစု၊ စာတည်း (တာဝန်ခံ)၊ ဖုန်းနံပါတ် ၀၁-၂၄၉၂၃၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

(မိုး/ဇလ)

**တိုက်မောင်း**

# ရှုမငြီးတဲ့ ချစ်သမီးသို့(၃)

**သမီးရေ-**

အဖေ့စာကို ဖတ်နေရတဲ့အချိန်မှာ သမီးလေး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ အဖေလည်း နေကောင်းပါတယ်။ သမီးဆီကို ဒီတစ်ခေါက် စာရေးနောက်ကျသွားတဲ့အတွက် ခွင့်လွှတ်ပါ။ အကြောင်းကတော့သမီးရေ- အဖေတို့ဌာနဆိုင်ရာတွေမှာ အဲဒီကာလက အစိုးရသစ်ရဲ့မူဝါဒအရ ရက် ၁၀၀ စီမံချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နေရလို့ပဲ သမီး။

**ဒါနဲ့သမီးရေ-**

ပြီးခဲ့တဲ့လက သမီးဆီကို အဖေရေးခဲ့တဲ့စာထဲမှာ သမီးတို့အတန်းက သင်ကြားရတဲ့ ဘာသာရပ်တွေကို ဘယ်လိုခွဲဝေသုံးစွဲရမလဲဆိုတာနဲ့ပတ်သက်ပြီး ဒီလမှာ ရေးမယ်လို့ပြောထားတာ မှတ်မိသေးတယ် မဟုတ်လား။ ရည်မှန်းချက်ရှိတဲ့လူတစ်ယောက်ဟာ သူတို့ရဲ့တစ်နေ့တာ၊ တစ်လတာ၊ တစ်နှစ်တာ စတဲ့ အချိန်တွေကို စနစ်တကျစီမံခန့်ခွဲပြီး ချမှတ်ထားတဲ့လုပ်ငန်းဆောင်တာ၊ ရည်မှန်းချက်တွေဆီကို မရောက်ရောက်အောင် ကြိုးစားချီတက်နေကြတာပဲ သမီး။ အချိန်နှင့်ဒီရေသည်လူကိုမစောင့်၊ အချိန်ရှိခိုက်လုံ့လစိုက်၊ မိုးရွာတုန်းရေခံ စတဲ့စကားပုံတွေဟာ အချိန်ရဲ့တန်ဖိုး ဘယ်လောက်ကြီးမားတယ်ဆိုတာ သမီးလေးခန့်မှန်းမိမှာပါ။

လူတိုင်းလူတိုင်းဟာ တစ်နေ့မှာ ၂၄ နာရီပဲ ကိုယ်စီကိုယ်စီရကြတယ်။ ဘယ်သူ့ကိုမှ မျက်နှာလိုက်ပြီး တစ်မိနစ်၊ တစ်စက္ကန့်မှ ပိုပေးထားတာ မရှိပါဘူး။ ဒါပေမယ့် သုံးစွဲတဲ့သူတွေ အပေါ်မူတည်ပြီး အကျိုးရလဒ်ရရှိမှု အနည်းအများ ကွာခြားသွားကြတယ်။ ဥပမာဆိုကြပါစို့ အလယ်တန်းကျောင်းသားတစ်ယောက်ဟာ ကျောင်းသွားတဲ့အချိန်မှာ အင်္ဂလိပ်စာမီးနင်းငါးလုံး၊ ကျောင်းပြန်တဲ့အချိန်မှာ မီးနင်းငါးလုံးနဲ့ တစ်နေ့ကို မီးနင်း ၁၀ လုံး ပုံမှန်ကျက်ဖြစ်နေတယ်ဆိုရင် သူဟာတစ်လမှာ ကျောင်းဖွင့်ရက် ၂၂ ရက်နဲ့ တွက်တဲ့အခါ အင်္ဂလိပ်စာမီးနင်းအလုံးပေါင်း ၂၂၀ ကျက်မှတ်ရရှိနေမှာဖြစ်ပါတယ်။

သာမန်အားဖြင့် ကျောင်းသား ကျောင်းသူတွေဟာ ကျောင်းကို ပုံမှန်သွားကြပြန်ကြတာပဲမဟုတ်လားသမီး။ ဒါပေမယ့် အဲဒီကျောင်းသွား ကျောင်းပြန်အချိန်ကလေးကို အလဟဿမဖြစ်စေဘဲ မိမိအတွက် အကျိုးရှိစွာအသုံးချခဲ့သူ တစ်ယောက်ဟာ အခြားသူတွေထက် အင်္ဂလိပ်စာ ဝေါဟာရကြွယ်ဝမှုမှာတော့ သာလွန်နေလိမ့်မယ်လို့ အဖေယူဆတယ်။ အဲဒီလို ကျောင်းသွားကျောင်းပြန် အချိန်ကလေးကအစ အကျိုးရှိအောင် အသုံးချတတ်မယ်ဆိုရင် သမီးဟာ အချိန်ကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်တဲ့သူ ဖြစ်လာလိမ့်မယ်လို့ အဖေယုံကြည်ပါတယ်။

**သမီးရေ-**

အလယ်တန်းပညာဆိုတာ အခြေခံအဆင့် ဘာသာရပ်တွေကို စတင်မြည်းစမ်းခွင့်ပေးရာကနေ တဖြည်းဖြည်း ကျယ်ပြန့်စွာလေ့လာဖို့ အစပျိုးတဲ့အနေအထားမှာပဲ ရှိနေသေးတယ်လို့ပြောရမယ်။ သမီးတို့အတန်းမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ပထဝီနဲ့ သမိုင်းစတဲ့ ဘာသာရပ်ခြောက်ခု ရှိတယ်ဆိုပါစို့။ ဘာသာရပ်အားလုံးကို ကျောင်းသားတိုင်း စိတ်ဝင်စားမှာမဟုတ်ဘူးဆိုတာ အဖေပြောရဲတယ်။ ဘာလို့လဲဆိုတော့ အဖေလည်း သမီးတို့လိုပဲ ကျောင်းသားဘဝအရွယ်ကို ဖြတ်သန်းခဲ့ဖူးတာပဲလေ။ အဓိကကတော့ ကိုယ်က ဘယ်ဘာသာမှာ အားသာတယ်၊ အားနည်းတယ်၊ စိတ်ဝင်စားမှုလျော့ကျနေတယ်ဆိုတာ သိထားဖို့လိုပါတယ်။

တစ်ခါတစ်ရံမှာ ကျောင်းတွင်းစာမေးပွဲရမှတ်တွေဟာ သမီးတို့ရဲ့ဖတ်၊ မှတ်၊ နားလည်နိုင်စွမ်းကို အကဲဖြတ်နိုင်သလို၊ ကိုယ်ဘယ်ဘာသာမှာ သိသိသာသာညံ့နေသလဲဆိုတာ ထင်သာမြင်သာရှိစေတယ်။ ဥပမာ မြန်မာစာမှာ စာစီစာကုံးရေးသားလေ့ကျင့်ဖို့ ကျောင်းသား ကျောင်းသူတွေ အတော်များများ စိတ်မဝင်စားကြဘူးဆိုတာ သိရတယ်။ စာစီစာကုံးဆိုတဲ့ အဓိပ္ပာယ်ကိုက အကြောင်းအရာတစ်ခုကို အချိတ်အဆက်မိမိနဲ့ စီကာပတ်ကုံး၊ ဖွဲ့နွဲ့ရေးသားရတာဖြစ်လို့ စာဖတ်အားကောင်းဖို့လိုတယ်သမီး။ အပတ်စဉ်ကျောင်းပိတ်ရက် (စနေ၊ တနင်္ဂနွေ) တစ်ရက်ရက်မှာ သီးခြားအချိန်ပေးပြီး တစ်နာရီ၊ နှစ်နာရီစသဖြင့် ဖတ်မယ်၊ မှတ်မယ်၊ အရေးလေ့ကျင့်မယ်ဆိုရင် အလယ်တန်းအဆင့်တင်မကပဲ တက္ကသိုလ်ဝင်တန်းအထိ အထောက်အကူဖြစ်လိမ့်မယ်လို့ ဖေဖေထင်တယ်။

**သမီးရေ-**

တကယ်တော့ အချိန်ဇယားဆိုတာ သမီးတို့ကျောင်းသားကျောင်းသူတွေမှ လိုအပ်တာမဟုတ်ပါဘူး။ အသက်အရွယ်အလိုက်၊ အလုပ်အကိုင်အရ နေရာတိုင်းမှာ စေ့စေ့စပ်စပ်နဲ့ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်ချင်သူတွေအဖို့ နေ့စဉ်လုပ်ငန်းဇယားတွေ ရေးဆွဲထားလေ့ရှိကြတယ်။ ကမ္ဘာကျော်တဲ့ပုဂ္ဂိုလ်ကြီးတွေ၊ နိုင်ငံတော်အကြီးအကဲတွေ၊ အရေးကြီးပုဂ္ဂိုလ်တွေမှသာ အလုပ်နဲ့ပတ်သက်လို့ အချိန်ဇယားတွေ ထားရှိရတာမဟုတ်ပါဘူး။ သာမန်လူတစ်ယောက်အနေနဲ့လည်း မိမိရဲ့ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေနဲ့ပတ်သက်လို့ အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်မယ်ဆိုရင် အောင်မြင်တဲ့လမ်းကြောင်းပေါ်ကို မလွဲဧကန် ရောက်ရှိမှာအမှန်ပဲဖြစ်ပါတယ်။

သမီးကို အဖေငယ်ငယ်တုန်းကနေ အခုချိန်ထိ နေ့စဉ်မပြတ်ပြုလုပ်လာခဲ့တဲ့ အလေ့အကျင့်လေးတစ်ခုကို ပြောချင်သေးတယ်။ အဲဒါဘာလဲဆိုတော့ နေ့စဉ်မှတ်တမ်းရေးတာပဲသမီး။ အဖေ ရှစ်တန်းကျောင်းသားအရွယ်ကစပြီး ရေးလာခဲ့တာ အခုချိန်ထိပဲဆိုပါတော့။ နေ့စဉ်မှတ်တမ်းထဲမှာ ဒီနေ့ဘာတွေလုပ်ခဲ့သလဲဆိုတာတွေကို ညအိပ်ရာမဝင်ခင်လေး စဉ်းစားရတယ်။ မှတ်တမ်းတင်သင့်တဲ့အချက်ကို ချရေးတယ်။ သာမန် ထမင်းစားရေသောက်ကိစ္စတွေကို ထည့်မရေးဘူး။

ရေးတဲ့အကြောင်းအရာတွေကတော့ အသက်အရွယ်အလိုက် ကွာခြားနေတာပေါ့သမီးရယ်။ အထက်တန်းကျောင်းသား အရွယ်တုန်းက အဖေဘာတွေရေးခဲ့တယ်ဆိုတာတော့ ကောင်းကောင်း မမှတ်မိတော့ဘူး။ အဖေ့ရဲ့ မွေးရပ်မြေက အိမ်မှာတော့ နေ့စဉ်မှတ်တမ်းအဟောင်းလေးတွေ ကျန်နေဦးမယ်ထင်ပါတယ်။ ကျောင်းသားတစ်ယောက်အဖို့ ဒီနေ့ ဘယ်ဘာသာကို ကျက်မှတ်မယ်၊ ဘယ်အကြောင်းအရာတွေကိုတော့ ဘယ်နေ့အပြီးလုပ်မယ်။ လာမယ့်အပတ်မှာလုပ်ရမယ့် အရေးကြီးကိစ္စတွေရှိရင် ပြုလုပ်ရမယ့်နေ့ကို နေ့စဉ်မှတ်တမ်းမှာ ကြိုတင်မှတ်တမ်းတင်ထားတော့ အချိန်ကိုက်လုပ်ရမယ့် အလုပ်တွေကို မေ့မနေစေတဲ့အပြင် သတိပေးရာလည်းရောက်လို့ အတော်လေးအကျိုးရှိတယ်ဆိုတာ အဖေ့ကိုယ်တွေ့မို့ သမီးလေးကိုလည်း နေ့စဉ်မှတ်တမ်းရေးတဲ့အကျင့်ကို စပြီးလုပ်ဖို့ တိုက်တွန်းချင်တယ်။ နေ့စဉ်မှတ်တမ်းဟာ နောင်တစ်ချိန်မှာ တိကျတဲ့သမိုင်းကြောင်းတွေအဖြစ်နဲ့လည်း ကျန်ရစ်နိုင်တာမို့ အခုချိန်ကစရေးလည်း နောက်မကျသေးပါဘူးသမီး။

**သမီးရေ-**

မောင်လေးရော နေကောင်းရဲ့လား။ ကျောင်းကားရော အချိန်မှန်ရောက်ရဲ့လား။ အဆင်မပြေတာရှိရင် မေမေကြီးကို ပြောပါ။ တကယ်တော့သမီးလေးရေ- လူ့ဘဝဆိုတာ အချိန်ခဏလေးပါပဲ။ အဖေတို့ရဲ့စာပေတွေမှာရော၊ ရှေးလူကြီးသူမတွေရဲ့ပြောစကားတွေအရရော မြန်မာလူမျိုးတွေဟာ လူ့ဘဝရဲ့အချိန်တွေကို ပိုင်းဖြတ်ရာမှာ အရွယ်သုံးမျိုးနဲ့ ဥပမာပေးပြီး နှိုင်းယှဉ်သုံးသပ်ကြတာကို တွေ့ရပါတယ်။

ပထမမှာအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုပြီးတော့ ယေဘုယျဆန်ဆန် ခွဲခြားခဲ့ကြတယ်။ အခုခေတ်လူအချို့ကတော့ ပညာရှာတဲ့အရွယ်နဲ့ပတ်သက်ပြီး ပထမအရွယ်ဆိုတာကို သိပ်လက်မခံချင်ကြတော့ဘူး။ ပညာဆိုတာ ပထမအရွယ်(အဖေ့တို့ဆီမှာ ဘွဲ့ရပြီးတဲ့အရွယ်လို့ အကြမ်းဖျင်းဆိုရမယ်) တင်မကပဲ တစ်သက်လုံး ဆည်းပူးသင်ယူနေရမယ်လို့ နောက်ပိုင်းပညာရှင်တွေက ဆိုလာကြတယ်။

## အခုခေတ်လူအချို့ကတော့ ပညာရှာတဲ့အရွယ်နဲ့ပတ်သက်ပြီး ပထမအရွယ်ဆိုတာကို သိပ်လက်မခံချင်ကြတော့ဘူး။ ပညာဆိုတာ ပထမအရွယ်(အဖေ့တို့ဆီမှာ ဘွဲ့ရပြီးတဲ့အရွယ်လို့ အကြမ်းဖျင်းဆိုရမယ်)တင်မကပဲ တစ်သက်လုံး ဆည်းပူးသင်ယူနေရမယ်လို့ နောက်ပိုင်းပညာရှင်တွေက ဆိုလာကြတယ် . . .

ဒီအယူအဆဟာလည်း အဖေ့အမြင်တော့ မှန်တယ်လို့ထင်တယ်။ ဘာလို့လဲဆိုတော့ အဖေ့တို့နိုင်ငံမှာ တက္ကသိုလ်တစ်ခုခုက ဘွဲ့တစ်ခုခုရရှိပြီးပြီဆိုရင် ပညာသင်တာပြီးဆုံးပြီလို့ များသောအားဖြင့် ကုန်လွန်ခဲ့တဲ့ကာလတစ်ခုဆီက ထင်မြင်ယူဆခဲ့ကြတယ်။ နောက်တစ်ခုက လုပ်ငန်းခွင်ထဲ ရောက်သွားကြတော့ ပညာဆက်လက်ဆည်းပူးလေ့လာမှုအပိုင်းဟာ တဖြည်းဖြည်းနဲ့ ကင်းကွာလာခဲ့ကြရတယ်။ ဒါဟာ ဘာနဲ့အဓိက ဆက်စပ်နေလဲဆိုတော့ မိမိတို့သင်ကြားခဲ့တဲ့ ဘာသာရပ်ဆိုင်ရာပညာနဲ့ လုပ်ငန်းခွင်မှာဆောင်ရွက်နေရတာ အံဝင်ခွင်ကျမဖြစ်မှုရဲ့အကျိုးဆက်လို့ ပြောရတော့မှာပဲသမီး။ သင်ကြားခဲ့တဲ့ ပညာရပ်တစ်ခုကို ဒါမှမဟုတ် အခြားဘာသာရပ်တစ်ခုခုကို ဆက်လက်လေ့လာဖို့ဟာ ကာယကံရှင်ရဲ့ကြိုးစားအားထုတ်မှုနဲ့ တိုက်ရိုက်သက်ဆိုင်သလို၊ အချိန်ကို စနစ်တကျအသုံးချခဲ့ကြလို့ သူတို့ရဲ့လုပ်ငန်းခွင်မှာ ဆရာတစ်ဆူဖြစ်နေကြသူတွေလည်း အများကြီးရှိနေတာပါပဲသမီး။

**သမီးရေ-**

စာလည်း ရှည်သွားပြီ။ သေချာတာကတော့ သမီးလေးဟာ ပညာရှာတဲ့အရွယ်ဆိုတာပါပဲ။ အခုလို ငယ်စဉ်အခါ ပညာရှာတဲ့အရွယ်မှာ ရရှိတဲ့အချိန်တွေကို အလဟဿမဖြစ်စေဘဲ ထိထိရောက်ရောက် အသုံးချနိုင်သူလေးဖြစ်ပါစေ။ အခုဆိုရင်လူကြီးလူငယ်တွေ အတော်များများရဲ့အချိန်တွေကို facebook ဆိုတဲ့ ကိုင်တွယ်လို့မရတဲ့ လူမှုမီဒီယာတစ်ခုက လွှမ်းမိုးချုပ်ကိုင်နေတာကို တွေ့မြင်နေရတယ်။ ဒီအကြောင်းကို သမီးဆီ ပထမဆုံးရေးတဲ့စာထဲမှာ ပါပြီးဖြစ်လို့ အကျယ်မချဲ့လိုတော့ပါဘူး။

သမီးလေးကတော့ အချိန်တွေကို ကောင်းမွန်စွာ အကျိုးရှိရှိအသုံးချပြီး ရည်မှန်းချက်ကို မရောက်ရောက်အောင်သွားမယ်ဆိုတာ အဖေယုံကြည်ပြီးသားပါ။ နောက်လကျမှပဲ ကျန်းမာရေးနဲ့ အားကစားဟာ ပညာရေးမှာ ဘယ်လိုအရေးပါတယ်ဆိုတာ ဆက်ရေးတော့မယ်။ နောင်ရင့်ကျက်လာတဲ့ ဒီမိုကရေစီနိုင်ငံအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ်နဲ့ ပါဝင်ဆောင်ရွက်နိုင်တဲ့ အရည်အသွေးပြည့်မီတဲ့ သမီးရတနာလေး ဖြစ်ပါစေလို့ ဆုတောင်းရင်း...

**အဝေးရောက်ဖေဖေ**

**တိုက်မောင်း**

---

# ဖေ့စ်ဘုတ်တွင် သတင်းပျံ့နှံ့ခဲ့သော ဆိုင်ကယ်စီးလုယက်သူသုံးဦးကို ဖမ်းမိ

**ရန်ကုန် စက်တင်ဘာ ၁၀**

ဖေ့စ်ဘုတ်ပေါ်တွင် တာဝန်သိပြည်သူတစ်ဦးက ဓာတ်ပုံရိုက်တင်ပေးခဲ့ရာမှ ဩဂုတ် ၂၇ ရက်မှစ၍ သတင်းပျံ့နှံ့ခဲ့သော သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းမှ ဆိုင်ကယ်စီးလုယက်မှုကျူးလွန်သူ လူငယ်သုံးဦးကို မြောက်ဥက္ကလာပမြို့နယ်၌ စက်တင်ဘာ ၉ ရက် နံနက် ၃ နာရီခန့်က ဖမ်းမိခဲ့ကြောင်းနှင့် ဖေ့စ်ဘုတ်ပေါ်တွင် ဖော်ပြခဲ့သော အဆိုပါလုယက်မှုအပြင် ၎င်းတို့ကျူးလွန်ခဲ့သော အခြားအမှုများကိုပါ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



မြောက်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် သုခမ္မာလမ်းမရှိ စည်းစိမ်ရှင်လက်ဖက်ရည်ဆိုင်၌ အဆိုပါ လူငယ်သုံးဦးရောက်ရှိနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ဝေဘာဂီနယ်မြေရဲစခန်းမှ ရဲအုပ်နန်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ သက်သေ ရာအိမ်မှူးများက သွားရောက်ဖမ်းဆီးရာမှ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဖမ်းမိသူသုံးဦးမှာ လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့နေ ကိုဇင်(ခေါ်)ညီညီပိုင်(၁၇ နှစ်)၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ လှမင်း(ခေါ်)ချစ်မင်းဦး(၁၈ နှစ်)နှင့် မြောက်ဥက္ကလာပမြို့နယ်နေ အာကာ(ခေါ်)အာကာဦးတို့ဖြစ်ကြောင်း သိရသည်။

၎င်းတို့သုံးဦးအား ဆက်လက်စစ်ဆေးရာ အဆိုပါ လုယက်မှုအပြင် မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ရန်ကင်းမြို့နယ်များအတွင်း ကျူးလွန်ခဲ့သည့် ဆိုင်ကယ်စီး၍လုယက်မှု၊ ဓားထောက်လုယက်မှုနှင့် ခိုးမှုများ စုစုပေါင်း ၁၆ မှုပါ ဆက်လက်ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ ၎င်းတို့သုံးဦး ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် အရှေ့ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာန ပူးပေါင်း၍ အသေးစိတ် ထပ်မံစစ်ဆေးလျက်ရှိပြီး သက်သေခံပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရမိရေးအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းမှာ တာဝန်သိပြည်သူများက ၎င်းတို့၏ ဓာတ်ပုံမှတ်တမ်းများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖော်ပြပေးခဲ့ခြင်းနှင့် မြင်တွေ့သူ တာဝန်သိပြည်သူများက ရဲတပ်ဖွဲ့သို့ သတင်းများပေးပို့ခဲ့ခြင်းတို့ကြောင့်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အဆိုပါ တာဝန်သိပြည်သူများအား ကျေးဇူးတင်ရှိကြောင်းလည်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သူရဖြိုး**

---

## သတင်းတိုများ

### လျှော်ဒဏ်သင့်ခဲ့သော ပုဂံရှေးဟောင်းဘုရား စေတီပုထိုးများ ပြန်လည်ပြုပြင်ရန် လှူဒါန်း

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသအတွင်းရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားနှင့် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ရာ အဆိုပါပျက်စီးမှုများကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အလှူငွေ ကျပ်သိန်း ၁၀၀ ကျော်ကို စက်တင်ဘာ ၈ ရက်က လှူဒါန်းခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးသန်းဌေးနှင့် မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ရန် အလှူငွေကျပ် ၁၀၁၁၅၀၀၀ ကို ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ထံ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

**ကျော်ဌေး(ညောင်ဦး)**

### ရေဘေးသင့်ပြည်သူများအား တတိယအကြိမ်ထောက်ပံ့လှူဒါန်း

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းမှ ရေဘေးကြုံတွေ့ခဲ့ရသည့် ဝါးတောကျေးရွာ၊ အလန်းကျေးရွာနှင့် မီးသွေးချောင်းကျေးရွာများမှ ပြည်သူများအတွက် တတိယအကြိမ် ရေဘေးလှူဒါန်းခြင်းအနေဖြင့် တန်ဖိုးကျပ် ၆၂ သိန်းကျော်ရှိ ဆန်၊ ရေသန့်ဘူး၊ အဝတ်အထည်နှင့် ငါးသေတ္တာဘူးများကို ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)စက်မှုဇုန်၊ ရွှေပြည်သာ၊ ဝါးတရာနှင့် သာဓုကန်စက်မှုဇုန်တို့မှ ဇုန်ဥက္ကဋ္ဌ ဦးမျိုးသိန်းနှင့်အဖွဲ့က စက်တင်ဘာ ၈ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် မအူပင်မြို့နယ် အလန်းကျေးရွာအုပ်စု ဇောတိကာရာမကျောင်းတိုက် ဆရာတော်ထံမှ သီလခံယူဆောက်တည်ပြီး အလှူပစ္စည်းများကို လာရောက်နိုင်သော ရေဘေးသင့်ပြည်သူများထံသို့ လက်ဝယ်အရောက်လှူဒါန်းပေးခဲ့ကာ မလာရောက်နိုင်သော ရေဘေးဒုက္ခသည်များကိုယ်စား မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# အိန္ဒိယမှ မြန်မာ့ပဲကို တိုးမြှင့်ဝယ်ယူမည့်အပြင် နည်းပညာ အထောက်အပံ့ပေးမည်ဆိုသောကြောင့် တောင်သူများဝမ်းမြောက်စွာကြိုဆို

**မန္တလေး စက်တင်ဘာ ၁၀**

အိန္ဒိယနိုင်ငံမှ မြန်မာ့ပဲများကို တိုးမြှင့်ဝယ်ယူမည့်အပြင် နည်းပညာ အထောက်အပံ့များကိုပါ ကူညီပေးရန် မူအားဖြင့် သဘောတူညီမှုရရှိနေကြောင်း သတင်းစာများတွင် ရေးသားဖော်ပြမှုများကြောင့် မြန်မာပဲစိုက်တောင်သူများ ဝမ်းမြောက်စွာ ကြိုဆိုလျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေအရ အိန္ဒိယသို့ အဓိကအားထား တင်ပို့နေရသည့် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများမှာ ယခုနှစ်တွင် စံချိန်တင်ကျဆင်းနေသောကြောင့် ပဲစိုက်တောင်သူများ စိတ်ဓာတ်ကျဆင်းနေချိန်တွင် ယခုကဲ့သို့ နှစ်နိုင်ငံ သဘောတူညီမှုသတင်းသည် ပဲလောကအတွက် ခွန်အားကို ဖြစ်စေသဖြင့် ပဲစိုက်တောင်သူများ ရွှင်လန်းတက်ကြွနေကြကြောင်း မန္တလေးမြို့ ပဲဝယ်ရောင်းလုပ်ကိုင်သူ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ )က ပြောသည်။

"ဒီသတင်းတွေကို နိုင်ငံပိုင်ရော ပုဂ္ဂလိကသတင်းစာတွေကပါ အကျယ်တဝင့် ရေးသားဖော်ပြနေကြတော့ ပဲလောကကို အမှီပြုလုပ်ကိုင်နေသူတွေနဲ့ ပဲစိုက်တောင်သူတွေအားလုံး ဝမ်းသာနေကြပါတယ်။ နိုင်ငံတော်သမ္မတကြီးရော နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကိုယ်တိုင် ပဲလောကအတွက် ဆွေးနွေးပေးကြတာဆိုတော့ ကျေးဇူးတင်စရာပေါ့ဗျာ။ ကျွန်တော်တို့နိုင်ငံက ပဲစိုက်ဖို့ မြေဆီ မြေနှစ်ကောင်းပေမယ့် နည်းပညာအားနည်းနေတဲ့အတွက် အထွက်နှုန်းလျော့ကျနေတယ်။ အခုပြောတဲ့အတိုင်း နည်းပညာအပြင် မျိုးစေ့နဲ့ပိုးသတ်ဆေးတွေကိုပါ ကူညီပေးမယ်ဆိုတော့ အထွက်နှုန်းက သေချာကောင်းမယ့်အပြင် ထွက်ရှိတဲ့ပဲတွေကိုလည်း ဝယ်ဦးမယ်ဆိုတော့ သားရွှေအိုးထမ်းတဲ့ ကိန်းဆိုက်ပြီပေါ့"ဟု ၎င်းကပြောသည်။

ထို့အပြင် ရေစကြိုမြို့နယ် ပခန်းငယ်ကျေးရွာမှ ပဲစိုက်တောင်သူကြီး ဦးကျော်မြင့်ကလည်း "လက်ရှိအခြေအနေမှာတော့ မန္တလေးဈေးချိုမှာ ဈေးမဝယ်နိုင်တာကြာပြီ။ ဒီနှစ်ကတော့ ခါတိုင်းနှစ်တွေထက်ပိုပြီး စိုက်စရိတ်တွေ အရှုံးပေါ်နေလို့ စိတ်ဓာတ်ကျနေချိန်မှာ အခု သတင်းကတော့ မင်္ဂလာပဲဗျာ။ ဒီလိုသာ အကူအညီပေးပြီးဝယ်မယ်ဆိုရင် ဘဏ်ချေးငွေလည်း ကျေအောင်ဆပ်နိုင်မယ့်အပြင် အလှူအတန်းတွေလည်း လုပ်လာနိုင်တော့မှာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ နှစ်စဉ်ပဲတန်ချိန် ခုနစ်သိန်းခန့် တင်ပို့နေသော်လည်း တန်ချိန် ကိုးသိန်းအထိ တိုးမြှင့်ဝယ်ယူနိုင်ရန် နည်းပညာအပြင် မျိုးစေ့နှင့် ပိုးသတ်ဆေး စသည့်လိုအပ်ချက်များကို မြန်မာပဲစိုက်တောင်သူများအား ထောက်ပံ့ကူညီ၍ မြန်မာ့ပဲများကိုဝယ်ယူရန် နှစ်နိုင်ငံ MoU ရေးထိုးနိုင်ရေးအတွက် မူအားဖြင့် သဘောတူညီမှု ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

## စူဠာမဏိဘုရား၌ ရဲတပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီခွဲက ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် စူဠာမဏိဘုရား၌ အမှတ် (၂၅/၃၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်အင်အား ၂၀၀ တို့က အုတ်ခဲကျိုးများ သယ်ဆောင်ခြင်းနှင့် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုရဲ**




# ကမ္ဘာ့ ရွှေဈေး၊ မြန်မာ့ရွှေဈေး အတက်အကျ

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြီးခဲ့သော လကုန်ရက်ဖြစ်သည့် ဩဂုတ် ၂၉ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် နံနက်ဈေးကွက်အဖွင့်မှာပင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၃၁၃ ဖြစ်ခဲ့ပြီး မြန်မာ့ရွှေဈေးကိုလည်း အခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ငွေကျပ် ၈၅၀၅၀၀ ဖြင့် စခဲ့သည်။

ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ အမေရိကန်ဒေါ်လာ ၁၃၁၁ ဖြစ်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၈၅၀၆၀၀ ဖြင့် ပိတ်သိမ်းခဲ့သည်။

ပြီးခဲ့သော တနင်္လာနေ့ စက်တင်ဘာ ၅ ရက်တွင် နံနက်အဖွင့်ဈေး၌ ကမ္ဘာ့ရွှေဈေးမှာ အမေရိကန်ဒေါ်လာ ၁၃၂၄ သို့မြင့်တက်လာခဲ့ပြီး မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၈၅၅၆၀၀ သို့ လိုက်ပါမြင့်တက်ခဲ့သည်။ တစ်ဖန် ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ အမေရိကန်ဒေါ်လာ ၁၃၂၇ သို့ ထပ်မံတက်လာခဲ့ပြန်သည်။ ထို့အတူ မြန်မာ့ရွှေဈေးမှာလည်း ငွေကျပ် ၈၅၉၅၀၀ ဖြင့် တစ်နေ့တည်းမှာပင် ငွေကျပ် ၄၀၀၀ နီးပါးခန့် မြင့်တက်မှုရှိခဲ့သည်။

တစ်ဖန် တစ်ပတ်အတွင်းမှာပင် စက်တင်ဘာ ၇ ရက် ဗုဒ္ဓဟူးနေ့ နံနက်အဖွင့်ဈေးမှာပင် ကမ္ဘာ့ရွှေဈေးမှာ



အမေရိကန်ဒေါ်လာ ၁၃၅၁ သို့ ရောက်ရှိခဲ့ပြီး မြန်မာ့ရွှေဈေးမှာလည်း ၈၇၀၂၀၀ အထိ စံတင်တက်ရောက်ခဲ့သည်။ ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ ဒေါ်လာ ၁၃၄၇ သို့ ပြန်လည်ကျဆင်းသွားခဲ့သည်။ မြန်မာ့ရွှေဈေးမှာလည်း ကမ္ဘာ့ရွှေဈေးနှင့်အညီ လိုက်ပါကျဆင်းလာခဲ့ပြီး ငွေကျပ် ၈၆၆၇၀၀ ဖြစ်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်သည် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဈေးကွက်ဖွင့်လှစ်၍ အရောင်းအဝယ် ပြုလုပ်လေ့ရှိကြပြီး စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ဈေးကွက်ပိတ်လေ့ရှိသည်။

ထို့အတွက် စက်တင်ဘာ ၉ ရက် သောကြာနေ့တွင် ကမ္ဘာ့ရွှေဈေးကွက်၌ အမေရိကန်ဒေါ်လာ ၁၃၃၈ ဖြင့် ဖွင့်ဈေးစခဲ့ပြီး မြန်မာ့ရွှေဈေးကွက်၌ ငွေကျပ် ၈၆၅၀၀၀ ဖြင့် စတင်အရောင်းအဝယ် စကားပြောကြသည်။ ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ အမေရိကန်ဒေါ်လာ ၁၃၄၀ ဖြင့် ပိတ်သကဲ့သို့ မြန်မာ့ရွှေဈေးကွက်တွင် ငွေကျပ် ၈၆၇၀၀၀ ဖြင့် အရောင်းအဝယ် ဈေးဖြစ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး မှတ်တမ်းအရ သိရသည်။

ယင်းသို့ ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေးပြောင်းလဲမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က "မြန်မာ့ရွှေဈေး အတက်အကျက ကမ္ဘာ့ရွှေဈေးအတက်အကျပေါ် မှီနေတာဖြစ်သလို မြန်မာငွေနဲ့ ဒေါ်လာငွေလဲလှယ်နှုန်းနဲ့လည်း ဆက်စပ်နေပါတယ်။ အခု မိုးနှောင်းကာလရောက်တော့မှာဖြစ်တဲ့အတွက် ရာသီကာလနဲ့ဆိုရင်လည်း အကျဘက်ကို ဦးတည်နေတဲ့ အချိန်လို့လည်း ပြောရမှာဖြစ်ပါတယ်။ တကယ်လို့ ရွှေအပေါ်စိတ်ဝင်စားပြီး ဝယ်ယူစုဆောင်းလိုတဲ့ သူအနေနဲ့ဆိုရင် ပွင့်လင်းကာလရောက်မှ ဝယ်ယူစုဆောင်းသင့်ပါတယ်" ဟု မှတ်ချက်ပြုခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း စည်းရုံးရေးမှူး ဦးအေးချိုက "အခုရွှေဈေးကွက်မှာ ဝယ်လိုအားထက် ပြန်ရောင်းလိုအားက ပိုများနေပါတယ်။ လက်ရှိ ကမ္ဘာ့ရွှေဈေးနဲ့ ဒေါ်လာဈေးနှုန်းကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင်လည်း ဈေးကွာဟမှုက ကျဉ်းမြောင်းနေတဲ့အတွက် ရွှေဈေးနှုန်းက မကျဘဲရှိပေမယ့် အများကြီးပိုတက်လို့ မရနိုင်ဘူး၊ နောက်တစ်ချက်ကလည်း လက်ရှိ ကမ္ဘာ့ရွှေဈေးနဲ့ ဒေါ်လာဈေးဟာလည်း ငြိမ်နေမယ်ဆို မြန်မာ့ရွှေဈေးက အတွင်းရေးမှူးပြောသလို အကျဘက်ကိုပဲ ပြန်ဦးတည်မှာဖြစ်ပါတယ်။ အဲ... ဒါမှမဟုတ် ကမ္ဘာ့ရွှေဈေး၊ ဒေါ်လာဈေးက မငြိမ်ဘဲ ဆက်တက်လာမယ်ဆိုရင်တော့ မြန်မာ့ရွှေဈေးကလည်း အချိန်မရွေးတက်သွားနိုင်ပါတယ်" ဟု သုံးသပ်ပြောကြားမှုရှိခဲ့သည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

◆ *ကျော့ဖုံးမှ*

ရွှေတံဆိပ်ဆုနှင့် အကောင်းဆုံးဆုရရှိထားသူ သားကျော်ဖြောင့်(T&T၊ သထုံ)နှင့် ရဲရင့်သွေး (မန္တလေး၊ 1886 ကလပ်)၊ ရွှေကျား(စစ်ကိုင်း) နှင့် ဇထူးမောင်( ရတနာပုံကလပ်)၊ ၂၀၁၆ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် ငမန်းရိုင်း(T&T၊ သထုံ) နှင့် 5k (မန္တလေး)၊ ၂၀၁၆ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် ရွှေကျောင်းသား (T&T၊ သထုံ)နှင့် ဗျူဂွ(မန္တလေး)၊ သူရလိပ်(SKK) နှင့် ၂၀၁၆ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် အာကာမင်း(သထုံ)၊ မြကြည်ဆံ (မန္တလေး)နှင့် ခွန်ကျော်ရွှေ(သထုံ)၊ သူရဆင်(SKK)နှင့် အောင်သူ(အဏ္ဏဝါကျော်ကြီး) တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

"ဒီပြိုင်ပွဲက အထူးစိန်ခေါ်ပွဲအနေနဲ့ စိုးမောင်ဦးနဲ့ ပြင်သစ် မွေထိုင်းလက်ဝှေ့ကျော်တို့ ယှဉ်ပြိုင်မှာဖြစ်သလို ပြိုင်ပွဲတိုင်းကိုလည်း ရိုးရာလက်ဝှေ့ ဝါသနာရှင်ပြည်သူများ ပွဲကောင်း စိတ်ကျေနပ်စေနိုင်မယ့် ဒီနှစ် ပူပူနွေးနွေးရရှိထားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ရွှေတံဆိပ်ဆုရှင်တွေ ထည့်သွင်းထားတာဖြစ်ပါတယ်။ မျိုးဆက်သစ်ပွဲလေးတွေကိုလည်း ထပ်ထည့်ဖို့စီစဉ်နေပါတယ်။ အဲဒီမျိုးဆက်သစ်ပွဲတွေရော ပါမယ်ဆိုရင် စုစုပေါင်းတွဲဆိုင်းကတော့ ၁၅ ဆိုင်းလောက်ဖြစ်သွားမှာပါ"ဟု ပွဲစီစဉ်သူ ကိုဒဿက ပြောသည်။

ယခုကျင်းပမည့် အထက်မြန်မာပြည်၏ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် လက်ဝှေ့ဝါသနာရှင်ပြည်သူများ လူလတ်တန်းစားမရွေး ကြည့်ရှုအားပေးနိုင်ရန် ရုံဝင်ကြေးကို အထူးတန်း ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်း ငွေကျပ် ၅၀၀၀ နှုန်းသာ သတ်မှတ်ထားကြောင်း သိရသည်။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **(မိုး/ဇလ)**

# အောင်ပန်းမြို့ ပရဟိတလူငယ်အဖွဲ့ ဖတ်ပြီးပြန်ထား စာကြည့်တိုက်ငယ်လေးများဖွင့်

**အောင်ပန်း စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ အသွင်သစ် ပရဟိတလူငယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် ဖတ်ပြီးပြန်ထား စာကြည့်တိုက်ငယ်လေးများ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

အောင်ပန်းမြို့ ကိုငြိမ်းအောင်(ခ)ကိုအောင်ငဲ ဦးဆောင်သော အသွင်သစ် လူငယ်ပရဟိတအဖွဲ့သည် အောင်ပန်းမြို့ လူငယ်လူရွယ်များ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှုလျော့ချရေး၊ စာဖတ်အလေ့အကျင့် စိတ်ဝင်စားရင့်သန်လာရေး၊ လူမှုအထောက်အကူပြု ပရဟိတလုပ်ငန်းများတွင် အားပေးကူညီဆောင်ရွက်လိုစိတ် ပွားများနိုင်ရေးနှင့် အခြားလောကဝတ္တရားများ ကျေပွန်ရန် အသိပညာပေးလမ်းပြအဖြစ် အောင်ပန်းမြို့ အဓိကလူစည်ကားသော နေရာငါးနေရာတွင် သုတရသပညာပေး စာအုပ် ၅၀ ခန့် ထည့်ဝင်နိုင်သော ဖတ်ပြီးပြန်ထား စာအုပ်အိမ်လေးများ တည်ဆောက်ပြီး အနီးအနားရှိ စာပေဝါသနာရှင်များ၊ ရပ်မိရပ်ဖ လူကြီးသူမများ၊ စေတနာရှင်များထံ ကြည့်ရှုအားပေးနိုင်ရန် အပ်နှံခဲ့ကြသည်။ အဆိုပါ ပရဟိတလူငယ်အဖွဲ့တွင် အင်အား ၄၀ ခန့်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြို့ရေရရှိရေး၊ ဘာသာရေး၊ လူမှုရေးများ စုပေါင်းကူညီအားပေးနေကြပြီး ယခုဖတ်ပြီးပြန်ထား စာအုပ်စင်လေးများကို အများပြည်သူ လူငယ်လူရွယ်အများ စိတ်ဝင်စားအောင်မြင်လာလျှင် အောင်ပန်းတစ်မြို့လုံး နေရာအနှံ့ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ကိုအောင်ငဲက ပြောသည်။ **ဇော်သိန်းရည်**



# ဆေးတက္ကသိုလ်(၂) ရန်ကုန် ဘွဲ့နှင်းသဘင်ကျင်းပ ဆေးပညာဘွဲ့အပါအဝင် ဘွဲ့ရသူ ၆၃၅ ဦးအား ဘွဲ့အပ်နှင်း



**ရန်ကုန်　စက်တင်ဘာ　၁၀**

ဆေးတက္ကသိုလ်(၂)ရန်ကုန်၏(၄၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးအောင်က ဆေးပညာဘွဲ့ရမောင်မယ်များအား အမှာစကားပြောကြားပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ ချုပ်များနှင့် တာဝန်ရှိ သူများက ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဆေးပညာ မဟာ သိပ္ပံဘွဲ့၊ ဆေးပညာဒီပလိုမာဘွဲ့၊ ဆေးပညာ ဘွဲ့ရ မောင်မယ်များအား ဆေးပညာဘွဲ့များ အပ်နှင်းကြသည်။

ဆေးတက္ကသိုလ်(၂)သည် ဆေးပညာဘွဲ့နှင့် ဘွဲ့လွန်ဒီဂရီ ဆရာဝန်များအား မွေးထုတ်ပေးခဲ့ရာ ယနေ့အထိဆိုလျှင် ဆေးပညာဘွဲ့ရသူ ၈၇၅၃ ဦး၊ ဆေးပညာဒီပလိုမာဘွဲ့ရသူ ၃၂၀၊ ဆေးပညာမဟာသိပ္ပံဘွဲ့ရသူ ၁၁၅၂ ဦး၊ ဆေးလက်တွေ့ပါရဂူဘွဲ့ရသူ ၉၃ ဦးနှင့် ပါရဂူဘွဲ့ရသူ ၅၉ ဦးတို့အား မွေးထုတ်ပေးခဲ့သည်။

ဆေးတက္ကသိုလ်(၂) ရန်ကုန်ကို နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသည့် တက္ကသိုလ်တစ်ခုဖြစ်လာစေရန် သာမက မွေးထုတ်ပေးလိုက်သော ဆရာဝန်များကို နိုင်ငံတကာမှ အသိအမှတ်ပြုစေရေးအတွက် ကျန်းမာရေးအဆင့်အတန်း ISO 9001:2015 Standard WFME (World Federation of Medical Education Standard) နှင့်အညီ ရင်ပေါင်တန်းနိုင်ရန် Quality Management နှင့် Quality Assurance ကို တည်ဆောက်လျက်ရှိပြီး WEME Federation ရရှိရေးကိုလည်း ကြိုးပမ်းလျက်ရှိသည်။

ယနေ့ (၄၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ဆေးပညာဘွဲ့ရသူ ၄၈၃ ဦး၊ ဆေးပညာ ဒီပလိုမာဘွဲ့ရသူ ၅၁ ဦး၊ ဆေးပညာ မဟာသိပ္ပံဘွဲ့ရသူ ၉၃ ဦး၊ ပါရဂူဘွဲ့ရသူ တစ်ဦးနှင့် ဆေးလက်တွေ့ ပါရဂူဘွဲ့ရသူ ခုနစ်ဦးတို့ အပါအဝင် စုစုပေါင်း ၆၃၅ ဦးတို့အား ဘွဲ့အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော်　စက်တင်ဘာ　၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

(မိုး/ဇလ)

MONREC
UNEP
၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့
စက်တင်ဘာလ ၁၆ ရက်
OZONE AND CLIMATE
RESTORED BY A WORLD UNITED
INTERNATIONAL OZONE DAY
" အိုဇုန်းလွှာနှင့်ရာသီဥတု ကောင်းမွန်ဖို့ ကမ္ဘာတစ်ဝန်း လက်တွဲညီညီ ဆောင်ရွက်စို့ "
"Ozone and Climate, Restored by a World United"

# ရေကြည်မြို့တွင် သမားတော်ဆရာဝန်ကြီးများ အခမဲ့ဆေးဝါးကုသ

**ရေကြည်　စက်တင်ဘာ　၁၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရေကြည်ခန်းမ၌ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ဆေးရုံ ကြီးကြပ်မှုကော်မတီတို့၏ ဦးဆောင်မှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသား ကျန်းမာရေးကွန်ရက်နှင့် ၁၉၆၄-၈၈ စံပြလူရည်ချွန်များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း ဦးဆောင်သော နယ်လှည့်ကွင်းဆင်း ဆေးကုသရေးလုပ်ငန်းအဖြစ် အထွေထွေရောဂါကုသမားတော်၊ ခွဲစိတ်သမားတော်၊ သားဖွားနှင့် မီးယပ်သမားတော်ဆရာဝန်ကြီးများက အဖွဲ့လိုက်စုပေါင်း၍ နံနက် ၁၀ နာရီခွဲမှစ၍ အခမဲ့ဆေးကုသပေးကာ ဒေသခံ လူနာ ၁၀၀၀ ခန့်အား စမ်းသပ်ကုသပေးခဲ့သည်။



အခမဲ့ကုသပေးသော သမားတော်ဆရာဝန်ကြီးများအဖွဲ့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ၊ မြို့မိ မြို့ဖများက အားပေးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူဟန် (ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ဆင်ကိုပစ်ခတ်သတ်ဖြတ်သူအား ဂွရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးအရေးယူ

**ရန်ကုန်　စက်တင်ဘာ　၁၀**

ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ဂွ-ငသိုင်းချောင်းကားလမ်းနံဘေး မိုင်တိုင်အမှတ်(၃၈/၀) ဒေသအခေါ် (၁၁)မိုင်အနီး ငထွေချောင်းဖျားတွင် တောဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်း ရခိုင်ရိုးမဆင်ဘေးမဲ့အုပ်ချုပ်ရေးမှူး ဦးစန်းဝင်း၏ သတင်းပေးချက်အရ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူး မြင့်ဌေး ဦးစီးရဲတပ်ဖွဲ့က စစ်ဆေးဖော်ထုတ်ခဲ့ရာ ဆင်ပစ်ခတ်ဖမ်းဆီးသူအား ဖမ်းဆီးနိုင်ခဲ့ပြီး နောက်ဆက်တွဲအဖြစ် ယခင်ဖမ်းဆီးသတ်ဖြတ်ထားသော တောဆင်ရိုင်းအရိုးစုတို့ကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့၍ စက်တင်ဘာ ၉ ရက်က ရုံးတင်တရားစွဲဆိုထားကြောင်း ဂွမြို့မရဲစခန်းမှ သိရသည်။



ရခိုင်ရိုးမ ဆင်ဘေးမဲ့အုပ်ချုပ်ရေးမှူး၏ သတင်းပေးချက်အရ ဩဂုတ် ၄ ရက်က ဂွမြို့နယ် ရဲစခန်းက အမှုဖွင့်၍ တောဆင်ရိုင်းများ ပစ်ခတ်ဖမ်းဆီးနေသော မုဆိုးများကို အမြန်ဆုံးဖမ်းဆီးနိုင်ရန် သံတွဲခရိုင် ရဲတပ်ဖွဲ့မှူးဒုရဲမှူးကြီး မောင်မောင်စိုး၏ ကြီးကြပ်မှုဖြင့် ဂွမြို့နယ်စခန်းမှူး ဒုရဲမှူး မြင့်ဌေးနှင့်ရဲတပ်ဖွဲ့များက စုံစမ်းဖော်ထုတ်ခဲ့ရာ ဂွမြို့နယ် ပေါက်တူးကျေးရွာအုပ်စု ဥမင်ဝကျေးရွာနေ မြင့်နိုင်(ခ) ငနိုင်(၄၅ နှစ်) နှင့် ခနိကျေးရွာအုပ်စု ကုလားချောင်းကျေးရွာနေ လှကြိုင်(၃၃ နှစ်)တို့ နှစ်ဦးအား တူမီးသေနတ်နှစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကုလားချောင်းကျေးရွာမှ သန်းမြင့်(၅၉နှစ်)မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဇူလိုင်လ တတိယပတ်ကလည်း မြင့်နိုင်(ခ)ငနိုင်နှင့် လှကြိုင်တို့မှာ သန်းမြင့်တို့အဖွဲ့နှင့်ပူးပေါင်းကာ ပေါက်တူးကျေးရွာအုပ်စု သံက္ကတ-လိပ်ပုတ်ချောင်းအတွင်း တောဆင်ရိုင်းတစ်ကောင်ကို သတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိ၍ သွားရောက်စစ်ဆေးရာ ချောင်းရိုးအတွင်း သတ်ဖြတ်ခံထားရသည့် ဆင်ရိုင်းအရိုးစုကို တွေ့ရှိခဲ့ရသည်။ ထွက်ပြေးတိမ်းရှောင်သူ သန်းမြင့်နှင့်အတူ ဆင်သားရေနှင့် အစွယ်တို့အားဝယ်ယူပြီး ထွက်ပြေးတိမ်းရှောင်နေသော မောင်မောင်ရွှေ(၄၅ နှစ်) ဂွမြို့နယ် ရတနာမြိုင်ကျေးရွာနေ ၎င်းတို့နှစ်ဦးအား တရားရုံး၌ အမှုဖွင့်အရေးယူထားကြောင်းနှင့် တူမီးသေနတ်နှင့်အတူ ဖမ်းဆီးရမိသော တောဆင်ရိုင်းသတ်ဖြတ်သူ နှစ်ဦးကိုလည်း ဂွမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၆၄)

**ဆေးပေါ့လိပ်၊ စီးကရက်နှင့် ကွမ်းယာ စားသောက်သုံးစွဲခြင်း ကုန်ကျမှုတန်ဖိုးနှင့် အိမ်ထောင်စုစားသောက်ကုန်တန်ဖိုး ညီမျှမှု**










# ဇီကာရောဂါဖြစ်ပွားမှု ကြိုတင်ကာကွယ်နိုင်ရန် အထူးကြပ်မတ်ဆောင်ရွက်၊ ပြည်သူတို့အနေဖြင့်လည်းပူးပေါင်းပါဝင်ရန်လိုအပ်

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

ရန်ကုန် စက်တင်ဘာ ၁၀

**ကူးစက်မြန် ဇီကာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရန် သက်ဆိုင်ရာအနေဖြင့် အထူးကြပ်မတ် ဆောင်ရွက်နေသကဲ့သို့ ပြည်သူတို့အနေဖြင့်လည်းပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းက ပြောသည်။**

"ကျွန်တော်တို့ နိုင်ငံမှာတော့ ဒီရောဂါဖြစ်ပွားတဲ့သူ မတွေ့သေးပါဘူး။ ကြိုတင်ကာကွယ်မှုအနေနဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွေ၊ ဆိပ်ကမ်းတွေနဲ့ နယ်စပ်ဂိတ်တွေမှာ ရောဂါရှာဖွေရေးလုပ်ငန်းတွေ လုပ်ဆောင်နေတယ်။ ဒါ့အပြင် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းတွေကိုလည်း နီးစပ်ရာဌာန အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်လုပ်ဆောင်နေပါတယ်။ ဒီအပေါ်မှာ ပြည်သူလူထုအနေနဲ့ ကိုယ်နေထိုင်ရာ အနီးပတ်ဝန်းကျင်မှာ နိုင်ငံရပ်ခြားက ပြန်ရောက်ပြီး နှစ်ပတ်အတွင်း ဖျားနာတာမျိုးဖြစ်ပွားပြီး ဇီကာလက္ခဏာလိုမျိုးဖြစ်ပေါ်လာရင် နီးစပ်ရာကျန်းမာရေးဌာနတွေကိုအကြောင်းကြားသတင်းပို့ ကာကွယ်ကုသခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီပေးစေလိုပါတယ်"ဟု ၎င်းက ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ကျင်းပသော ဇီကာရောဂါကာကွယ်တားဆီးရေး ဆွေးနွေးပွဲတွင် ပြောကြားသည်။



ဆက်လက်၍ ၎င်းက "ရောဂါရှိသူကို ခြင်ကျားကိုက်မိပြီဆိုရင် ပျံ့နှံ့ဖို့က အလွန်ကိုလွယ်ပါတယ်။ ဒါကြောင့် လူကြီး၊ လူငယ်ခြင်ကျားကိုက်ခံရမှုမရှိအောင် အဝတ်ကိုလုံခြုံစွာဝတ်ဆင်ထားပြီး ခြင်ကျားနှိမ်နင်းရေးကို အလေးထားလုပ်ဆောင်စေလိုပါတယ်"ဟု တိုက်တွန်းပြောကြားသည်။

ယခုအခါတွင် မြန်မာနိုင်ငံနှင့် အနီးဆုံးအိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့တွင် ဖြစ်ပွားလျက်ရှိရာ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့၌ မြန်မာနိုင်ငံသားတစ်ဦးစီ ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရကြောင်း အဆိုပါ ဆွေးနွေးပွဲမှ သိရသည်။

ဇီကာဗိုင်းရပ်စ်ရောဂါသည် သွေးလွန်တုပ်ကွေးရောဂါအားသယ်ဆောင်နိုင်သော အေးဒီးစ်အမျိုးအစား ခြင်ကျားကိုက်ခံရမှုမှတစ်ဆင့် ကူးစက်နိုင်ကြောင်း၊ အဆိုပါရောဂါ၏ ထူးခြားသော လက္ခဏာအနေဖြင့် ဖြစ်ပွားသူသည် မျက်စိနာခြင်း၊ မျက်သားများ နီခြင်း၊ အနီစက်များထွက်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပွားပါက ဦးခေါင်းသေးငယ်သောကလေးများ မွေးဖွားကာ ဉာဏ်ရည်မမီခြင်း၊ ပိုလီယိုဆန်ဆန် အရိုးပျော့ရောဂါမျိုးများ ဖြစ်ပွားခြင်းနှင့် ကူးစက်ခံရသူသည် အာရုံကြောဆိုင်ရာ ရောဂါများ နောက်ဆက်တွဲဖြစ်ပေါ်ခံစားရလေ့ရှိကြောင်း သိရသည်။

ဇီကာဗိုင်းရပ်စ်ပိုးမတွေ့ရှိသေးသော (Free Zone) အဖြစ်သတ်မှတ်ထားသည့် မြန်မာနိုင်ငံအနေဖြင့် ယခုအခါတွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဇီကာရောဂါ မဟာဗျူဟာစီမံချက်အဖြစ်ရေးဆွဲပြီး လူထုအခြေပြုကာ ဇီကာရောဂါအပါအဝင် ကူးစက်ရောဂါစောင့်ကြည့်ခြင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဇီကာရောဂါ သံသယရှိသူများအား ဓာတ်ခွဲစမ်းသပ်ရှာဖွေခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်ပွားလာပါကလည်း ဆောလျင်စွာတုံ့ပြန်နိုင်ရေးတို့အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်မှုအနေဖြင့် ဇီကာရောဂါ ပိုးသယ်ဆောင်နိုင်သောခြင်ကျားနှင့် ရောဂါကူးစက်ခံရသူများ နာရီပိုင်းအတွင်း ရောက်ရှိလာနိုင်သောအပြည်ပြည် ဆိုင်ရာလေဆိပ်တွင် အနီအောက်ရောင်ခြည်ကိုယ်အပူချိန်တိုင်းကိရိယာ (Infrared-Thermal Scan) ဖြင့် ဇီကာရောဂါရှာဖွေခြင်း လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်နေသည့်အပြင် (ဝဲပုံ) ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းများကိုလည်း လေဆိပ်ဝင်းအတွင်း၊ အပြင်နှင့် ရောက်ရှိလာသော လေယာဉ်များ၌ ခြင်ကျားများ ခိုအောင်းလိုက်ပါမှုမရှိစေရန် သက်ဆိုင်ရာလေကြောင်းလိုင်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် နိုင်ငံဖြတ်ကျော်ဝင်ပေါက်၊ ထွက်ပေါက် နယ်စပ်ဂိတ်များတွင်လည်း ဇီကာစစ်ဆေးရေး ကိရိယာများဖြင့် ရောဂါရှာဖွေမှုများ ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ရောက်ရှိလာသော ကွန်တိန်နာ သင်္ဘောများမှ ကုန်သေတ္တာများတွင် ခြင်ကျားများ ခိုအောင်းပါဝင်မှုမရှိစေရန် ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအနေဖြင့် ကူးစက်မြန် ဇီကာရောဂါအကြောင်းသိလိုလျှင် **ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန ဖုန်း - ၀၆၇-၄၃၁၄၃၂၊ ၄၃၁၄၃၃၊ ၄၃၁၄၃၄** တို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

## ဖျာပုံမြို့မှ အမြွှာကလေးငယ်များအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့က လစဉ်ထောက်ပံ့လျက်ရှိ

**ဖျာပုံ စက်တင်ဘာ ၁၀**

ဖျာပုံမြို့ပေါ်ရှိ ရပ်ကွက် (၁၉)ခုနှင့် မြို့နယ်အတွင်းရှိ ချောင်းတွင်း၊ အပြောင်နှင့် ကျုံကူကျေးရွာများမှ မွေးစမှ အသက်သုံးနှစ်အထိ အမြွှာကလေးငယ်များအား ဖျာပုံခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်ပွဲကို ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်စိုးစိုးရီက အမြွှာကလေးများအား ထောက်ပံ့သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အမြွှာကလေးငယ်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အမြွှာကလေးငယ်များအား ထောက်ပံ့ရေးအစီအစဉ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်နှင့် ဖျာပုံမြို့ရှိ မြို့မိမြို့ဖများ၊ အလှူရှင်များ၏ မတည်လှူဒါန်းငွေဖြင့် ၂၀၁၁ ခုနှစ်မှ စတင်ထောက်ပံ့လာခဲ့ခြင်းဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် အမြွှာကလေးငယ် ၂၄ တွဲအား တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိရာ စတင်ထောက်ပံ့ချိန်မှ ယခုအထိ အလှူငွေ ကျပ်သိန်း ၇၀ ကျော် အကုန်ကျခံ ထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဖျာပုံမြို့ပေါ်တွင် မွေးကင်းစမှ အသက်သုံးနှစ်အရွယ်အထိ အမြွှာကလေးများရှိပြီး ထောက်ပံ့ငွေမရသေးပါကလည်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



## ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျကာ ဘုန်းကြီးကျောင်းနှင့် နေအိမ်လေးလုံး ပြောင်းရွှေ့ခဲ့ရ

**ရွှေတောင် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ယင်းမူကုန်းကျေးရွာအုပ်စု ယင်းမူကုန်းကျေးရွာရှိ မိသားစုရပ်ကွက်နှင့် ဇေယျာသီရိရပ်ကွက်တို့၌ နေထိုင်ကြသည့် အိမ်ထောင်စု ၁၈ စုသည် ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ ဆက်တိုက်ပြိုကျလျက်ရှိရာ **(ယာပုံ)** မြစ်ကမ်းနှင့် နီးကပ်လျက်ရှိသည့် လူနေအိမ်လေးလုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းကို စက်တင်ဘာ ၉ ရက်တွင် ရွာသူ ရွာသားများက စုပေါင်းပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

"မြစ်ရေကျပြီး ကမ်းပါးတွေဆက်တိုက်ပြိုနေတာ၊ အခုရွှေ့ထားတဲ့အိမ်တွေက မြစ်ကမ်းနဲ့ အလွန်နီးတယ်၊ နောက်ထပ် အိမ်တွေလည်း အခုရက်ပိုင်းထပ်ရွှေ့ရဖို့ရှိနေသေးတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

မြစ်ရေတိုက်စားမှုကြောင့် ရွှေ့ပြောင်းကြရသည့်ကျေးရွာများ၌ အကူအညီများစွာ လိုအပ်လျက်ရှိပြီး မြို့နယ်အဆင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်နိုင်ရန် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## လမ်းတံတားများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နေမှုနှင့် လယ်ယာမြေအသုံးချမှုဆိုင်ရာများ ကွင်းဆင်းစစ်ဆေး

**ရေဦး စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် လမ်းဦးစီးဌာနက တာဝန်ယူဖောက်လုပ်လျက်ရှိသော ရေဦး-ကလေးဝလမ်း မြို့တွင်းမြို့ပြင်လမ်းတွင် အာဆီယံအဆင့်မီပြည်ထောင်စုလမ်းမကြီးအဖြစ် လမ်းတံတားများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နေမှုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့်အဖွဲ့က စက်တင်ဘာ ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်နွယ်တို့က ကွင်းဆင်းကြည့်ရှုခဲ့ခြင်းဖြစ်ပြီး လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုအပိုင်းနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ရေဦး-တမာတောလမ်းဘေးရှိ သံသည်ကျေးရွာအုပ်စုမှ လယ်ယာမြေများအား အခြားနည်းအသုံးပြုရန်အတွက် မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးကူးခွင့်လျှောက်ထားသည့် မြေနေရာနှင့် ပြတ္တုံကျေးရွာအုပ်စု အမကကျောင်းမြေနေရာအဖြစ်အသုံးပြုရန် လယ် (၃၀) လျှောက်ထားသည့် မြေနေရာတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

**သန်းထိုက်(ရေဦး)**

## အင်းတော်တွင် မိုးသည်းထန်သောကြောင့် နတ်ပေါက်ချောင်းရေကြီးကာ လမ်းအချို့ရေလွှမ်း

**အင်းတော် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် စက်တင်ဘာ ၁၀ ရက် နံနက် ၂ နာရီက မိုးသည်းထန်မှုကြောင့် မြို့၏အရှေ့ဘက် နှစ်မိုင်ကျော်ခန့်ဝေးသော ကျန်တောကျေးရွာအနီး တောတောင်များကို ရေဝေရေလဲခံကာ စီးဆင်းလျက်ရှိသော နတ်ပေါက်ချောင်းရေသည် အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်ရှိ အနိမ့်ပိုင်းလူနေအိမ်များ၊ ဘူတာရုံရှေ့ အနိမ့်ပိုင်း၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း၊ ညောင်ပင်စုရပ်တို့တွင် ရေလွှမ်းခြင်းဖြစ်ပေါ်ခဲ့သည်။ ယင်းနေရာများသည် ယခင်ကာလများက ရေလွှမ်းခြင်းဖြစ်ပေါ်မှုများရှိခဲ့သော်လည်း ယခုကဲ့သို့ ကားလမ်းများ ရေကျော်မှုမျိုးနှင့်မတူဘဲ မိုးရပ်သည်နှင့် ရေအကျမြန်ဆန်ခဲ့သည်။

"မိုးရပ်တာနဲ့ချောင်းရေတွေလည်း ကျတာမြန်ဆန်တယ်။ အခုက ရေထွက်ပေါက်တွေကို လူနေအိမ်အချို့က အမှိုက်တွေစွန့်ပစ်တာတွေ ရှိလာတယ်။ နောက်ပြီး ရေထွက်ပေါက်တွေ ပိတ်လာတယ်။ ရေထွက်ပေါက်တွေ ကျဉ်းမြောင်းလာတယ်။ ဒီလို ကျဉ်းမြောင်းလာတာနဲ့ ရေလျှံမှုတွေ နှစ်စဉ်ဖြစ်လာပါတယ်"ဟု အင်းတော်မြို့ခံ ဦးသန်းဝင်းက ပြောကြားခဲ့သည်။ ရေကျော်ကားလမ်းအနီးဝန်းကျင်တွင် ပြည်သူများ၊ သွားလာမှုအဆင်ပြေရေးအတွက် ကယ်ဆယ်ရေးအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေကြကြောင်း သိရသည်။



**သန်းမောင်လေး(အင်းတော်)**

# ဟောလိဝုဒ်ကြယ်ပွင့်တစ်ဖြစ်လဲ ကုလသမဂ္ဂသံတမန် အိန်ဂျလီနာဂျိုလီ ဆီးရီးယားပြဿနာအဆုံးသတ်ရေး ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်း

**ဒမတ်စကတ် စက်တင်ဘာ ၁၀**

ဟောလိဝုဒ်ကြယ်ပွင့်လည်းဖြစ် ကုလသမဂ္ဂသံတမန်လည်းဖြစ်သူ အိန်ဂျလီနာဂျိုလီသည် ငါးနှစ်ကြာဖြစ်ပွားနေသော ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်ရေးနည်းလမ်းများ ရှာဖွေရန်အတွက် သက်ဆိုင်ရာ အစိုးရများအား တိုက်တွန်းခဲ့သည်။

ထို့အပြင် ဂျော်ဒန်နယ်စပ်တွင် လူသားချင်း စာနာထောက်ထားမှု လုံးဝမရဘဲ သောင်တင်နေသည့် ဆီးရီးယားဒုက္ခသည် ထောင်ပေါင်းများစွာ ကို ကယ်ဆယ်ရန်အတွက် အိန်ဂျလီနာဂျိုလီပစ်တ်က ကမ္ဘာ့ခေါင်းဆောင်များကို စက်တင်ဘာ ၉ ရက်က ထပ်မံတိုက်တွန်းလိုက်ကြောင်း သိရသည်။

ကလေးငယ်များအပါအဝင် ဆီးရီးယားဒုက္ခသည် ၇၅၀၀၀ ခန့် ဂျော်ဒန်နယ်စပ်တွင် သောင်တင်နေကြောင်း၊ မည်သည့် အခြေခံကာကွယ်မှုမှမရကြောင်း အိန်ဂျလီနာဂျိုလီက ပြောခဲ့သည်။



အရှေ့အလယ်ပိုင်း ရိုးရာဝတ်စုံကို ဝတ်ဆင်ထားသော နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်လည်းဖြစ်၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ သံတမန်လည်းဖြစ်သူ အိန်ဂျလီနာဂျိုလီသည် ဂျော်ဒန်မြို့တော် အမ်မန်အရှေ့မြောက်ဘက် မိုင် ၆၀ အကွာရှိ ဒုက္ခသည်စခန်းများသို့ သွားရောက်စဉ် ထိုသို့ တိုက်တွန်းပြောကြားလိုက်ခြင်း ဖြစ်သည်။

ဆီးရီးယားတွင် ငါးနှစ်ကြာ ဖြစ်ပွားနေသော ပြည်တွင်းစစ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေသော ကလေးငယ်များကို တွေ့ဆုံခဲ့ပြီး ဆီးရီးယားပြဿနာ၏ အရင်းအမြစ်ကို မေးခွန်းထုတ်ကာ ယင်းပြဿနာအဆုံးသတ်ရေး ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်းလိုက်သည်။

ဒုက္ခသည်များမှာ အိမ်ပြန်ရမည့် အချိန်ကို စောင့်ဆိုင်းနေကြကာ အကူအညီခံဘဝများ မဖြစ်ချင်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအရ အဖြေရှာရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဆီးရီးယားမြောက်ပိုင်းတွင် မပျံသန်းရဇုန်ထူထောင်ရေး တူရကီနိုင်ငံခြားရေးဝန်ကြီး ထပ်လောင်းပြောကြား



**ဒမတ်စကတ် စက်တင်ဘာ ၁၀**

အိုင်အက်စ် အကြမ်းဖက်သမားများရန်မှ ကင်းဝေးရန်နှင့် ဒုက္ခသည်များ အန္တရာယ်ကင်းစွာ ဝင်ရောက်နိုင်ရေးအတွက် လုံခြုံရေးထိန်းသိမ်းရန်ရည်ရွယ်လျက် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် မပျံသန်းရဇုန်တစ်ခုတည်ထောင်ရန် တူရကီနိုင်ငံခြားရေးဝန်ကြီးက စက်တင်ဘာ ၉ ရက်တွင် အတည်ပြုပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မပျံသန်းရဇုန်အတွက် ဆုံးဖြတ်ချက်ချသင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မက်ဗလွတ်ကက်ဗ်ယူဆိုဂလူက နေတိုးအတွင်းရေးမှူးချုပ် ဂျန်းစတော့တန် ဘက်ဂ်ျနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဆီးရီးယားတွင် ရက်ကွာနှင့် အီရတ်တွင် မိုဆူးလ်ကဲ့သို့သော နေရာများကို အိုင်အက်စ်အကြမ်းဖက်သမားများလက်မှ ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် နယ်မြေခံတပ်ဖွဲ့များကို လိုအပ်သော သင်တန်းများနှင့် ပစ္စည်းများထောက်ပံ့ပေးရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စက်တင်ဘာ ၉ ရက်က စတော့တန်ဘက်ဂ်ျနှင့် တူရကီဝန်ကြီးချုပ် ဘိုင်နလီရယ်လ်ဒီရင်တို့ အန်ကာရာတွင်တွေ့ဆုံခဲ့သည်။ ယင်းအစည်းအဝေးသည် တစ်နာရီခန့်ကြာမြင့်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် နေတိုးအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူပြီးနောက်ပိုင်းတွင် စတော့တန်ဘက်ဂ်ျသည် ငါးကြိမ်မြောက် တူရကီသို့ ကြာသပတေးနေ့က နှစ်ရက်ကြာ အလည်အပတ်ခရီး သွားရောက်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အာဖဂန်နစ္စတန်ရှိ တာလီဘန်ခိုအောင်းနေရာများကို လေကြောင်းချီတိုက်ခိုက်၊ စစ်သွေးကြွ ကိုးဦးသေဆုံး

**ရှီဘာဂန် (အာဖဂန်နစ္စတန်) စက်တင်ဘာ ၁၀**

အာဖဂန်နိုင်ငံမြောက်ပိုင်းရှိ တာလီဘန်အကြမ်းဖက်စစ်သွေးကြွတိုက်ခိုက်ရေးသမားများကို လေကြောင်းချီတိုက်ခိုက်မှုဆင်နွှဲခဲ့ရာ အကြမ်းဖက်စစ်သွေးကြွ ကိုးဦးအထိ သေဆုံးခဲ့ကြောင်း သိရပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့က စက်တင်ဘာ ၁၀ ရက်က ပြောကြားခဲ့သည်။

တာလီဘန်အကြမ်းဖက်စစ်သွေးကြွများသည် အာဖဂန်မြောက်ပိုင်း ပစ်ဇာဘတ်ဒေသရှိ ရွာအချို့ကို တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် လေကြောင်းချီတိုက်ခိုက်မှုနှင့်အတူ အစိုးရတပ်ဖွဲ့များက တာလီဘန်အကြမ်းဖက်စစ်သွေးကြွများကို ဦးတည်တိုက်ခိုက်ခဲ့ရာ သူပုန်ကိုးဦး ပွဲချင်းပြီးသေဆုံးခဲ့ပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒုတိယပြည်နယ်ရဲချုပ် ဟာပစ်ဇူလာခါရီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ သို့သော်လည်း အသေးစိတ်အချက်အလက်များကို ပြောကြားခြင်းမရှိကြောင်း သိရသည်။

လွန်ခဲ့သော လအနည်းငယ်ကတည်းက အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်လုပ်ဆောင်ခဲ့သော တာလီဘန်အကြမ်းဖက်စစ်သွေးကြွအဖွဲ့အနေနှင့် ဤကိစ္စအပေါ်တစ်စုံတစ်ရာ မှတ်ချက်ပြုပြောဆိုခြင်း မရှိကြောင်း သိရသည်။
**(ဆင်ဟွာ)**

# အိန္ဒိယလေတပ်မှ ဂျက်လေယာဉ်တစ်စင်း ရာဂျက်စတန်အနောက်ပိုင်းတွင်ပျက်ကျ

**နယူးဒေလီ စက်တင်ဘာ ၁၀**

အိန္ဒိယလေတပ်မှ MiG-21 ဂျက်လေယာဉ်တစ်စင်း စက်တင်ဘာ ၁၀ ရက်က ရာဂျက်စတန်အနောက်ပိုင်းတွင် ပျက်ကျခဲ့ကြောင်း ကာကွယ်ရေးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

အဆိုပါလေယာဉ်ပျက်ကျရာတွင် လေယာဉ်မှူးနှင့်အတူ အကူလေယာဉ်မှူးမှာ အန္တရာယ်ကင်းစွာ လွတ်မြောက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ယင်းလေယာဉ်သည် ဘာယာပြည်နယ်အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မပျက်ကျမီ တိုက်ခိုက်ရေးဂျက်လေယာဉ်မှာ ပုံမှန်ပျံသန်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ ရုရှားလုပ် MiG-21 ဂျက်လေယာဉ်သည် အိန္ဒိယလေတပ်အခြေစိုက်စခန်းမှဖြစ်ကြောင်းသိရပြီး ထိုသို့ပျက်ကျမှုမျိုး မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အမေရိကန်-ရုရှား၏ ဆီးရီးယားငြိမ်းချမ်းရေး သဘောတူညီမှုပေါ် တူရကီ ကြိုဆို

**အန်ကာရာ စက်တင်ဘာ ၁၀**

အမေရိကန်နှင့် ရုရှား၏ ဆီးရီးယားငြိမ်းချမ်းရေးသဘောတူညီမှုပေါ် ကြိုဆိုကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။ တိုက်ပွဲများကို ရပ်တန့်ရန်နှင့် လိုအပ်သူများထံ လူသားချင်းဆိုင်ရာ အကူအညီများလာမည့်တနင်္လာနေ့မှစ၍ ထောက်ပံ့ပေးနိုင်ရန်အတွက် ငြိမ်းချမ်းရေးသဘောတူညီမှုသည် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်ကြောင်း ၎င်းဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။
**(ဆင်ဟွာ)**

# ဘင်္ဂလားဒေ့ရှ်တွင် ဘွိုင်လာအိုးပေါက်ကွဲ၍ ၂၃ ဦးသေဆုံး၊ ၅၀ ကျော် ဒဏ်ရာရ

**ဒါကာ စက်တင်ဘာ ၁၀**

ဘင်္ဂလားဒေ့ရှ်မြို့တော် ဒါကာဆင်ခြေဖုံးဖြစ်သော တွန်ဂီစက်မှုဇုန် အစားအစာနှင့် စီးကရက်ထုပ်ပိုးစက်ရုံတစ်ခုရှိ ဘွိုင်လာအိုးတစ်လုံး စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပေါက်ကွဲခဲ့ရာ အနည်းဆုံး ၂၃ ဦး သေဆုံးခဲ့ပြီး အခြားလူ ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၂၀၁၃ ခုနှစ် ရာနပလာဇာအဆောက်အအုံပြိုကျပြီး လူပေါင်း ၁၁၀၀ ကျော် သေဆုံးခဲ့ပြီးနောက် ယခုဖြစ်ပွားသော ဘွိုင်လာအိုးပေါက်ကွဲမီးလောင်မှုသည် နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

အမည်မဖော်လိုသူ အရာရှိတစ်ဦး၏ ပြောကြားချက်အရ ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်တွင် ဖြစ်ပွားခဲ့ကြောင်းသိရပြီး ဘွိုင်လာအိုးပေါက်ကွဲမှုကြောင့် မီးအချိန်တော်တော်ကြာ လောင်ကျွမ်းခဲ့ကာ သေဆုံးသူအရေအတွက် ၂၃ ဦးအထိ ရှိလာကြောင်း သိရသည်။



မီးလောင်နေချိန် အဆောက်အအုံထဲတွင် လူ ၁၀၀ ခန့်ရှိကြောင်း ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသော မိုဟာမက်နာရန်က သတင်းထောက်များကို ပြောခဲ့သည်။ မီးသတ်တပ်ဖွဲ့ ၂၀ ခန့်က မီးများကို ကြိုးစားငြိမ်းသတ်ခဲ့ရကြောင်း၊ ပေါက်ကွဲလောင်ကျွမ်းနေသော အဆောက်အအုံထဲတွင် ကျန်ရှိနေသောလူ ရှိ၊ မရှိအတည်မပြုနိုင်သေးကြောင်း၊ သို့သော်လည်း အဓိကတာဝန်မှာ အထဲရှိလူများကို ကယ်ဆယ်ရန်ဖြစ်ကြောင်း မီးသတ်ဦးစီးအရာရှိတစ်ဦးဖြစ်သူ မိုဟာမက် အခါတာရက် ဇမန်က ပြောကြားခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပြီးနောက် ယင်းပေါက်ကွဲသောနေရာတွင် လူ ၂၃ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူအများအပြားရှိသောကြောင့် သေဆုံးသူဦးရေမှာ မြင့်တက်လာနိုင်ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

ယင်းပေါက်ကွဲမှုတွင် လူပေါင်း ၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းသိရပြီး စက်ရုံတာဝန်ခံက ယခုလောလောဆယ်တွင် ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မှတ်ချက်ချပြောဆိုခြင်း တစ်စုံတစ်ရာ မရှိသေးကြောင်း သိရသည်။ **(ရိုက်တာ)**

မလေးရှားလေကြောင်းလိုင်းပိုင် MH 370 ခရီးသည်တင်လေယာဉ်ကြီး ပျောက်ဆုံးသွားတာ သုံးနှစ်ရှိလာပြီဖြစ်ပေမယ့် အခုချိန်ထိတိုင်အောင် အဖြေရှာလို့မရသေးပါဘူး။ ၂၀၁၄ ခုနှစ် မတ်လကတည်းက ပျံသန်းနေစဉ်ပျောက်ဆုံးသွားတဲ့ အဲဒီလေယာဉ်ပေါ်မှာ ခရီးသည် ၂၃၉ ဦး လိုက်ပါစီးနင်းခဲ့ပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူကနေ တရုတ်နိုင်ငံ ပေကျင်းကို ပျံသန်းနေစဉ် ပျောက်ဆုံးသွားခဲ့တာပဲဖြစ်ပါတယ်။

# ပဟေဠိဆန်ဆန်ပျောက်ဆုံးသွားတဲ့ လေယာဉ်ရှာဖွေမှုတွေ ရပ်ဆိုင်းတော့မှာလား

**ချိုးစန္ဒီနွေး**

မလေးရှား၊ တရုတ်နဲ့ ဩစတြေးလျ အာဏာပိုင်တွေဟာ လေယာဉ်ပျက်ကျသွားတယ်လို့ယူဆရတဲ့နေရာတွေမှာ ရှာဖွေမှုတွေ ပြုလုပ်ခဲ့ပါတယ်။ လေယာဉ်အပျက်အစီးအပိုင်းအစတွေကိုတွေ့ရတယ်လို့ ဟိုနေရာ ဒီနေရာကနေ သတင်းတွေ တစ်စွန်းတစ်စ ထွက်လာတတ်ပေမယ့် တိတိကျကျအဖြေကိုတော့ ဆွဲထုတ်လို့ မရသေးပါဘူး။ ဒီတော့လေယာဉ်ပျက်ကျတဲ့အထဲကိုပါသွားတဲ့လူတွေရဲ့မိသားစုဝင်တွေဟာလည်း စိတ်ဓာတ်ကျလာကြတယ်။ သူတို့တွေအားလုံးစုကြပြီးတော့ ဩစတြေးလျကိုသွားကြတယ်။ ရှာဖွေမှုတွေအတွက် အစိုးရကို ဖိအားပေးဖို့သွားကြတာပဲဖြစ်တယ်။ သက်သေအထောက်အထား အသစ်တွေထပ်ပြီးတော့ မတွေ့ရဘူးဆိုရင် ရှာဖွေမှုတွေကို အခုနှစ်ကုန်ပိုင်းမှာ ရပ်ဆိုင်းရတော့မှာပဲဖြစ်ပါတယ်။ လေယာဉ်ပျက်ကျသွားတဲ့ အထဲမှာပါသွားခဲ့တဲ့ ခရီးသည်တစ်ဦးရဲ့ သမီးဖြစ်သူ ဂရေ့စ်နသန်ကတော့ ဆွေမျိုးတွေအားလုံးကို စုစည်းပြီးတော့ လေယာဉ်ရှာဖွေမှုပြုလုပ်ခဲ့တဲ့ အားထုတ်မှုတွေကို သိဖို့လိုအပ်တယ်လို့ ပြောခဲ့တယ်။ ဒါမှသာ ယုံကြည်လောက်တဲ့ သက်သေအထောက်အထား အသစ်တွေရရှိပြီး ရှာဖွေမှုတွေ ဆက်လုပ်နိုင်မှာပဲဖြစ်ပါတယ်။ "ရှာဖွေမှုတွေကို မထင်မရှားပြုလုပ်ခဲ့တယ်။ အဲဒီအတွက်ကြောင့် ရှာဖွေမှုတွေရပ်တန့်လိုက်ဖို့ ဆုံးဖြတ်တဲ့အခါမှာ အခက်ကြုံလာတော့တာပါပဲ"လို့ ဂရေ့စ်နသန်က ပြောပါတယ်။

သူဟာဒီခရီးစဉ်နဲ့ပတ်သက်ပြီး ခံစားမှုပေါင်းစုံရောထွေးနေတယ်လို့ ပြောပါတယ်။ လေယာဉ်ပျက်ကျတဲ့အထဲပါသွားတဲ့ လူတွေရဲ့ ဆွေမျိုးအချို့ကလည်း အခုလိုပဲစွပ်စွဲခဲ့ပါတယ်။ မလေးရှားအာဏာပိုင်တွေဟာ အာဖရိကကမ်းရိုးတန်းတစ်လျှောက်မှာ သောင်တင်လာတဲ့ သက်သေအထောက်အထားအသစ်တွေကို အရေးတယူမလုပ်ဘဲ လျစ်လျူရှုခဲ့တယ်လို့ ပြောခဲ့တယ်။ လွန်ခဲ့တဲ့လကတော့ လေယာဉ်အပျက်အစီးအပိုင်းအစသုံးခုကို စစ်ဆေးခဲ့ပါတယ်။ အကြီးဆုံးအပျက်အစီး အပိုင်းအစကိုတော့ တောင်အာဖရိက ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက တွေ့ရှိခဲ့တာပဲဖြစ်တယ်။ အဲဒီအပျက်အစီးဟာ တြိဂံပုံစံဖြစ်ပြီး သူ့ရဲ့မျက်နှာပြင်မှာ မလေးရှားလေကြောင်းလိုင်းရဲ့ အရောင်ဖြစ်တဲ့ အနီနဲ့အဖြူရောင်တို့ပါရှိတယ်။ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ဖို့ဆိုပြီး အဲဒီအပျက်အစီးကို မလေးရှားကိုပို့ခဲ့တယ်။ ဆွေမျိုးအချို့ကတော့ ရှာဖွေမှုပုံစံတွေကို မကျေနပ်ကြပါဘူး။ လေယာဉ်အပိုင်းအစထောင်ပေါင်းရာပေါင်းများစွာဟာ အိန္ဒိယသမုဒ္ဒရာတစ်လျှောက် ဝေးလံလှတဲ့ကမ်းခြေတွေ သောင်တင်နေမှာကို သူတို့စိတ်ပူကြတယ်။ အဲဒီနေရာတွေကိုသွားပြီး ရှာဖွေဖို့စီစဉ်ရတာလည်း မလွယ်ကူလှပါဘူး။ သူတို့စောဒကတက်ကြတာကတော့ အဲဒီနေရာတွေဟာသွားရောက်ဖို့ ဝေးကွာတာမှန်ပေမယ့် ငါးဖမ်းသမားကဲ့သို့ ဒေသခံအချို့ကတော့အပျက်အစီးတွေကို တွေ့ကောင်းတွေ့နိုင်တယ်။ သဲလွန်စတွေ ရှာတွေ့နိုင်တယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ အဲဒီတော့ သူတို့ကိုလေယာဉ်အပိုင်းအစတွေကို ဘယ်လိုရှာဖွေရမယ်။ တကယ်လို့တွေ့ရှိခဲ့ရင်လည်း ဘယ်လိုလုပ်ရမလဲဆိုတာ ပြောထားရမယ်လို့ အကြံပြုထားကြပါတယ်။ အမေရိကန်လူမျိုးတစ်ဦးဖြစ်တဲ့ ဘလိန်းဂစ်ဆွန်ကတော့ ကမ်းခြေတွေမှာ အပျက်အစီးအပိုင်းအစတွေကို စုစည်းရှာဖွေနေပါတယ်။ သူဟာငွေကြေးအကျိုးအမြတ်ရရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှာဖွေမှုတွေလုပ်နေခဲ့တာတော့ မဟုတ်ပါဘူး။ အပျက်အစီးသေးသေးလေးတစ်ခုဟာ လေယာဉ်တစ်စင်းလုံး ဘယ်လိုပျက်ကျခဲ့ရတာလဲဆိုတာ အကြောင်းအရာကြီးတစ်ခုလုံးကို ဖော်ထုတ်မပေးနိုင်ပေမယ့် သဲလွန်စတွေကိုတော့ ပေးနိုင်ပါတယ်။



ပျောက်ဆုံးလေယာဉ် အပျက်အစီးများကို တွေ့ရစဉ်

လေယာဉ်ပျက်ကျသွားတဲ့ လူတွေရဲ့မိသားစုဝင်တွေကတော့ ကမ်းခြေတွေမှာ ဆက်လက်ရှာဖွေပေးဖို့ သူ့ကိုတောင်းဆိုခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ လေယာဉ်ပျက်ကျရတဲ့ဖြစ်ရပ်မှန်ကို သိရဖို့နဲ့ သူတို့ချစ်မြတ်နိုးရတဲ့ဆွေမျိုးတွေရဲ့ အမှတ်ရစရာပစ္စည်းလေးတွေရရှိဖို့ နောက်ဆုံးအခွင့်အရေး ဖြစ်နေလို့ပါပဲ။ ပင်လယ်ပြင်ကျယ်ကြီးမှာ ပြုလုပ်နေတဲ့ရှာဖွေမှုတွေကို ယခုနှစ်နှောင်းပိုင်းမှာ တဖြည်းဖြည်းအဆုံးသတ်သွားတော့မှာပဲ ဖြစ်ပါတယ်။




မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်များကိုတွေ့ရစဉ်

ကျန်ရစ်သူဆွေမျိုးတွေ အဓိကကြောက်ရွံ့နေရတဲ့အချက်ကတော့ ဘာကိုမျှမည်မည်ရရ မသိရသေးဘဲ ရှာဖွေမှုတွေရပ်တန့်ပစ်လိုက်မှာကိုပဲ။ "ကမ္ဘာကြီးကတော့ သူ့ဘာသာ ဆက်လက်လှုပ်ရှားနေဦးမှာပဲ။ သူတို့ကတော့ ဘာဖြစ်ခဲ့တာလဲဆိုတာသိဖို့ မျှော်လင့်ချက်နဲ့ပဲ ကျန်ရစ်ခဲ့ရမှာပါ"လို့ ဆွေမျိုးတွေက ပြောပါတယ်။

နိုင်ငံအချို့က ကျန်ရစ်သူဆွေမျိုးတွေဟာလည်း အင်္ဂါနေ့က ပတ်သ်မြို့ကိုရောက်လာခဲ့ကြပါတယ်။ ကိုယ့်စရိတ်နဲ့ကိုယ်လာခဲ့ကြတာပါ။ သူတို့ဟာ ဩစတြေးလျသယ်ယူပို့ဆောင်ရေးလုံခြုံစိတ်ချရမှုဗျူရို (CATSB) ရဲ့ကိုယ်စားလှယ်နဲ့တွေ့ဆုံဖို့ရှိပါတယ်။ ပြီးရင်တော့ ရှာဖွေတွေ့ရှိထားတဲ့အပျက်အစီးတွေကို ကြည့်ဖို့ရှိပါတယ်။ ATSB ဟာ ရှာဖွေမှုတွေကို ပူးပေါင်းလုပ်ဆောင်ပေးမယ့်ကမ်းခြေကို သောင်တင်လာတဲ့လေယာဉ်အပျက်အစီးတွေနဲ့ အဓိကသက်ဆိုင်တာကတော့ မလေးရှားပဲဖြစ်ပါတယ်။ ယခုသီတင်းပတ်အစောပိုင်းက ဩစတြေးလျသတင်းစာတစ်စောင်ရဲ့ဖော်ပြချက်ကတော့ ကျန်ရစ်ခဲ့တဲ့ဆွေမျိုးတွေဟာ မလေးရှားဆီကနေ ဩစတြေးလျအစိုးရကို စုံစမ်းစစ်ဆေးမှုတွေလွှဲပြောင်းယူဖို့ တိုက်တွန်းကောင်း တိုက်တွန်းနိုင်တယ်လို့ ဖော်ပြထားပါတယ်။

ကျန်ရစ်သူဆွေမျိုးတွေ အဓိကမျှော်လင့်ကြတာကတော့ အာဖရိကကမ်းရိုးတန်းမှာ တွေ့ရှိခဲ့တဲ့အပျက်အစီးတွေဟာ ယုံကြည်ရတဲ့သဲလွန်စအသစ်ဖြစ်နိုင်မဖြစ်နိုင်တိတိကျကျ သိရဖို့ပဲဖြစ်ပါတယ်။

အခုအချိန်ထိတော့ ပင်လယ်ကြမ်းပြင်ရဲ့ စတုရန်းကီလိုမီတာ ၁၁၀၀၀၀ ကျော် ရှာဖွေထားပြီးပါပြီ။ ဒီဇင်ဘာလကုန်ဝန်းကျင်မှာ စတုရန်းကီလိုမီတာ ၁၂၀၀၀၀ ကို ရှာဖွေပြီးစီးမယ်လို့လည်းမျှော်လင့်ရပါတယ်။ တရုတ်သင်္ဘောကတော့ ပင်လယ်ပြင်မှာ ရှာဖွေမှုတွေပြုလုပ်ရမယ့်အစား ဩစတြေးလျအနောက်ပိုင်းမှာပဲ ကျောက်ချထားတဲ့အချိန်က ပိုများနေတယ်လို့ ဝေဖန်ကြပါတယ်။

အဲဒီသင်္ဘောမှာလည်း သူ့အခက်အခဲနဲ့သူ ရှိပါတယ်။ ရှာဖွေမှုကို ဒီနှစ်ကုန်ပိုင်းမှာရပ်တန့်တော့မယ်လို့ သတင်းတွေ ထွက်ပေါ်လာတာကြောင့် ကျန်ရစ်ခဲ့တဲ့မိသားစုဝင်တွေ စိတ်ထိခိုက်ရတာတော့အမှန်ပါပဲ။ လေယာဉ်ပျက်ကျတဲ့အထဲပါသွားတဲ့ မိသားစုဝင်တွေ အသက်ရှင်ဖို့ဆိုတာ မျှော်လင့်လို့မရတော့ပေမယ့် သူတို့ကို အောက်မေ့အမှတ်ရဖွယ်ပစ္စည်းလေးတွေတော့ ပြန်လိုချင်တာ လူ့သဘာဝပါပဲ။

အဲဒီတော့ ကျန်ရစ်ခဲ့တဲ့ မိသားစုဝင်တွေ စုစည်းပြီး ရှာဖွေမှုတွေဆက်လုပ်နိုင်ဖို့ တွန်းအားပေးနိုင်မလား။ ဒါမှမဟုတ် ရှာဖွေမှုတွေကို အကျိုးမထူးတော့ဘူးလို့ပဲယူဆပြီး ရပ်တန့်လိုက်ရတော့မှာလားဆိုတာကတော့ သဲလွန်စအသစ်ရှာတွေ့မှုအပေါ်မှာ မူတည်ပါတယ်။

**ကိုးကား-ဘီဘီစီ**

(၆-၉-၂၀၁၆)

> **လေယာဉ်ပျက်ကျသွားတဲ့လူတွေရဲ့ မိသားစုဝင်တွေကတော့ ကမ်းခြေတွေမှာ ဆက်လက်ရှာဖွေပေးဖို့ သူ့ကိုတောင်းဆိုခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ လေယာဉ်ပျက်ကျရတဲ့ ဖြစ်ရပ်မှန်ကိုသိရဖို့နဲ့ သူတို့ချစ်မြတ်နိုးရတဲ့ ဆွေမျိုးတွေရဲ့ အမှတ်ရစရာပစ္စည်းလေးတွေရရှိဖို့ နောက်ဆုံးအခွင့်အရေး ဖြစ်နေလို့ပါပဲ**



## ငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်ရန် အမေရိကန်နှင့် ရုရှားသဘောတူ

**ဝါရှင်တန် စက်တင်ဘာ ၁၀**

ရုရှားနှင့် အမေရိကန်တို့သည် တနင်္လာနေ့တွင် ဆီးရီးယားစစ်ပွဲများအဆုံးသတ်ရေး သဘောတူညီချက်ကို ကြေညာခဲ့သည်။ အစီအစဉ်တွင် ဆန့်ကျင်ဘက်အုပ်စုများထိန်းချုပ်ထားသော ဒေသများတွင် ဆီးရီးယားအစိုးရက ပစ်ခတ်တိုက်ခိုက်ခြင်းများကို အဆုံးသတ်ရေးဖြစ်သည်။

ရုရှားနှင့်အမေရိကန်တို့သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ ဂျီဟတ်အုပ်စုများကို တိုက်ခိုက်ချေမှုန်းရန်အတွက် ပူးပေါင်းရေးစင်တာတစ်ခုတည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကြေညာချက်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗရော့တို့ ဆွေးနွေးအပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။ အစီအစဉ်အရ နှစ်ဖက်စလုံးမှ ၎င်းတို့အချင်းချင်း လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို တွေ့ဆုံဆွေးနွေးရန်လိုအပ်ကြောင်း မစ္စတာ ကယ်ရီက ဂျီနီဗာမြို့၌ ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဆီးရီးယားအစိုးရသို့ အစီအစဉ်အကြောင်း အသိပေးထားပြီး ဆီးရီးယားဘက်မှ လိုက်နာဆောင်ရွက်ရန် အဆင်သင့်ရှိနေကြောင်း မစ္စတာ လာဗရော့က ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

## နိုင်ငံတကာထုတ်ကုန်ပြပွဲကြီးနှစ်ခု တစ်နေရာတည်း တစ်ပြိုင်တည်းကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ၏ ထုတ်ကုန်ကဏ္ဍ မြင့်မားတိုးတက်လာရေးအတွက် အဓိက ဖြည့်ဆည်းပံ့ပိုးပေးနိုင်မည့် နိုင်ငံတကာအဆင့် ထုတ်ကုန်ပြပွဲကြီး နှစ်ခုကို မကြာမီကာလအတွင်း ရန်ကုန်မြို့တွင် တစ်နေရာတည်း၊ တစ်ပြိုင်တည်း ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

အစားအသောက်နှင့် ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အကြီးမားဆုံးပြပွဲကြီးဖြစ်သည့် Propak Myanmar 2016 နှင့် နိုင်ငံတကာနည်းပညာနှင့်ထုတ်ကုန်များ ပါဝင်သော Manufacturing Myanmar 2016 ပြပွဲကြီးနှစ်ခုကို လာမည့်စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ရှင်စောပုလမ်း Myanmar Event Park ၌ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွင့်လှစ်ပြသသွားရန် စီစဉ်လျက်ရှိသည်။ "ဒီပြပွဲကြီးနှစ်ခုဟာ နိုင်ငံကုန်ထုတ်လုပ်ရေးကဏ္ဍရဲ့ ပြောင်းလဲမှုအတွက် ဖြည့်ဆည်းပေးရာမှာ အဓိကအခန်းကဏ္ဍကပါဝင်နေပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ရဲ့ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ နည်းပညာသစ်တွေ ရှာဖွေနိုင်မှာဖြစ်ပါတယ်"ဟု ဦးဇော်မင်းဝင်းက စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် UMFCCI ၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောသည်။

Propak Myanmar 2016 ပြပွဲတွင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀ ကျော်ပါဝင်ပြသမည်ဖြစ်ကာ တရုတ်၊ အီတလီ၊ စင်ကာပူ၊ ထိုင်ဝမ် (တိုင်ပေ)နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး ငါးခု ပါဝင်ပြသမည် ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း လူသိများသော နောက်ဆုံးပေါ် ထုတ်ကုန်များနှင့် နည်းပညာသစ်များလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အလားတူ Manufacturing Myanmar 2016 ပြပွဲကြီးတွင်လည်း နိုင်ငံနှင့်ဒေသ ၁၄ ခုမှ ကုမ္ပဏီပေါင်း ၅၀ ကျော်ပါဝင်ပြသကာ စင်ကာပူနှင့် ထိုင်ဝမ် (တိုင်ပေ)တို့မှ နိုင်ငံတကာပြခန်းကြီးနှစ်ခု ပါဝင်ပြသမည်ဖြစ်ကြောင်း၊ စင်ကာပူပြခန်းကြီးတွင် ဂျပန်၊ တရုတ်၊ အမေရိကန်နှင့် ဂျာမနီ နိုင်ငံတို့မှ နည်းပညာနှင့်စက်မှုထုတ်ကုန် များ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ကုန်ပြပွဲကြီးနှစ်ခုသည် မြန်မာနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုကို နည်းပညာအရသော် လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် မြန်မာထုတ်ကုန်များ အရည်အသွေးမီ အဆင့်အတန်းမြင့်မားစွာ ထုပ်ပိုးမှုအဆင့်အတန်း မြင့်မားလာက မြန်မာနိုင်ငံ၏ ပို့ကုန်များ မြင့်မားတိုးတက်လာစေရေးအတွက်ပါ များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

## သုံးဘီးမော်တော်ဆိုင်ကယ်များအား ယာဉ်လိုင်စင် ရှိ မရှိ စစ်ဆေးသွားမည်

**မြစ်ကြီးနား စက်တင်ဘာ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မောင်းနှင်နေသော သုံးဘီးမော်တော်ဆိုင်ကယ်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ရရှိပါက လိုင်စင် ရှိ မရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း အမှတ်(၁၅)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးမှ သိရသည်။

"သုံးဘီးမော်တော်ဆိုင်ကယ် ယာဉ်လိုင်စင် ရှိ မရှိ စစ်ဆေးဖို့အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အပါအဝင် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းတွေပါဝင်တဲ့ အဖွဲ့ဝင် ၁၀ ဦး ပါဝင်တဲ့အဖွဲ့ကို ယခုနှစ် ဩဂုတ်လအတွင်းမှာ ယာယီဖွဲ့စည်းထားပြီးဖြစ်ပါတယ်"ဟု အဆိုပါရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်ရရှိတာနဲ့ သုံးဘီးမော်တော်ဆိုင်ကယ်တွေ ယာဉ်လိုင်စင် ရှိ မရှိ စတင်စစ်ဆေးသွားမှာပါ။ အဓိကတော့ ယာဉ်လိုင်စင်ကို စစ်ဆေးသွားမှာပါ။ ယာဉ်လိုင်စင်မရှိရင်တော့ ဒေသပေါက်ဈေးနဲ့တွက်ပြီး ၅၀ ရာခိုင်နှုန်း ဒါမှမဟုတ် သင့်လျော်တဲ့ဒဏ်ငွေ သတ်မှတ်ပြီး ဒဏ်ရိုက်ကောက်ခံမယ်။ ယာဉ်လိုင်စင်မရှိတဲ့ သုံးဘီးမော်တော်ဆိုင်ကယ်တွေကိုလည်း ယာဉ်လိုင်စင်လုပ်ပေးသွားဖို့ အစီအစဉ်ရှိပါတယ်" ဟုလည်း အဆိုပါတာဝန်ရှိသူက ဆက်ပြောသည်။



မြစ်ကြီးနားမြို့တွင် သုံးဘီးမော်တော်ဆိုင်ကယ်များ ပေါလာပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာသည့် ယာဉ်မောင်းသူများရှိသလို မလိုက်နာသူများလည်းရှိနေကြောင်း၊ ယာဉ်မောင်းသူများ စည်းကမ်းမလိုက်နာသည့်အတွက် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများလည်း မကြာခဏတွေ ဖြစ်ပွားလျက်ရှိခြင်းကြောင့် ယာဉ်တိုက်မှုများလျော့နည်းစေရန်နှင့် လမ်းပိတ်ဆို့မှုများ မဖြစ်စေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ယာဉ်မောင်းသူများ လိုက်နာမှုရှိအောင် စစ်ဆေးမှုများဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ မြစ်ကြီးနားမြို့၌ သုံးဘီးမော်တော်ဆိုင်ကယ်များအပါအဝင် ကား၊ ဆိုင်ကယ်မောင်းသူများကို ပညာပေးလုပ်ငန်းများလည်း အမြဲလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း မော်တော်ယာဉ်မတော်တဆမှု ၁၄၆ ခုဖြစ်ပွားခဲ့ပြီး ၂၁၃ ဦး ဒဏ်ရာရရှိကာ ၆၄ ဦးသေဆုံးခဲ့သည်။ ဆိုင်ကယ်မတော်တဆမှုမှာ ၃၁၆ မှုရှိပြီး ဒဏ်ရာရရှိသူ ၅၈၈ ဦးရှိကာ သေဆုံးသူ ၁၀၇ ဦးရှိခဲ့သည်။ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မတော်တဆမှုမှာ ၁၈၉ မှုဖြစ်ပွားခဲ့ပြီး ၂၄၁ ဦး ဒဏ်ရာရရှိကာ ၇၅ ဦး သေဆုံးခဲ့သည်။ အခြားယာဉ်မတော်တဆမှုမှာ ၃၁၀ ရှိပြီး ၄၈၅ ဦး ဒဏ်ရာရရှိကာ ၁၁၉ ဦးသေဆုံးခဲ့ရာ သုံးနှစ်အတွင်း စုစုပေါင်းယာဉ်မတော်တဆမှု ၁၀၃၉ ခုတွင် ဒဏ်ရာရရှိသူ ၁၅၂၆ ဦးနှင့် သေဆုံးသူ ၃၆၀ ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## မိုးစပါးများ ရေကြီးနစ်မြုပ်မှုဖြစ်ခဲ့သော်လည်း စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကြို့ပင်ကောက် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့အတွင်းမှ မိုးစပါးစိုက်ခင်းများမှာ ပြီးခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်မှု ကြုံတွေ့ခဲ့ရပြီးနောက် ယခုအခါ ပြန်လည်စိုက်ပျိုးလျက်ရှိကြောင်းနှင့် ရေနစ်မြုပ်မှုဒဏ်မခံရသော စပါးခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ရေကြီးနစ်မြုပ်မှုဒဏ်မခံရသော ကျောင်းကုန်းကျေးရွာ တောင်သူ ဦးကျော်ဇင်ဝင်းက "ကျွန်တော်တို့က ဒီနှစ်သဏ္ဍာန်ကြဲတော့ စိုက်ပျိုးစရိတ်သက်သာတာပေါ့။ ဒါပေမယ့် ပေါင်းမြက်ရယ် ပိုးမွှားရောဂါကိုပါ ဂရုစိုက်ရတယ်။ သဏ္ဍာန်က ရေသွင်းရေထုတ်လည်း မှန်မှန်လုပ်ရတယ်။ အခုနှစ်တော့ တော်တော်သီးတယ်။ မနှစ်ကထက် ပိုထွက်မယ်လို့ထင်တယ်"ဟု ပြောသည်။ ရေကြီးနစ်မြုပ်မှုဒဏ် မခံရသောမိုးစပါးစိုက်ခင်းများကို အထွက်နှုန်းတိုးတက်လာစေရန် မြေဩဇာကျွေးခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်းတို့အပြင် ပိုးမွှားရောဂါကာကွယ်ရေး ရေသွင်းရေထုတ်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဒေါ်မာမာအောင်က "စိုက်ပျိုးဧက စုစုပေါင်း ၈၅၃၇၆ ဧကမှာ ရေကြီးနစ်မြုပ်မှုကြောင့် ဧက ၇၂၀၀ ပျက်စီးခဲ့လို့ အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ရက် ၉၀ စပါးမျိုးတွေ ထောက်ပံ့ပေးလို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။ ပြီးခဲ့သည့်လအတွင်းက ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့သဖြင့် ၂၀၁၆-၂၀၁၇ မိုးစပါးစိုက်ပျိုးရာသီတွင် စပါးစိုက်လယ်မြေများစွာ ရေကြီးနစ်မြုပ်မှုဒဏ် ခံစားခဲ့ကြရသည့်အတွက် ပြန်လည်အစားထိုးစိုက်ပျိုးခြင်းကို မြို့နယ်များတွင် အချိန်မီ ဆောင်ရွက်နေကြကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ကျေးရွာနေပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ဟိုပုံး စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို စက်တင်ဘာ ၆ ရက်က ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းရှစ်ဦးအဖွဲ့က ဒုတိယ ရက် ၁၀၀ စီမံချက်အရ NRC အဖွဲ့နှင့်ပူးပေါင်းပြီး ကျောက်တန်းကျေးရွာ အုပ်စုအတွင်းရှိ ပြည်သူများအား ကျေးရွာဘုန်းကြီးကျောင်း၌ အခြေပြု၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး(ယာယီ) ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်သွင်နှင့် မြို့နယ်ဦးစီးမှူး ဦးရဲအောင်၊ (NRC) အဖွဲ့ ဦးကျော်သူတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူ ၆၂ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်း ၆၅ ခုတို့ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**


**ဝယ်လိုသည်**

Second - hand အဲယားကွန်းနှင့် မီးအားမြှင့်စက်များဝယ်သည်။

ဖုန်း-၀၉-၇၃၀၆၅၅၆၂၊ ၀၉-၃၀၃၈၂၂၆၇

**အမည်ပြောင်း**

ဦးဝင်းငွေ ၁၁/သတန(နိုင်)၀၅၀၂၄၂၏သား သံတွဲမြို့၊ အထက(၂)၊ နဝမတန်း (B) မှ မောင်ရဲဝင့်သူအား မောင်ရဲဝင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲဝင့်

**ဖခင်အမည်မှန်**

ငဖဲမြို့နယ်၊ ပဒါန်း(အထက) တက္ကသိုလ်ဝင်တန်း (c) မှ မောင်တင်မင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းအောင်(ခ) ဦးသန်းလွင် ၁၁/အမန(နိုင်)၀၃၀၀၉၄ ဖြစ်ပါကြောင်း။

ဦးစိုးမင်းအောင်(ခ)ဦးသန်းလွင်

**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မယဉ်မွန်လွင်နှင့် မူလွန်ဖီး(အောက်)ပဉ္စမတန်းမှ မယဉ်မွန်ဖင်တို့၏မိခင်အမည်မှန်မှာ ဒေါ်သက်သက်ခိုင် ၇/ဖမန(နိုင်)၁၅၅၃၄၉ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာ၊ လက်ပန်လှ အထက တက္ကသိုလ်ဝင်တန်း(A) မှ မောင်ကောင်းမြတ်သူ၏ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၉/မတရ(နိုင်)၀၄၇၂၄၈ ဖြစ်ပါသည်။

ဦးခင်မောင်အေး

**ဖခင်အမည်မှန်**

တန့်ဆည်မြို့နယ်၊ သစ်တော်ပေါက် (တ) အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်သက်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၅/တဆန(နိုင်)၀၈၀၃၃၃ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာအထက(ယင်းမာပင်) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇော်ထွန်းနောင်၏ဖခင်အမည်မှန်မှာ ဦးထိန်လင်းစိုး ၉/သစန(နိုင်)၀၇၉ ၅၄၇ ဖြစ်ပါကြောင်း။

ဦးထိန်လင်းစိုး ၉/သစန(နိုင်)၀၇၉၅၄၇

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၃-၂၀၁၆ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာ၊ဒဂုံတောင်မြို့နယ်ဦးအောင်ဝင်း၏ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်(၁၂/လကန(နိုင်)၀၈၅၆၇၀)အစား(၁၂/တကန(နိုင်)၁၅၅၆၇၀)ဟုအမှန်ဖတ်ရှုပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၆၂၇၄၃ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်လွင် ၇/တငန(နိုင်)၀၉၈၄၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တောင်ငူ)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/4879 ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

**ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်**

(၁) **မှော်ဘီကားလမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်းတွင်ရှိသော မြေကျယ်ကျယ်အမြန်ရောင်းမည်**

မှော်ဘီမြို့နယ်၊ အစိုးရအုတ်စက်ရုံအနီး၊ မြို့ကျောင်းလမ်းမကြီးဘေး၊ မြေအကျယ်(၂၈)ဧက၊ ဘုန်းကြီးကျောင်းမြေကျယ်ကျယ် ဝယ်ယူလှူဒါန်းလိုသူများ၊ တရားရိပ်သာဖွင့်လိုသူများအတွက် ဈေးလျှော့ပေးမည်။ စိုက်ပျိုးရေး၊ အုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံ လုပ်ကိုင်လိုသူများ အထူးအဆင်ပြေသည်။ ရေကောင်းသည်။ မီးပါသည်။ စိန်တလုံးသရက်ပင်၊ ကီလိုမာလကာပင်၊ သံပရာပင်များ စိုက်ပျိုးထားသည်။ မြေပြင်ညီသည်။ ခြံမျက်နှာဝကျယ်သည်။ ကားလမ်းမကြီးဘေး၊ သွားရေးလာရေးလွယ်ကူသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ **ကျပ်သိန်း (၁၂၀၀၀)**

(၂) **မိသားစုများများနေထိုင်ရန် အခန်းများများနှင့် နှစ်ထပ်လုံးချင်းတိုက်သစ်ရောင်းမည်**

ရန်ကုန်တွင် မိသားစုများများနှင့်တစုတဝေးတည်း နေထိုင်လိုသူများအတွက် အခန်းများများနှင့် လုံးချင်းနှစ်ထပ်တိုက်ကျယ်ကျယ်၊ မြေအကျယ်ပေ(၉၀×၇၀)၊ အိမ်အကျယ်(2510sqft)၊ လူလုံးဝမနေထိုင်ရသေးပါ၊ Master Bedroomနှစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းကျယ်နှစ်ခန်း၊ TV ကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကားနှစ်စီးဆံ့ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master Bedroom တစ်ခန်းပါ၊ Aircon ၁၁လုံး၊ ခန်းဆီးလိုက်ကာတပ်ဆင်ပြီး၊ ကြိုးမဲ့ CCTV၊ ခြံထဲတွင်နားနေရန်ဘန်ဂလိုတစ်လုံးပါ၊ အိမ်ထောင်ပရိဘောဂအပြည့်အစုံထည့်ပေးမည်၊ ခြံပတ်ပတ်လည် ဘရိတ်စားဆူးကြိုးကာပြီး၊ မြက်ခင်းပြင် အလှပန်းပင်များစိုက်ပြီး၊ ခြံထဲတွင် ကားခြောက်စီးရပ်ထားနိုင်ပါသည်။ အဆင့်မြင့်ပြင်ဆင်ပြီးတိုက်သစ်။ **ကျပ်သိန်း (၄၀၀၀)**

(၃) **ငွေဆောင်-မော်တင်လမ်းခွဲ၊ မော်တင်စွန်းရေနက်ဆိပ်ကမ်းသွားသည့် လမ်းမကြီးဘေး၊ အချက်အချာကျ နေရာကောင်းတွင်ရှိသော ရော်ဘာပင်များနှင့် ခြံကျယ်ကျယ် အမြန်ရောင်းမည်**

ငွေဆောင်-မော်တင်လမ်းခွဲ၊ မော်တင်စွန်းရေနက်ဆိပ်ကမ်းလေးလမ်းသွားလမ်းမကြီးဘေး၊ စားသောက်ဆိုင်ဖွင့်ရန် နေရာကောင်း၊ အိမ်ကလေးတစ်လုံးပါ၊ ခြံပတ်ပတ်လည်တွင် ချောင်းဖြင့်ဝန်းရံထားသည်။ အရိပ်ရရော်ဘာပင်များ စိုက်ပျိုးထားသည်။ မျက်နှာဝ ပေ(၆၂၀)၊ မြေအကျယ် ၅ဒသမ၁၃ဧက၊ ဥယျာဉ်ခြံမြေ၊ မော်တော်ကားများ ဦးတိုက်သည့် သရက်ပင်မောင်နှမရှေ့ကခြံ၊ အလွန်သာယာသည်။ **ကျပ်သိန်း (၇၀၀)**

(၄) **ချောင်းသာတွင် ဟိုတယ်ဖွင့်လိုသူများအတွက် မြေကွက်ကျယ်ကျယ်ရောင်းမည်**

မြေကွက်ကျယ်ကျယ်၊ အရင်းအနှီးနည်းနည်းဖြင့် ချောင်းသာတွင် ဟိုတယ်ဖွင့်လိုသူများအတွက် မြေကွက်ကျယ်ကျယ် ရောင်းရန်ရှိသည်။ ငွေရှိပြီး စီးပွားရေးလုပ်ချင်သူများအတွက် အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလိုတစ်လုံးပါ၊ စကားဝါတောင်ခြေ၊ မျက်နှာဝပေ(၆၀၇)၊ မြေဧရိယာ(၅ဒသမ၅ဧက)အကျယ် မြေကွက်။ **ကျပ်သိန်း (၈၅၀၀)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၂၅၀၁၆၅၅၁၉၊ ၀၉-၄၃၂၉၂၉၂၉**

# နောင်ချိုမြို့နယ် ဘန့်ဘွေးတိုးဂိတ်အနီး၌ ယာဉ်ငယ်ပေါ်မှ ကျောက်စိမ်းတုံး အရွယ်စုံ ၁၁၄ တုံး သိမ်းဆည်းရမိ



**နောင်ချို စက်တင်ဘာ ၁၀**
နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ရဲကင်းစခန်းမှ ရဲအုပ် အောင်ချစ်စု ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် မန္တလေး-လားရှိုး ကားလမ်း ဘန့်ဘွေးကျေးရွာအနီး အိုရီယမ်တယ်တိုးဂိတ်တွင် စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီခန့်က မန္တလေးမှ လားရှိုး-မူဆယ်ဘက်သို့ ယာဉ်မောင်း တုံပေါင်းဟူ(ခ)ကိုစိုင်း မောင်းနှင်လာသော GG/---- နစ်ဆန်းအမျိုးအစား ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ ကျောက်စိမ်းတုံး အရွယ်စုံ ၁၁၄ တုံး (အလေးချိန် ၂၂၆၀၈၇ ကီလိုဂရမ်)ခန့် သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိသဖြင့် တရားဝင်အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့်အတွက် ယာဉ်မောင်း တုံပေါင်းဟူ(ခ) ကိုစိုင်း(၃၀ နှစ်)အား နောင်ချိုမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ကျောက်တံခါးမြို့၌ ကြက်သွန်အိတ်များ တင်ဆောင်လာသောယာဉ် လမ်းဘေးထိုးကျတိမ်းမှောက်

**ကျောက်တံခါး စက်တင်ဘာ ၁၀**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမိုင်တိုင်အမှတ် (၁၁၄/၆) နှင့် (၁၁၄/၇)ကြား သံလမ်းခုံးအကွေ့အနီး စည်ပင်သာယာခန်းမရှေ့၌ စက်တင်ဘာ ၁၀ ရက် နံနက်၅ နာရီက ကြက်သွန်အိတ်များ တင်ဆောင်လာသော ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဇေယျာလင်း(၂၈ နှစ်) ရန်မျိုးအောင်ရပ်ကွက် မိတ္ထီလာမြို့နေ မောင်းနှင်သည့် ယာဉ်အမှတ်5E/---- ခြောက်ဘီးယာဉ်သည် ကြက်သွန်အိတ်များ တင်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ **(အောက်ပုံ)** ယာဉ်မောင်းတွင် ထိခိုက်ဒဏ်ရာမရရှိသော်လည်း ယာဉ်မှာ ယာဘက်ရှေ့ပိုင်း ပိန်ချိုင့်ပျက်စီးခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဇေယျာလင်းအား ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# ဖဲလောင်းကစားပြုလုပ်နေသူများအား လောင်းကြေးငွေကျပ် ၂၄ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ



**နေပြည်တော် စက်တင်ဘာ ၁၀**
မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ် (က)ရပ်ကွက်နေ ဝင်းမင်းသန်း (၃၉ နှစ်)၏ နေအိမ်တွင် ဖဲလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ စက်တင်ဘာ ၉ ရက် ည ၁၀ နာရီ ၃၅ မိနစ်ခန့်က ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ ဖဲလောင်းကစားနေသော တံတာဦးမြို့ ရေခဲချောင်းရပ်နေ သိန်းထွန်းစိုး(ခ) ကိုအောင်(၄၀ နှစ်)ပါ ၁၈ ဦးတို့အား ဖဲလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၄၀၂၅၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အိမ်ရှင် ဝင်းမင်းသန်းနှင့် သိန်းထွန်းစိုး(ခ)ကိုအောင် ပါ ၁၈ ဦးတို့အား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ငွေကျပ် ၁၅ သိန်း ဘဏ်မှထုတ်ယူပြီး ဆိုင်ကယ်တူးဘောက်ထဲထည့်ထားစဉ် ခိုးခံရ

**နောင်ချို စက်တင်ဘာ ၁၀**
နောင်ချိုမြို့မရဲစခန်းတွင် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီခွဲက နောင်ချိုမြို့ ဈေးရပ်ကွက်နေ ဦး--- သည် ဘဏ်မှ ငွေထုတ်ယူပြီး ဆိုင်ကယ်တူးဘောက်ထဲတွင် ထည့်ထားပြီး နောင်ချိုမြို့နယ် သဖန်းကိုင်းကျေးရွာ မိမိပိုင်ခြံဝင်းအတွင်း ဆိုင်ကယ်ရပ်ထားစဉ် အမည်မသိသူတစ်ဦးက ခိုးယူသွားသဖြင့် အရေးယူပေးပါရန် တိုင်ကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦး--- သည် ဘဏ်မှ ငွေကျပ် ၁၅ သိန်းထုတ်ပြီး ဆိုင်ကယ်တူးဘောက်အတွင်းထည့်၍ သဖန်းကိုင်းကျေးရွာ စိုက်ပျိုးခြံဝင်းအတွင်း သော့တန်းလန်းဖြင့် ရပ်ထားစဉ် စိုက်ပျိုးရေးခြံဝင်းအတွင်းသို့ အမည်မသိဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦး ဝင်ရောက်လာပြီး ဦး--- ၏ ဆိုင်ကယ်အနီးသို့ ယှဉ်ရပ်ကာ ရေတောင်းသောက်ပြီး ဆိုင်ကယ်ဖြင့် စီးနင်းထွက်သွားခဲ့ရာ ဦး--- က ၎င်း၏ ဆိုင်ကယ်တူးဘောက်ထဲမှ ငွေကျပ် ၁၅ သိန်းကို ညီဖြစ်သူအား ပေးရန် သွားယူရာတွင် အခိုးယူခံခဲ့ရသည်ကို သိရခြင်းဖြစ်သည်။ နောင်ချို မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၆၂)

# မြဝတီမြို့၌ ငွေကျပ်သိန်း ၃၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**မြဝတီ စက်တင်ဘာ ၁၀**
ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်တွင် စက်တင်ဘာ ၉ ရက်က ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၃၆၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းအရ ဘားအံခရိုင်နှင့် မြဝတီခရိုင် မူခင်းနှိမ်နင်းရေးအဖွဲ့တို့သည် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ချစ်ကြည်ရေး ဆီဆိုင်လမ်းထောင့်နှင့် ဘုရင့်နောင်လမ်းထောင့်တွင် စောင့်ဆိုင်းနေစဉ် စိုင်းနွဲ့ဆိုင်းလုံ ဆိုသူအားစစ်ဆေးရာ လွယ်အိတ်အတွင်းမှ တန်ဖိုးငွေကျပ်သိန်း ၂၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

စိုင်းနွဲ့ဆိုင်းလုံအား စစ်ဆေးရာ အဆိုပါဆေးပြားများမှာ စိုင်းလုံနှင့် စိုင်းထူးတို့ထံမှ မြန်မာကျပ်ငွေ ၂၅ သိန်းဖြင့် လွန်ခဲ့သော သုံးရက်ခန့်က ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းသိရ၍ မြဝတီမြို့ အာရှလမ်း တောင်ကလေးဘုန်းကြီးကျောင်းအနီးတွင် စောင့်ဆိုင်းစဉ် ယာဉ်အား ပိတ်ဆို့ ဖမ်းဆီးရာ ထွက်ပြေးသွားခဲ့သည်။



ဖမ်းဆီးရေးအဖွဲ့က အဆိုပါယာဉ်နောက် ထက်ကြပ်မကွာ လိုက်ပါပြီး ကားချင်းတိုက်ချဖမ်းဆီးခဲ့ရာ ကားနောက်ခန်း၌ တန်ဖိုးငွေကျပ် သိန်း ၉၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ စိုင်းနွဲ့ဆိုင်းလုံ မိုင်းရှူးမြို့ စိုင်းထူး ကျောက်သီးမြို့နယ်နှင့် စိုင်းလုံ မိုင်းရှူးမြို့နေသူတို့အား အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မူဆယ်မြို့နယ်၌ ဘိန်းစိမ်း ၁၃ ဒသမ ၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**
မူဆယ်မြို့နယ် နမ့်ပေါ်တံတားလုံခြုံရေးရဲကင်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၈ ရက်က နမ့်ပေါ်တံတားရဲကင်းရှေ့တွင် အငှားယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မနန်းစိန်ဉနှင့် မနန်းကွယ်တို့ နှစ်ဦး သယ်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ ဘိန်းစိမ်း ခုနစ်ထုပ်(အလေးချိန် ၁၃ ဒသမ ၄ ကီလို)ကို ဖမ်းဆီးရမိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


### ဖခင်အမည်မှန်
တန့်ဆည်မြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(C)မှ မောင်စည်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၅/တဆန(နိုင်)၁၄၅၇၂၁ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အင်းဘုတ်ကုန်းကျေးရွာနေ မောင်ပြည့်စုံဌေး ၇/မလန(နိုင်) ၁၁၃၃၈၃ ၏ ဖခင်အမည်မှန်မှာ ဦးစိုး ဖြစ်ပါကြောင်း။ **ဦးစိုး**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ပြည်မြို့၊ နဝင်းနယ်မြေ၊ ပန်းဘဲတန်းလမ်း၊ ကျောင်းကုန်းရပ်ကွက်၊ အမှတ် ၈၉၄ နေ ဦးတင်ဝင်း ၇/ပမန(နိုင်)၀၄၆၆၅၄၏ သမီး မမိုးမိုးစန်း ၇/ပမန(နိုင်)၀၄၃၈၅၃ သည် မိဘဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများစိတ်ဆင်းရဲအောင်ပြုလုပ်နေခြင်းတို့ကြောင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း။ **ဦးတင်ဝင်း ၇/ပမန(နိုင်)၀၄၆၆၅၄**

### မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ
ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၃ ရက် အီဒွလ်အသွာဟာ (ဘက္ကရီအီးဒ်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ ကုန်ချ ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

### အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ (၈၂)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ် (၆)၊ အခန်း (၂၀၁) နေ ဒေါ်ခင်လေးနိုင် ၁၂/ဒဂတ(နိုင်)၀၃၆၉၄၇သည် ကျွန်ုပ်မိတ်ဆွေဖြစ်ပြီး ၎င်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် အထက်ပါလိပ်စာရှိ တိုက်ခန်းအား ၇-၃-၂၀၁၂ရက်ကတည်းက ဝယ်ယူပိုင်ဆိုင်ကာ ယနေ့တိုင်အဆိုပါအခန်း၌ပင် မိသားစုနှင့်အတူ နေထိုင်နေပါသည်။ အဆိုပါတိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်သော အရောင်းအဝယ်စာချုပ်များသည် ပျောက်ဆုံးသွားပါသောကြောင့် ကျွန်ုပ်မိတ်ဆွေပိုင် တိုက်ခန်းအရောင်းအဝယ်စာချုပ်များအား အခြားသူများမှ တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် အဆိုပါစာချုပ်ရရှိထားသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်လွှဲပြောင်းအပ်နှံစေရန် အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြော်ငြာပါပြီးနောက် ခုနစ်ရက်ကျော်လွန်သည့်အခါ ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်၍ တိုက်ခန်းပိုင်ဆိုင်မှုစာချုပ်အား အသစ်ပြန်လည်လျှောက်ထားကာ ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်လေးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀)**
**တိုက်အမှတ် (၉/၁၁)၊ အခန်းအမှတ် (၁၀၂/အီး)၊ ပထမထပ်၊ ၃၆လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အထက(ခွဲ) သရက်ကုန်းစာဖြူစု တက္ကသိုလ်ဝင်တန်း (B) မှ မခင်ဇာနည်လင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ၇/ပတတ(နိုင်) ၀၉၉၄၄၂ ဖြစ်ပါကြောင်း။ **ဦးအောင်ထွန်း**

### မိဘအမည်မှန်
မြင်းခြံမြို့နယ် ဆီမီးခုံ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဟန်လွင်ဦး၏ မိဘအမည်မှန်မှာ ဦးဖြူလွင် ၉/မခန(နိုင်)၁၃၉၅၂၈ နှင့် ဒေါ်သင်းမာ ၉/မခန(နိုင်)၁၇၇၉၃၉ ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ လူနေရပ်ကွက်အမှတ် စက်မှုဇုန်၊ မြေကွက်အမှတ် ၁၉၆၊ ကနောင် ၆ လမ်းရှိ မြေအကျယ်အဝန်းအားဖြင့် အလျား ၇၉ပေ×အနံ ၁၃၅ပေ၊ ဧရိယာ ၀ ဒသမ ၂၄၅ ဧက၊ စတုရန်းပေ ၁၀၆၆၅ အကျယ်အဝန်းရှိသောမြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှိ မြို့မြေစာရင်းတွင် ဦးစိန်လွင် (ဘ)ဦးဘထွန်း PGU-၁၂၂၆၈၅ (၁၂/မရက(နိုင်)၁၁၂၇၄၉) အမည်ဖြင့် ထုတ်ပေးထားသော နှစ်၆၀ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဦးစိန်လွင်မှ မိမိပိုင်ဆိုင်သည်ဟု ပြောဆိုပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ပြောဆို၍ ပြန်လည်ရောင်းချခြင်းဖြစ်သဖြင့် အဆိုပါမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ကျွန်မ၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်၍ စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါ နှစ်၆၀ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်းအထောက်အထားစာရွက်စာတမ်း မူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဥမ္မာ (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း-၀၉-၅၀၂၉၅၆၆၊ ၀၉-၄၂၃၇၀၈၂၃၇၊ ၀၉-၄၂၃၇၃၈၈၄၆**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန် (၅)၊ လူနေရပ်ကွက်အမှတ် စက်မှုဇုန်၊ မြေကွက်အမှတ် ၁၁၀၊ ရောလမ်းရှိ မြေအကျယ်အဝန်းအားဖြင့် (အလျား ၁၈၂ပေ×အနံပေ ၂၆၃/၂၈၅ပေ)၊ ဧရိယာ ၁ ဒသမ ၁၄၄ ဧက၊ စတုရန်းပေ ၄၉၈၆၈ အကျယ်အဝန်းရှိသောမြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရှိ မြို့မြေစာရင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးစိန်အေး(AD-၀၀၅၂၇၆၊ ၁၂/အလန(နိုင်)၀၂၅၆၆၀)-ဒေါ်သိန်းသိန်း (AD-၀၀၄၈၇၀၊ ၁၂/အလန(နိုင်)၀၁၉၃၅၁)-ဦးစောသိန်း(WKA-၀၉၉၂၆၂၊ ၁၂/အလန(နိုင်)၀၂၂၅၁၄)တို့၏အမည်ဖြင့် ထုတ်ပေးထားသော နှစ် ၆၀ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဒေါ်ရီရီသာ(ခ)မစ်ရှဲသာဝင်း (KMDE-၀၁၅၁၈၄၊ ၁၂/ကမရ(နိုင်)၀၄၈၁၇၂)မှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် (၂၂-၆-၂၀၀၁) ရက်စွဲပါ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် ၃၈၅၀/၂၀၀၁၊ မှတ်ပုံတင်စာအုပ်အမှတ် (၁)၊ အတွဲ (၅၆၇)၊ စာမျက်နှာအမှတ် (၃၇/၃၉)ဖြင့် တရားဝင်ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ရီရီသာ၏သားဖြစ်သူ ဦးပိုင်သာထူး (ဘ)ဦးယဉ်ထူးကျော်မြင့် ၁၂/အစန(နိုင်)၂၀၀၀၈၂မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI-၁၉၂၄/၂၀၁၆ ရက်စွဲဖြင့် မိမိတရားဝင်ရောင်းချပိုင်ခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ပြောဆိုဝန်ခံ၍ ပြန်လည်ရောင်းချခြင်းဖြစ်သဖြင့် အဆိုပါမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ကျွန်မ၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်၍ စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါ နှစ် ၆၀ဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားစာရွက်စာတမ်း မူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဥမ္မာ (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း-၀၉-၅၀၂၉၅၆၆၊ ၀၉-၄၂၃၇၀၈၂၃၇၊ ၀၉-၄၂၃၇၃၈၈၄၆၊ ၀၉-၅၁၆၂၈၆၃**

# ၂၀၁၇ MNL အမှတ်ပေးပြိုင်ပွဲကို ၁၂ သင်းဖြင့် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စက်တင်ဘာ ၁၀ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၆ ရာသီအပြီးတွင် အသင်း ပြန်လည်အပ်နှံသည့် အသင်းများ၊ ပြိုင်ပွဲမယှဉ်ပြိုင်တော့ဟု ထုတ်ပြန်သည့် အသင်းများကြောင့် လှုပ်ခတ်မှုများရှိခဲ့သော်လည်း မြန်မာနေရှင်နယ်လိဂ် ကော်မတီအစည်းအဝေး နှစ်ကြိမ်ပြုလုပ်ကာ ရာသီသစ်အတွက် အတည်ပြု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ရာသီအပြီးတွင် MNL ကလပ် ဇေယျာရွှေမြေအသင်းနှင့် ပထမတန်းချန်ပီယံဖြစ်ပြီး MNL သို့ တန်းပြန်တက်ခွင့်ရရှိခဲ့သည့် မနောမြေအသင်းတို့မှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ အသင်းအပ်နှံထားကြောင်း တရားဝင် စာတင်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီက လက်ခံခဲ့သည်။ ယင်းအသင်းများအနက် MNL ကလပ် ဇေယျာရွှေမြေအသင်း အစား အဆင့် ၁၁ နေရာမှ တန်းဆင်းရမည့် Southern အသင်းက ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ပထမတန်းချန်ပီယံ မနောမြေအသင်းအစား တတိယနေရာရခဲ့သည့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

၂၀၁၇ ရာသီမှ စတင်ကာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ မယှဉ်ပြိုင်တော့ဟု အသင်း Facebook ၌ ထုတ်ပြန်ကြေညာခဲ့သည့် ဇွဲကပင်အသင်းသည် ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ၂၀၁၇ ရာသီ MNL ပြိုင်ပွဲကို လက်ရှိချန်ပီယံ ရတနာပုံအသင်းအပါအဝင် ရန်ကုန်၊ မကွေး၊ ဧရာဝတီ၊ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ ဇွဲကပင်၊ ချင်းယူနိုက်၊ ရခိုင်၊ Southern ၊ GFA နှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ဇေယျာရွှေမြေအသင်းသည် အိမ်ကွင်းအဖြစ် အသုံးပြုနေသည့် မုံရွာကွင်းကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က ပြည်သူပိုင်ကွင်းအဖြစ် ပြန်လည်အပ်နှံရန် ဆုံးဖြတ်ခဲ့သောကြောင့် အသင်းပိုင်ရှင်က ကွင်းနှင့်အတူ အသင်းကိုပါ ပြန်လည်အပ်နှံခဲ့ခြင်းဖြစ်သည်။ မနောမြေအသင်းသည် ငွေကြေးအနေအထားကြောင့် ပြန်လည်အပ်နှံခဲ့ခြင်းဖြစ်ပြီး ကစားသမားများအား ပေးချေရမည့် လစာကြွေးကျန်များကို မြန်မာနေရှင်နယ်လိဂ် ကော်မတီရန်ပုံငွေမှ စိုက်ထုတ်ပေးချေသွားမည်ဖြစ်သည်။

ပရော်ဖက်ရှင်နယ်လိဂ် ပြိုင်ပွဲဖြစ်သည့် MNL ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ပြီးစီးခဲ့သည့် ရှစ်ကြိမ်တွင် ရတနာပုံနှင့် ရန်ကုန်အသင်းတို့က လေးကြိမ်စီဗိုလ်စွဲခဲ့သည်။ ရှစ်နှစ်သက်တမ်းရှိပြီဖြစ်သော်လည်း MNL ကလပ်အသင်းများအနေဖြင့် ဝင်ငွေရရှိမှု လွန်စွာနည်းပါးနေပြီး အသင်းပိုင်ရှင်၏ စိုက်ထုတ်သုံးစွဲမှုအပေါ် မှုတည်နေရာ ကလပ်အသင်းများအနေဖြင့် ရေရှည်ရပ်တည်နိုင်ရန် နည်းလမ်းရှာဖွေလုပ်ဆောင်သင့်နေပြီဖြစ်သည်။

**ညီမြတ်သော်တာ**

# တိုင်းဒေသကြီး/ပြည်နယ် လှေလှော်ပြိုင်ပွဲအတွက် မန္တလေးတိုင်းဒေသကြီး လှေလှော်အားကစားသမားများရွေးချယ်

**မန္တလေး စက်တင်ဘာ ၁၀**

ရန်ကုန်မြို့ အင်းလျားကန်၌ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လှေလှော်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရန်အတွက် အမျိုးသား၊ အမျိုးသမီး လှေလှော်အသင်း လက်ရွေးစင်အားကစားသမားများ ရွေးချယ်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးရေပြင်၌ ကျင်းပရာ ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံမှ လှေလှော်သင်တန်းသား သင်တန်းသူများ၊ မန္တလေး အောင်မြေသာစံမြို့နယ် နန်းမြို့မှ လှေလှော်အားကစားသမားများ၊ မတ္တရာမြို့နယ်မှ လှေလှော်အားကစားမောင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ တိုင်းဒေသကြီး လှေလှော်အသင်းအတွက် လူရွေးပွဲတွင် အမျိုးသား၊ အမျိုးသမီး ရိုးရာ ခုနစ်တက် မီတာ ၅၀၀ လှေပြိုင်ပွဲကို ကန်တော်ကြီးမြောက်ဘက် ရေပြင်စုရပ်မှ တာလွှတ်ယှဉ်ပြိုင်ကြရာ ကန်တော်ကြီးရေပြင် တောင်ဘက်ရှိ Royal Lake အနီး၌ ပန်းဝင်လှော်ခတ်ကြပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တာဝန်ရှိသူများ၊ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် အား/ကာသိပ္ပံ မန္တလေး၊ ချမ်းမြသာစည်၊ အမရပူရနှင့် မတ္တရာမြို့နယ် အား/ကာ ဦးစီးအရာရှိများ၊ ပြိုင်ပွဲဝင် လှေအသင်း တာဝန်ခံများက စိစစ်ရွေးချယ်ကြကြောင်းနှင့် တိုင်းဒေသကြီး လှေလှော်အသင်း အမျိုးသား၊ အမျိုးသမီး ပဏာမ လက်ရွေးစင်အားကစားသမား ၃၀ ကျော်တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# မန်ချက်စတာဒါဘီ မန်စီးတီးတို့ အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၄)အစောဆုံးပွဲစဉ်အဖြစ် မန်ယူနှင့်မန်စီးတီးတို့ မန်ချက်စတာဒါဘီပြိုင်ဘက်ပွဲစဉ်ကို စနေနေ့ ညနေပိုင်းက အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ချက်စတာဒါဘီ ပြိုင်ပွဲကြီးတွင် နာမည်ကြီး နည်းပြနှစ်ဦးဖြစ်သော မော်ရင်ဟိုနှင့် ဂွါဒီရိုလာတို့၏ အားပြိုင်မှုနှင့်အတူ ယနေ့ပွဲတွင် အိမ်ရှင် မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် အီဘရာဟီမိုဗစ်ကို အထောင်ထားခဲ့သည်။ မန်စီးတီးအသင်းက ၄-၃-၃ တိုက်စစ်ပုံစံဖြင့် စတာလင်း၊ နာချို၊ နိုလီတိုတို့ အတွဲဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ၁၅ မိနစ်တွင် ကွင်းလယ်ကစားသမား ဒီဘရိုင်းက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး (ဝဲပုံ) ၃၆ မိနစ်တွင် တိုက်စစ်မှူး နာချိုက ဂိုးတိုင်ထိ၍ ပြန်ထွက်လာသော ဘောလုံးကို အနီးကပ်ပိတ်သွင်းယူခဲ့ပြီး မန်စီးတီးတို့ ဒုတိယမြောက်ဂိုး ထပ်မံရရှိခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၂ မိနစ်တွင် မန်ယူအတွက် ချေပဂိုးကို တိုက်စစ်မှူး အီဘရာဟီမိုဗစ်က မြေမကျ ကန်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံးလူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း ဂိုးထပ်မံမရရှိခဲ့ပေ။ ဘောလုံးပိုင်ဆိုင်မှုအနေဖြင့် မန်စီးတီးက အသာစီးရရှိခဲ့သည်။ ဂိုးကန်သွင်းခွင့်ဖြင့် မန်ယူက ၁၁ ကြိမ် ရရှိပြီး သုံးကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ မန်စီးတီးသည် ၁၄ ကြိမ်အထိ ရရှိပြီး ခြောက်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။

အခြားပွဲစဉ်များအဖြစ် အာဆင်နယ်က ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘုန်းမောက်က ဝက်စ်ဘရွန်းကို တစ်ဂိုး-ဂိုးမရှိ၊ ပဲလေ့စ်က မစ်ဒယ်ဘရော့ကို နှစ်ဂိုး- တစ်ဂိုး၊ စပါးက စတုတ်ကို လေးဂိုး-ဂိုးမရှိ၊ ဝက်ဖို့ဒ်က ဝက်စ်ဟမ်းကို လေးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရပြီး ဘန်လေနှင့် ဟားလ်စီးတီး တစ်ဂိုးစီသရေဖြစ်ခဲ့သည်။

■ **သီဟ**


## ဖခင်အမည်မှန်

ရေဦးမြို့၊ ဖွဲ့သန်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မောင်မျိုးသီဟကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ချိုဝင်း ၅/တဆန(နိုင်)၀၀၄၂၀၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ သစ်တော်ပေါက်(တ)အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မပပဝင်း၊ အဋ္ဌမတန်း (A) မှ မမြမြဝင်းနှင့် ဒုတိယတန်းမှ မောင်ပြည့်စုံအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဦး ၅/တဆန(နိုင်)၀၈၆၁၆၆ ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/6659 Nissan Condor MK 252k ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးသန်း ၁၄/ပဗတ(နိုင်)၀၀၀၀၅၈က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူးရုံး**
**တမူးခရိုင်၊ တမူးမြို့**

## ၂/၂၀၁၆ ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများအတွက် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၁။ ဘိလပ်မြေ(အပါချို) | ၄၆၀၀အိတ် | ၄။ သံချောင်းလုံးရှယ်စုံ(နိုင်ငံခြား) | ၆၂တန် |
| ၂။ သဲ | ၁၀၅ ကျင်း | ၅။ ၅ထပ်သား (7mm) | ၁၀၄ချပ် |
| ၃။ စက်ခွဲကျောက် | ၂၁၀ ကျင်း | ၆။ ဒီဇယ်ဆီ | ၄၅၀ဂါလန် |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၉-၂၀၁၆ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ တမူးမြို့။
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၇-၉-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ တမူးမြို့

အသေးစိတ်သိရှိလိုပါက တမူးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် လာရောက်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**တမူးမြို့ ဖုန်း-၀၇၃-၄၀၀၀၈**

**ဖခင်အမည်မှန်**
တန့်ဆည်မြို့နယ်၊ သစ်တော်ပေါက် (တ)အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မလွင်မာဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ငွေး ၅/ဗမန(နိုင်)၀၀၆၆၉၆ ဖြစ်ပါသည်။

**မွန်ပြည်နယ်၊ လမ်းဦးစီးဌာန**
**မော်လမြိုင်မြို့**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊**
**ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းသုံးပစ္စည်းများ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ လမ်းဦးစီးဌာနလက်အောက်ရှိ မော်လမြိုင်ခရိုင်၊ သထုံခရိုင် လမ်းဦးစီးဌာနများတွင် (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများ၊ ဆောင်ရွက်ရန်လိုအပ်သော ကတ္တရာ၊ လမ်းခင်းကျောက်မျိုးစုံ၊ဘိလပ်မြေ၊ သံချောင်း၊ မြစ်သဲ၊ ကျောက်စရစ်၊ တောသစ်စသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၁၂-၉-၂၀၁၆ ရက်(တနင်္လာနေ့)
(ခ) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့။
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၁-၁၀-၂၀၁၆ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက် အချိန်** - ၁၁-၁၀-၂၀၁၆ ရက်(အင်္ဂါနေ့) - နံနက် ၁၀း၀၀နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၇၅၉၊ ၀၅၇-၄၀၀၄၆**

★နေမင်းခြင်္ကာ★
ရာထူးဝင်သင်တန်းကြီး
★ဒုရဲအုပ်(ဝင်ခွင့်)
★၉/၂၀၁၆ဦးစီး(အနီးကပ်သင်တန်း)စပြီ။
★နိုင်ငံခြားရေးဝန်ကြီးဌာနမှတ်စု - ၇၀၀၀ ကျပ်
နေပြည်တော် - ရွှေမင်းသားစာပေ-09-979507227/အမိပတီစာပေ-067-8108077/ လမင်းဝင်းဝင်းစာပေ-067-432238/သရဖူစာပေ-09-796616615
မန္တလေး - ညီစာပေ-027-4418/ခေတ်မီစာပေ-09-91020565
မော်လမြိုင် - ကျော်ကျော်စာပေ-09-425322625
လားရှိုး - စမ်းပြင်းမန်းစာပေ- 09-5261083
မုံရွာ - အမိပတီစာပေ- 071-21357
ပုသိမ် - ဖြိုးမျိုးစာပေ- 09-5200159
မကွေး - ရွှေပြည်စိုးစာပေ-09-965340474
လက်ပံတန်း - အောင်မြင်စာပေ-09-794221577
ပြည် - နေမင်းခြင်္ကာမိတ္တူဆိုင်-09-791177858
Ice Berry
Ph: 09 4200 42200, 09 26433 5331, 09 777 69 8167




## ဖခင်အမည်မှန်

တန့်ဆည် အထက ၂ တက္ကသိုလ်ဝင်တန်း (F)မှ မအေးသီခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြအောင် ၅/တဆန(နိုင်)၀၀၀၇၇၃ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ ရွှေသရဖူကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မခိုင်သင်းဝေ ၏ဖခင်အမည်မှန်မှာ ဦးဟံဝင်း ၅/တဆန(နိုင်)၁၀၂၈၁၃ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ရွာသာယာအလက စတုတ္ထတန်းမှ မအိသန္တာကျော်နှင့် ပထမတန်းမှ မောင်လှိုင်ထက်ကျော် တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းကျော် ၅/တဆန(နိုင်)၀၇၇၈၉၃ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ် ထ/၁၅၁၊ ထ/၁၅၂၊ မြေတစ်ကွက်လျှင် အကျယ်အဝန်း အလျားပေ၄၀×အနံပေ၁၀၀စီရှိ နှစ် ၆၀ဂရန်မြေကွက်နှစ်ကွက်အား အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ် ၇၃၅/၂၀၀၄ နှင့် ၇၃၄/၂၀၀၄ အရ တရားဝင် ပိုင်ဆိုင်ထားသူ ဦးကျော်ဇေအောင် ၁၂/စခန(နိုင်)၀၄၃၇၃၆၏ အထူးကိုယ်စားလှယ်လွှဲစာရသူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးကျော်ကျော် ၁၃/ကမန(နိုင်)၀၆၄၃၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ သစ်တော်ပေါက်(တ) အထကခွဲ တက္ကသိုလ်ဝင်တန်းမှ မခိုင်စိုးဦး၊ သတ္တမတန်း(B)မှ မောင်စိုးလင်းအောင်နှင့် ဆဋ္ဌမတန်း(B)မှ မောင်သန့်ဇင်ဝင်း တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိုး ၅/တဆန(နိုင်)၀၁၈၉၉၈ ဖြစ်ပါသည်။

# မြန်မာ...ဧရာဝတီ...ပြည်သူ (အပိုင်း-၄)

## သိပ္ပံစာရေးဆရာကိုကိုအောင်

ကနဦးညှိနှိုင်းချက်များအရ မူလက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှာ မီဂါဝပ် ၄၁၀၀ သာဖြစ်သော်လည်း ၂၀၀၉ ခုနှစ် စာချုပ်အရ မြစ်ဆုံတမံ၏အမြင့်မှာ ပေ ၄၅၀ ကျော်ရှိပြီး၊ တပ်ဆင်မည့်စက်အင်အားမှာ မီဂါဝပ် ၆၀၀၀ ဖြစ်လာခဲ့သည်။ တပ်ဆင်မည့်စက်အလုံးရေမှာ ရှစ်လုံးဖြစ်ပြီး စက်တစ်လုံး၏ ထုတ်လုပ်အင်အားမှာ ၇၅၀ မီဂါဝပ်ဖြစ်ရာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရေအားလျှပ်စစ်စက်ရုံဖြစ်သည့် တရုတ်နိုင်ငံ မြစ်ကျဉ်းသုံးသွယ်ရေအားလျှပ်စစ်စက်ရုံ၌ တပ်ဆင်ထားသောစက်တစ်လုံးစီ၏ အင်အားထက်ပင် ၅၀ မီဂါဝပ်စီ ပိုမိုအင်အားကောင်းမည့်သဘော ဖြစ်သည်။

ကမ္ဘာ့အကြီးမားဆုံးသော ရေအားလျှပ်စစ်စက်ရုံ ၁၀ ရုံ (Top 10)စာရင်းဝင် ဖြစ်လာတော့မည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီးနှင့်ပတ်သက်၍ အလွန်တိုတောင်းလှသည့် ၂ နှစ်ဆိုသော အချိန်ကာလအတွင်း ဘူမိဗေဒဆိုင်ရာလေ့လာမှု ကိန်းဂဏန်း အချက်အလက်များ၊ ဇလဗေဒဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ၊ ရေသယံဇာတနှင့် ရေစီးဆင်းမှုဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ၊ လျှပ်စစ်ထုတ်လုပ်မည့်စက်အင်အားနှင့် စက်တပ်ဆင်မှုဆိုင်ရာ စံချိန်စံညွှန်းများ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ခြေရှိမှုအပေါ်တွက်ချက်ထားသည့် ကိန်းဂဏန်းအချက်အလက်များ၊ ဂေဟဗေဒဆိုင်ရာ လေ့လာသုံးသပ်မှုများ၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုအပေါ် အကျိုးသက်ရောက်နိုင်ခြေများ၊ မြစ်လမ်းကြောင်းပြောင်းလဲနိုင်မှုနှင့် မြစ်ရေတိုက်စားမှုဆိုင်ရာ သုံးသပ်အကဲဖြတ်မှုများ၊ နုန်းအနည်ပို့ချမှုဆိုင်ရာ ခန့်မှန်းတွက်ချက်မှုများ၊ ငလျင်ဆိုင်ရာ လေ့လာသုံးသပ်မှုများ၊ မမျှော်လင့်သောအကြောင်းတစ်ခုခုကြောင့် တမံကြီးပြိုလဲသွားပါက ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ကြီးမားသည့်ရေဘေးသင့်နိုင်ခြေ တွက်ချက်မှုများ စသည်တို့အပါအဝင် အလွန်ပင်ကြီးမားကျယ်ပြန့်လှသည့် လေ့လာသုံးသပ် တိုင်းတာတွက်ချက် အကဲဖြတ်မှုများကို မည်ကဲ့သို့လုပ်ဆောင်ခဲ့ကြသနည်း။ မည်သည့်ပညာရှင်များက သို့တည်းမဟုတ် မည်သို့သောပုဂ္ဂိုလ်များက အတည်ပြုပေးလိုက်ကြသနည်းဆိုသည်ကို မြန်မာပြည်သူလူထုတစ်ရပ်လုံးက သိချင်ကြလိမ့်မည် ဖြစ်သည်။

ကမ္ဘာ့အကြီးမားဆုံး စီမံကိန်းများစာရင်းဝင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ပေါ်လာမည့်အကျိုးကျေးဇူးကို မြန်မာ့ရေခံမြေခံပြည်သူတို့က မခံစားရဘဲ ရင်းနှီးမြှုပ်နှံသူတို့ကသာ ခံစားကြရမည့်အပေါ် မြန်မာပြည်သူလူထုက လက်မခံနိုင်ကြရုံမျှမက ထိုစီမံကိန်းကိုအကြောင်းပြု၍ နောက်ဆက်တွဲဖြစ်ပေါ်လာမည့် လူမှုဘဝဆိုင်ရာ ဒုက္ခသုက္ခများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ၊ သဘာဝဘေးအန္တရာယ်အပေါ် စိုးရိမ်ကြောင့်ကျမှုများ၊ ဘဝနေထိုင်မှုပုံစံပြောင်းလဲသွားနိုင်သည့်ကိစ္စရပ်များ၊ မိရိုးဖလာ အစဉ်အဆက်လုပ်ကိုင်ခဲ့သောလုပ်ငန်းများကို စွန့်လွှတ်ရနိုင်ဖွယ်ရှိနေမှုများ စသည်တို့အတွက်ကိုပါ မြန်မာတစ်မျိုးသားလုံးက ရတက်မအေး ဖြစ်နေကြရပြီဖြစ်သည်။

ရေနစ်သူဝါးကူထိုး ဆိုသကဲ့သို့ မြန်မာပြည်သူတို့ ခါးစည်းခံကြရမည့်(လူ့ပယောဂကြောင့် ဖြစ်ပွားလာဖွယ်ရှိနေသော) ဘေးအန္တရာယ် ဖြစ်ပွားနိုင်မှုကာလကို ပို၍သက်ဆိုးရှည်စေမည့် ထပ်ပေါင်းအကြောင်းတစ်ရပ်မှာ မြစ်ဆုံရေအားလျှပ်စစ်စက်ရုံ၏ လုပ်ပိုင်ခွင့်သက်တမ်းပင်ဖြစ်သည်။ ကမ္ဘာပေါ်၌ နည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ ပြဿနာကြီးမားလှသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လုပ်ပိုင်ခွင့်သည်ပင်လျှင် အများဆုံး နှစ် ၃၀ အထိသာဖြစ်သော်လည်း ယခုဆောင်ရွက်မည့် မြစ်ဆုံရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံ CPI ၏ လုပ်ပိုင်ခွင့်သက်တမ်းမှာ အနှစ် ၅၀ အထိ ရှိနေသည်။

ထို့ပြင် မေခမြစ်ပေါ်ရှိ ချီဖွေရေအားလျှပ်စစ်စီမံကိန်း (၃၄၀၀ မီဂါဝပ်)နှင့် မလိခမြစ်ပေါ်ရှိ လိုင်ဇာရေအားလျှပ်စစ်စီမံကိန်း(၂၇၀၀ မီဂါဝပ်)တို့ကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ CPI ကုမ္ပဏီတို့က ၂၀၁၀ ပြည့်နှစ် ဇွန်လ ၃ ရက်တွင် ထပ်မံ၍လက်မှတ်ရေးထိုးခဲ့ကြပြန်သည်။ ပို၍ အံ့အားသင့်စရာကောင်းသောအချက်မှာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်ကမှ သဘောတူလက်မှတ်ရေးထိုးခဲ့သော ဧရာဝတီမြစ်ဆုံစီမံကိန်းကို ၂၀၀၉ ခုနှစ် မကုန်မီမှာပင် ချက်ချင်းဆိုသလို စတင်အကောင်အထည်ဖော်ခဲ့ခြင်းနှင့် ၂၀၁၀ ပြည့်နှစ်နှောင်းပိုင်းရောက်မှ စတင်အကောင်အထည်ဖော်ရန်အတွက် ၂၀၁၀ ပြည့်နှစ် ဇွန်လအတွင်းကမှ လက်မှတ်ရေးထိုးခဲ့သော ချီဖွေရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၈ ခုနှစ် ဧပြီလကတည်းကကြိုတင်တည်ဆောက်ခဲ့ခြင်းများပင်ဖြစ်သည်။

ဤနေရာတွင် မေခ-မလိခ မြစ်ဆုံစီမံကိန်းတွင် တည်ဆောက်မည့် ဧရာမမြစ်ဆုံတမံကြီးကို တရုတ်နိုင်ငံရှိဘင်ကီအိုတမံကြီးနှင့် နှိုင်းယှဉ်ကြည့်ရန် လိုအပ်မည်ဖြစ်သည်။ ကွာခြားချက်မှာ ဘင်ကီအိုတမံက စိုက်ပျိုးရေးအတွက်ဖြစ်ပြီး မြစ်ဆုံတမံက ရေအားလျှပ်စစ်ထုတ်ရန်အတွက်ဖြစ်သည်။ တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်ရှိ ဘင်ကီအိုတမံကြီးသည် အမြင့်ပေ ၄၀၀ ရှိပြီး ဆည်ရေသောက်ကျေးရွာများကို ရေဖြန့်ဝေပေးရန်ဟူသော အကြောင်းပြချက်ဖြင့် ကေပေပေါင်း ၃၀၀၀၀၀ ကျော်မျှရှိသော ရေပမာဏကို သိုလှောင်ထားခဲ့သည်။ ၁၉၇၅ ခုနှစ် ဩဂုတ်လအတွင်းက ဘင်ကီအိုတမံကြီး၏အထက်ပိုင်းရှိ တမံကြီးတစ်ခု မမျှော်လင့်ဘဲ ကျိုးပေါက်ပျက်စီးသွားခဲ့ရာ ထိုတမံပျက်မှ ကျဆင်းလာသော ကေပေ ၉၇၀၀၀ ရှိသည့်ရေထုကြီးက ဘင်ကီအိုဆည်ကြီးကိုပါ ဖြိုချဖျက်ဆီးပစ်လိုက်သည်။ ပျက်စီးသွားသည့် တမံနှစ်ခုပေါင်းမှကျဆင်းလာသော ကေပေ ၄၀၀၀၀၀ ရှိသည့် ဧရာမရေထုကြီးသည် အုတ်ကျိုးအုတ်ပဲ့များ၊ ကွန်ကရစ်တုံးအပဲ့စများ၊ နွံအနှစ်များနှင့်အတူ အရှိန်ပြင်းစွာစီးဆင်းလာပြီး တမံအနီးရှိ ရုမြစ်ကို အကြီးအကျယ်ရေလျှံစေတော့သည်။ ရုမြစ်ရေ ရုတ်တရက်လျှံတက်မှုကြောင့် ခုနစ်မိုင်ခန့်ကျယ်ပြန့်သော ရေပြင်ကျယ်ကြီးဖြစ်ပေါ်ကာ အမြင့်ပေ ၂၀ ရှိသည့် ဧရာမလှိုင်းလုံးကြီးများက တစ်နာရီလျှင် မိုင် ၃၀ နှုန်းဖြင့် ဒလဟောစီးဆင်းလာပြီး ဟွာအီဘင်းမြို့ကြီးကို ဖျက်ဆီးပစ်လိုက်တော့သည်။ ခန့်မှန်းတွက်ချက်ရန်ပင်ခက်ခဲလှသည့် ပျက်စီးဆုံးရှုံးမှုကြီးများနှင့်အတူ လူပေါင်း ၂၀၀၀၀၀ နီးပါးခန့် အသက်ဆုံးရှုံးခဲ့ကြရသည်။

ယခုတည်ဆောက်မည့် မြစ်ဆုံတမံကြီးမှာ အထက်ဖော်ပြပါ ဘင်ကီအိုတမံကြီးထက် ပိုမိုကြီးမားပြီး ရေပမာဏကိုလည်း ဘင်ကီအိုတမံထက် ပိုမိုများပြားစွာ သိုလှောင်နိုင်စွမ်းရှိမည်ဖြစ်သည်။ မြစ်ဆုံတမံကြီး ပြီးစီးသွားပါက တည်ဆောက်မှုဆိုင်ရာ လိုအပ်ချက်တစ်ခုခုကြောင့်သော်လည်းကောင်း၊ ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ စစ်မက်ရေးရာ အကြောင်းကိစ္စတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း ပြိုပျက်သွားခဲ့မည်ဆိုလျှင် အနီးကပ်ဆုံး၌ရှိနေသည့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းဒေသများအားလုံးမှာ စက္ကန့်ပိုင်းအတွင်းမှာပင် ရေအောက်သို့ စုံးစုံးမြုပ်သွားလိမ့်မည် ဖြစ်သလို... မြစ်ဆုံအောက်ဘက်ရှိ ရေစီးဆင်းသွားရာလမ်းကြောင်းတစ်လျှောက် သက်ရှိသက်မဲ့ မှန်သမျှကိုလည်း မိနစ်ပိုင်းနာရီပိုင်းအတွင်းမှာပင် ဝါးမြိုပစ်လိမ့်မည်ဖြစ်သည်။



မြစ်ဆုံစီမံကိန်းဧရိယာအနီးမှ မွေးမြူရေးလုပ်ငန်းတစ်ခု(ဓာတ်ပုံ-ဝီကီပီးဒီးယား)

ကမ္ဘာ့အရပ်ရပ်တွင်တည်ဆောက်ခဲ့ကြသော ဆည်တမံများကြောင့် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရေလွှမ်းမိုးမှုကြီးများဖြစ်ပေါ်ကာ လူ့အသက်အိုးအိမ်စည်းစိမ်တို့ ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်ရပ် အများအပြား ရှိခဲ့သည်။ သာဓကအချို့ကို ထုတ်နှုတ်ပြရလျှင်...၁၉၉၈ ခုနှစ်က ဘာကီနာဖာဆိုနိုင်ငံ နာကန်ဘီမြစ်ပေါ်၌တည်ဆောက်ထားခဲ့သော ဘတ်ချ်ဆည်ကြီး၏ ရေဖိအားကိုလျှော့ချရန် ရေထုတ်ပေါက်များဖွင့်ချခဲ့မှုကြောင့် ဂါနာနိုင်ငံမြောက်ပိုင်းနယ်စပ်ကို ဖြတ်စီးနေသော မြစ်၏အောက်ပိုင်း၌ ရုတ်တရက်ရေလွှမ်းမိုးမှုဖြစ်ပေါ်ကာ လူအများအပြားသေဆုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ရခြင်း၊ နိုင်ဂျီးရီးယားနိုင်ငံရှိ ကိန်ဂျီဆည်ကြီး၏ ရေဖိအားကိုလျှော့ချရန် ရေထုတ်ပေါက်များဖွင့်ချခဲ့မှုကြောင့် အနောက်အာဖရိက၏ အကြီးဆုံးသော နိုင်ဂါမြစ် အကြီးအကျယ်ရေလျှံတက်ပြီး နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းဒေသရှိ မြို့ရွာများအားလုံး ရေအောက်သို့စုံးစုံးမြုပ်သွားခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်က မက္ကဆီကိုနိုင်ငံ ဟီဒယ်လ်ဂိုပြည်နယ်ရှိ လာအက်စ်ပါရန်ဇာဆည်၏ ဆည်ရေဖောက်ထုတ်မှုကြောင့် လူ့အသက်အိုးအိမ်အများအပြား ပျက်စီးခဲ့ရခြင်း၊ ဟွန်ဒူရပ်စ်နိုင်ငံမြို့တော်တီဂူစီဂါလ်ပါး၏အထက်ဘက်ရှိ လော့စ်လော်ရယ်ရေကာတာကြီး ကျိုးပေါက်မှုနှင့် ကွန်ဆက်ရှင်းဆည်ကြီး ရေဖောက်ထုတ်မှုကြောင့် လူပေါင်းသောင်းဂဏန်းအထိ သေဆုံးခဲ့ရခြင်း စသည်တို့ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

ထို့ပြင် ၂၀၀၀ ပြည့်နှစ်က မိုဇမ်ဘစ်နိုင်ငံရှိဆည်များ၏ ရေဖိအားလျော့ကျစေရန် ရေဖောက်ထုတ်မှုကြောင့် ရက်ပေါင်းများစွာရေလွှမ်းမိုးကာ သေဆုံးပျက်စီးမှုအများအပြား ဖြစ်ပေါ်ခဲ့ရခြင်း၊ အိန္ဒိယနိုင်ငံရှိ ရော့စ်စာဂါဆည်ကြီး ပြိုပျက်သွားမှုကြောင့် အင်ဒရာပရာဒက်ရှ်ပြည်နယ်၏မြို့တော် ဟိုက်ဒရာဘတ်အထိတိုင် ရေလွှမ်းမိုးသွားခဲ့ခြင်း၊ ၂၀၀၁ ခုနှစ်က ဆီးရီးယားနိုင်ငံ အိုရွန်တက်စ်မြစ်ကြီးပေါ်၌တည်ဆောက်ထားသော ဆည်ကြီးပြိုကျမှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်း စတုရန်းမိုင် ၄၀ နီးပါးမှာ ရွှံ့နွံများအောက်သို့ရောက်ရှိသွားကာ လူအများအပြား သေဆုံးခဲ့ရခြင်း၊ ၂၀၀၅ ခုနှစ်က ပါကစ္စတန်နိုင်ငံအနောက်ပိုင်းရှိ ရှာဒီကောမြစ်ကြီးပေါ်၌ တည်ဆောက်ထားသည့်ဆည်ကြီး ရေပြည့်လျှံကာ ကွဲထွက်သွားမှုကြောင့် အနီးပတ်ဝန်းကျင်ကျေးရွာအများအပြား ရေအောက်သို့စုံးစုံးမြုပ်သွားခဲ့ခြင်း၊ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ရေကာတာကြီးတစ်လုံး ပြိုကျသွားခဲ့သဖြင့် လူ့အသက်အိုးအိမ်အများအပြား ပျက်စီးဆုံးရှုံးခဲ့ရခြင်း စသည်တို့သည်လည်း ဆည်တမံများကြောင့်ဖြစ်ပွားခဲ့ရသည့် လူမှုဒုက္ခဆိုးကြီးများပင် ဖြစ်ကြသည်။

ထို့ပြင် ဆည်တမံများကိုတည်ဆောက်ခဲ့ကြစဉ်က လယ်ယာ စိုက်ပျိုးရေးကို အကျိုးပြုစေရန်၊ ဒေသတွင်း၌ မြစ်ရေကြီးမှုကိုကာကွယ်ရန်၊ လယ်ယာမြေများ ရေလွှမ်းမိုးခံရခြင်းကို တားဆီးရန်၊ ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးပေးရန်ဟူ၍ ကြွေးကြော်ခဲ့ကြသော်လည်း နှစ်သက်တမ်း ရှည်ကြာလာသည်နှင့်အမျှ ဆည်များ၏ကြံ့ခိုင်တောင့်တင်းမှု ကျဆင်းလာသည့်အတွက် ကြီးမားသောရေဖိအားကို ခံနိုင်ရည်မရှိတော့သည့်ဆည်များမှာ ဝန်ထုပ်ဝန်ပိုးကြီးများ ဖြစ်လာခဲ့တော့သည်။ သာဓကအဖြစ် တရုတ်နိုင်ငံ၌ အသုံးပြု၍ မရတော့သော ဆည်ပေါင်းသုံးရာကျော်ရှိနေသည်ကို တွေ့မြင်နိုင်သည်။ ထိုဆည်အဟောင်းများအတွက် မည်သို့ စီမံလုပ်ဆောင်ရမည်ဆိုသည်မှာ သက်ဆိုင်ရာအစိုးရအတွက် ခေါင်းခဲစရာစိန်ခေါ်မှုတစ်ရပ် ဖြစ်လျက်ရှိနေသည်။

ဆည်တမံများတည်ဆောက်မှုသည် ချက်ချင်းလက်ငင်းအားဖြင့် အကျိုးပြုသယောင်ထင်ရသော်လည်း ရေရှည်၌မူ သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ် ထိခိုက်မှုဖြစ်စေသည်ကို အလွန်များပြားလှသော သာဓကများက ထောက်ပြလျက်ရှိနေသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးမှုမရှိအောင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တတ်နိုင်သည့်နည်းလမ်းများကိုအသုံးပြုကာ ကြိုးပမ်းအားထုတ်နေကြချိန်တွင် နောက်ထပ်ဆည်တမံများ တည်ဆောက်ရန်အတွက် ကြိုးစည်အားထုတ်ထားမှုများကို စွန့်လွှတ်ရန် အချိန်တန်ပြီဖြစ်သည်။

အချုပ်ဆိုရသော် မြန်မာ့အသက်သွေးကြောဖြစ်သော၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အစစ်အမှန်ဖြစ်သော၊ မြန်မာ့သမိုင်း၏ ထာဝရမှတ်တိုင်ကြီးဖြစ်သော၊ မြန်မာတို့ အသက်မွေးဝမ်းကျောင်းပြုရာ မဟာဗျူဟာမြောက် ရေကြောင်းလမ်းကြီးဖြစ်သော၊ မြန်မာတစ်မျိုးသားလုံးတို့ စုပေါင်းပိုင်ဆိုင်ကြသော ဧရာဝတီမြစ်ကြီးကိုအသုံးချပြီး လုပ်ကိုင်ဆောင်ရွက်ကြမည့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာတို့အတွက် ကောင်းရာကောင်းကျိုးတစ်စုံတစ်ရာ မရရှိနိုင်သည့်အပြင် လူမှုဒုက္ခဆိုးကြီးများကိုသာ ဖန်တီးပေးလာဖွယ်ရှိနေသဖြင့် မြစ်ဆုံစီမံကိန်းအပါအဝင် ဆက်စပ်စီမံကိန်းအားလုံးကို စွန့်လွှတ်ကြရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်... မြန်မာနှင့်ဧရာဝတီ...ဧရာဝတီနှင့်ပြည်သူတို့သည် ထာဝစဉ်တစ်သားတည်းရှိနေကြမည်သာ ဖြစ်သောကြောင့်ပင်။ ။



မြစ်ဆုံဆည်ပုံစံကွန်ပျူတာဒီဇိုင်း(ဓာတ်ပုံ-ဝီကီပီးဒီးယား)


**မြစ်ဆုံတမံကြီးမှာ အထက်ဖော်ပြပါ ဘင်ကီအိုတမံကြီးထက် ပိုမိုကြီးမားပြီး ရေပမာဏကိုလည်း ဘင်ကီအိုတမံထက် ပိုမိုများပြားစွာ သိုလှောင်နိုင်စွမ်းရှိမည်ဖြစ်သည်။ မြစ်ဆုံတမံကြီး ပြီးစီးသွားပါက တည်ဆောက်မှုဆိုင်ရာ လိုအပ်ချက်တစ်ခုခုကြောင့်သော်လည်းကောင်း၊ ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ စစ်မက်ရေးရာ အကြောင်းကိစ္စတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း ပြိုပျက်သွားခဲ့မည်ဆိုလျှင် အနီးကပ်ဆုံး၌ရှိနေသည့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းဒေသများအားလုံးမှာ စက္ကန့်ပိုင်းအတွင်းမှာပင် ရေအောက်သို့ စုံးစုံးမြုပ်သွားလိမ့်မည်ဖြစ်သလို... မြစ်ဆုံအောက်ဘက်ရှိ ရေစီးဆင်းသွားရာလမ်းကြောင်းတစ်လျှောက် သက်ရှိသက်မဲ့မှန်သမျှကိုလည်း မိနစ်ပိုင်း နာရီပိုင်းအတွင်းမှာပင် ဝါးမြိုပစ်လိမ့်မည်ဖြစ်သည်**


## နမ့်စန်မြို့ပေါ် ရပ်ကွက်များအတွက် အမှိုက်ပုံးများလှူဒါန်း


**နမ့်စန် စက်တင်ဘာ ၁၀**


ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်ရှိ ပြည်သူ့စစ်ဌာနေအဖွဲ့များက နမ့်စန်မြို့ မြို့ပေါ်ရပ်ကွက်ငါးခုအတွက် အမှိုက်ပုံးများကို စက်တင်ဘာ ၇ ရက်က လှူဒါန်းခဲ့သည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် နမ့်စန်တပ်နယ် ခေတ္တတပ်နယ်မှူး ဗိုလ်မှူးကြီးမောင်မောင်စိုးက လှူဒါန်းရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ဟိုမိန်း(SSS)၊ နားရိုင်း၊ မတ်ကျန်း၊ PNO ပြည်သူ့စစ်ဌာနေအဖွဲ့လေးခုက မြို့ပေါ်ရပ်ကွက်များအတွက် တန်ဖိုးကျပ် ၈၇၅၀၀၀ ရှိ အမှိုက်ပုံး ၃၅ လုံးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးအောင်မြသိန်းက နမ့်စန်မြို့သည် လူဦးရေထူထပ်လာသည်နှင့်အညီ မြို့အတွက် အမှန်တကယ်လိုအပ်သော အမှိုက်ပုံးများကို လှူဒါန်းပေးသည့်အတွက် ပြည်သူ့စစ်ဌာနေအဖွဲ့များအား ကျေးဇူးတင်ကြောင်းနှင့် ပြည်သူများအနေဖြင့် အမှိုက်ပုံးများကို တွင်တွင်ကျယ်ကျယ်နှင့် စနစ်တကျသုံးစွဲရေးနှင့် အမှိုက်ပုံးများကို အမှန်တကယ်လိုအပ်မည့်နေရာများတွင် ထားရှိနိုင်ရေးတို့အတွက် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **သူရအောင်(ပြန်/ဆက်)**





ရောင်နီ






ကိုကို ညီညီ



# မိုင်ယာမီကမ်းခြေရှိ ခြင်များက ဇီကာဗိုင်းရပ်စ်ကို သယ်ဆောင်နေ

**ကလျာမိုးမြင့်**

မိုင်ယာမီကမ်းခြေမှာရှိတဲ့ခြင်တွေမှာ ဇီကာဗိုင်းရပ်စ်ရှိနေတာကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ ဖလော်ရီဒါက ပထမဆုံးအကြိမ်ကြေညာခဲ့ပါတယ်။ ဒါဟာ အဲဒီဧရိယာမှာ ဇီကာဗိုင်းရပ်စ်ရှင်သန်ပေါက်ပွားနေတာ သေချာကြောင်း စိတ်မသက်သာဖွယ်ရာ သတင်းအဖြစ်နဲ့ ပေါ်ထွက်လာခဲ့ပါတယ်။

ဇီကာဗိုင်းရပ်စ်ကို ပြန့်ပွားစေတဲ့ အေးဒီးစ်အေဂျစ်ပတီခြင်ဟာ တိုက်ဖျက်ဖို့ခက်ခဲကြောင်း လူသိများပြီး ဗိုင်းရပ်စ်ကို အင်းဆက်တွေထဲမှာ ရှာဖွေရတဲ့အလုပ်ဟာ တော်တော်လေးကို အနှစ်ပြီး လက်ဝင်တဲ့စမ်းသပ်မှုလို့ ကျွမ်းကျင်သူတွေက ဆိုပါတယ်။ ၁ ဒသမ ၅ စကွဲယားမိုင်ရှိတဲ့ မိုင်ယာမီကမ်းခြေဧရိယာအတွင်းက ရရှိတဲ့စစ်ဆေးစမ်းသပ်မှု နမူနာသုံးခုက ဒေသတွင်း ဇီကာဗိုင်းရပ်စ်ပေါက်ပွားမှုရှိနေတာကို ခိုင်မာသေချာစေခဲ့ပါတယ်။



စမ်းသပ်မှုရလဒ်ရဲ့ထင်ရှားတဲ့အချက်က ခြင်တွေဘယ်မှာစုဝေးကြတယ်ဆိုတဲ့အပေါ် မူတည်နေပါတယ်လို့ တက္ကဆက်မှာရှိတဲ့ လူ၌ဖြစ်ပွားသော ကူးစက်ရောဂါများနဲ့ ခုခံအားစနစ်ဆိုင်ရာဆေးတက္ကသိုလ်က ဒါရိုက်တာစကော့တ်စီဝီဗာက ပြောပါတယ်။ ခြင်တွေဟာ ရောဂါထူပြောတဲ့လူတွေ နေထိုင်ရာအိမ်နဲ့အနီးဝန်းကျင်က လာခဲ့တယ်ဆိုရင် အဲဒီခြင်တွေမှာ ရောဂါပိုးကူးစက်မှုအခွင့်အလမ်းကလည်းပိုများပါတယ်။ ပိုပြီးဝေးလံခေါင်သီတဲ့နေရာက ခြင်တွေမှာ ဗိုင်းရပ်စ်ပိုးတွေ့ရတယ်ဆိုတာဟာ အဲဒီနေရာမှာ ရောဂါပိုးကူးစက်ဖြစ်ပွားမှုအန္တရာယ်ဟာ ထင်ထားတာထက်တောင် ပိုပြီးအန္တရာယ်ကြီးတယ်ဆိုတာကို ပြလိုက်ခြင်းပါပဲ။

ဖလော်ရီဒါမှာရှိတဲ့ စိုက်ပျိုးရေးနဲ့ စားသုံးကုန်ဝန်ဆောင်မှုဌာနက အန္တရာယ်ကျရောက်မှုအတွင်းမှာရှိနေတဲ့ တည်နေရာတွေကို ထုတ်ဖော်ပြောဆိုဖို့ဥပဒေက တားမြစ်ထားတယ်လို့ ဆိုပါတယ်။ ၎င်းတို့ဟာ မေလကစတင်ပြီး ခြင်နမူနာပုံစံ ၂၄၇၀ ကိုစမ်းသပ်စစ်ဆေးခဲ့ပြီး အဲဒီအထဲမှာ ခြင်ကောင်ရေ ၄၀၀၀၀ ကျော်ပါဝင်ခဲ့ပါတယ်။ စစ်ဆေးပြီးတဲ့နောက်မှာတော့ ခြင်နမူနာသုံးခုမှာ ဇီကာဗိုင်းရပ်စ်တွေ့ရကြောင်း စက်တင်ဘာ ၁ ရက်မှာ အဖြေထွက်လာပါတယ်။

> **ရောဂါထူပြောတဲ့လူတွေ နေထိုင်ရာအိမ်နဲ့ အနီးဝန်းကျင်ကလာခဲ့တယ်ဆိုရင် အဲဒီခြင်တွေမှာ ရောဂါပိုးကူးစက်မှုအခွင့်အလမ်းကလည်း ပိုများပါတယ်။ ပိုပြီးဝေးလံခေါင်သီတဲ့နေရာက ခြင်တွေမှာ ဗိုင်းရပ်စ်ပိုးတွေ့ရတယ်ဆိုတာဟာ အဲဒီနေရာမှာ ရောဂါပိုးကူးစက်ဖြစ်ပွားမှုအန္တရာယ်ဟာ ထင်ထားတာထက်တောင် ပိုပြီးအန္တရာယ်ကြီးတယ်ဆိုတာကို ပြလိုက်ခြင်းပါပဲ**

ဇီကာကြောင့်ဖြစ်တဲ့ အင်ပျဉ်ထခြင်းနဲ့ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်းတွေဟာ လူအများစုအတွက် မပြင်းထန်တဲ့လက္ခဏာတွေလို့ ဆိုနိုင်ပေမယ့်လည်း ဒီဗိုင်းရပ်စ်ကူးစက်ခံရတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမှာ သန္ဓေသားရဲ့ဦးခေါင်းကိုဆိုးဆိုးရွားရွားထိခိုက်စေနိုင်ပါတယ်။ ရောဂါကာကွယ်ရေးနဲ့ထိန်းချုပ်ရေးဗဟိုအဖွဲ့ဟာ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၅၀၀ ကျော်ကို စူးစမ်းလေ့လာမှုတွေဆက်တိုက်လုပ်ခဲ့ပြီးပါပြီ။ မကြာသေးခင်ကပဲ ကလေးငယ် ၁၆ ဦးဟာ သန္ဓေသားမွေးဖွားမှုဆိုင်ရာချို့ယွင်းချက်တွေနဲ့ မွေးဖွားလာခဲ့ကြတာကို တွေ့မြင်ခဲ့ရပါတယ်။

ဖလော်ရီဒါဟာ အမေရိကန်မှာဇီကာဗိုင်းရပ်စ်ပေါက်ပွားရှင်သန်မှုရှိတဲ့ တစ်ခုတည်းသောနေရာဖြစ်ပါတယ်။ ဒါပေမယ့် ဇီကာဗိုင်းရပ်စ်ဟာ ခုထိတိုင်ပျံ့နှံ့နေပါတယ်။ မိုင်ယာမီရဲ့အိမ်နီးချင်းဒေသဖြစ်တဲ့ Wynwood မှာ ပထမဆုံးရောဂါဖြစ်ပွားမှုအစုအဝေးတစ်ခုကို စတင်တွေ့ရှိခဲ့တာပါ။ အဲဒီနေရာတစ်ဝိုက်မှာရောဂါဖြစ်ပွားမှုကို ငြိမ်သက်အောင် ထိန်းချုပ်လုပ်ဆောင်ခဲ့ပြီးဖြစ်တယ်လို့ ယူဆခဲ့ကြပါတယ်။ ဒါပေမယ့် ဩဂုတ် ၁၈ ရက်က မိုင်ယာမီကမ်းခြေမှာ ရောဂါဖြစ်ပွားမှုအသစ်တစ်ခု ထပ်မံတွေ့ရှိခဲ့ပြီး အဲဒီနေရာတွေမှာ ခရီးသွားလာမှုမလုပ်ဖို့ CDC အဖွဲ့က ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို သတိပေးတားမြစ်ထားပါတယ်။

လက်တင်အမေရိကနဲ့ ကာရစ်ဘီယံဒေသတို့ရှိနေသေးတဲ့အတွက် အမေရိကန်မှာ ဇီကာဗိုင်းရပ်စ်ဟာ ရုတ်တရက် အကြီးအကျယ် ပျံ့နှံ့တာမျိုးမဖြစ်နိုင်ဘူးလို့ မျှော်လင့်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ အမေရိကန်နိုင်ငံသားတွေဟာ လူဦးရေထူထဲကျပ်ညှပ်တဲ့ အနေအထားမျိုးမှာနေထိုင်ကြတာမဟုတ်သလို အများအားဖြင့် ခြင်လုံဆန်ခါတွေတပ်ဆင်ပြီး လေအေးပေးစက်တွေအသုံးပြုကြတဲ့အတွက် ရောဂါပိုးကူးစက်ထားတဲ့ခြင်တွေကို ဗိုင်းရပ်စ်မပြန့်ပွားအောင် ပိတ်ဆို့ထားနိုင်ပါတယ်။

အပတ်စဉ်တိုင်းမှာ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုအရေအတွက်ဟာ အထူးတလည်ပြောင်းလဲသွားခြင်းမရှိတာကိုက သတင်းကောင်းလို့ ဆိုရမှာပါလို့ ဒေါက်တာဝီဗာက ပြောပါတယ်။ တကယ်လို့များ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဟာ ပထမအပတ်မှာ ငါးယောက်၊ ဒုတိယအပတ်မှာ ၁၀ ယောက် အဲဒီကနေ အယောက် ၂၀၊ အယောက် ၁၀၀ အထိ တိုးသွားမယ်ဆိုရင်တော့ အလွန်စိုးရိမ်စရာကောင်းသွားပါပြီ။

ဒါပေမယ့် ကျွမ်းကျင်သူတွေကတော့ လေထဲမှာကာကွယ်ဆေးဖျန်းခြင်းလုပ်ဆောင်နိုင်တယ်လို့ အကြံပြုထားပါတယ်။ စက်တင်ဘာ ၁ ရက်မှာ ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးအဖွဲ့ CDC က မိုင်ယာမီကမ်းခြေမှာ ဟယ်လီကော်ပတာနဲ့ ကာကွယ်ဆေးဖျန်းခြင်းလုပ်ဆောင်ဖို့ ညွှန်ကြားခဲ့ပါတယ်။ ကမ်းခြေဧရိယာတစ်ဝိုက်မှာ ဆေးဖျန်းခြင်းကို ချက်ချင်းလုပ်ဆောင်နိုင်ဖို့အတွက်လည်း ရန်ပုံငွေစုဆောင်းမှုပြုလုပ်ထားပြီးဖြစ်တယ်လို့ အုပ်ချုပ်ရေးမှူး ရစ်စကော့တ်က ပြောကြားခဲ့ပါတယ်။ ဘာတွေဆက်ဖြစ်လာဦးမယ်ဆိုတာကိုတော့ အသေအချာပြောနိုင်တဲ့အနေအထားမျိုးမရှိသေးပါဘူး။

**နယူးယောက်တိုင်းမ်**

# စာပိုဒ်ထဲက ဦးဆောင်ဝါကျ



**မောင်ခင်မင်(ဓနုဖြူ)**

"ဆရာ့ကို တစ်ခုမေးပါရစေ။ စာပိုဒ်တစ်ပိုဒ်မှာ ဝါကျဘယ်နှခုပါရမယ်လို့ သတ်မှတ်ချက်ရှိပါသလား ဆရာ"

"မရှိပါဘူးကွယ်။ ရေးတဲ့အကြောင်းအရာကို မူတည်ပြီး ဆိုလိုချက်တစ်ခုပြီးတဲ့အထိ ရေးရတာပဲ။ ဝါကျသုံးခုနဲ့ပြီးရင်လည်း သုံးခုပေါ့၊ ငါးခုနဲ့ပြီးရင်လည်း ငါးခုပေါ့"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

"စာပိုဒ်ဖွဲ့ရင် ဆိုလိုချက်ကို အဓိကဖော်ပြတဲ့ ဝါကျတစ်ခုပါလေ့ရှိတယ်ကွဲ့။ အရင်အပတ်က ဆရာတို့ပြောကြတဲ့ သာဓကမှာ ဒီနေ့လူငယ်တွေ စာပေကို စိတ်ဝင်စားမှုပိုများလာတာကို တွေ့ရတယ်ဆိုတဲ့ အချက်လိုပေါ့။ အဲဒီအကြောင်းရေးတဲ့ဝါကျက အဓိကကျတာပေါ့"

"ကျန်တဲ့ဝါကျတွေက အဲဒီအဓိကအချက်ကို ထင်ရှားအောင် အသေးစိတ်ဖော်ပြတာပေါ့နော် ဆရာ"

"ဟုတ်တယ်။ အဲဒီအဓိကအချက်ကို ဖော်ပြတဲ့ဝါကျကို ဦးဆောင်ဝါကျလို့ခေါ်တယ်။ အင်္ဂလိပ်လိုတော့ topic sentence ပေါ့"

"ဟုတ်ကဲ့ပါ"

"ဦးဆောင်ဝါကျဆိုတဲ့အတိုင်း စာပိုဒ်ထဲမှာ ဒီပြင်ဝါကျတွေကို ဦးဆောင်နေတဲ့ ဝါကျပဲပေါ့"

"သြော်...ဟုတ်ကဲ့ပါ။ ဦးဆောင်ဝါကျဆိုတော့ စာပိုဒ်မှာ ရှေ့ဆုံးကဝါကျပေါ့နော် ဆရာ"

"အဲ...များသောအားဖြင့်တော့ ဦးဆောင်ဝါကျကို စာပိုဒ်ရဲ့ရှေ့ဆုံးမှာထားလေ့ရှိပါတယ်။ အထူးသဖြင့် စာအရေးအသားလေ့ကျင့်မယ်ဆိုရင် ဦးဆောင်ဝါကျကို အရင်ရေးပြီးမှ အထောက်အကူပြုတဲ့ဝါကျတွေကို လိုက်ရေးတာမျိုး လုပ်နိုင်တာပေါ့။ ဦးဆောင်ဝါကျက အမြဲရှေ့ဆုံးမှာရှိချင်မှတော့ ရှိမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ဦးဆောင်ဝါကျထင်ရှားတဲ့ စာပိုဒ်တစ်ပိုဒ်ကို သမီးကို ပြောပြဖို့ ဆရာရှာထားတယ်။ ဒီမှာဖတ်ကြည့်စမ်း"

"ဟုတ်ကဲ့ပါ။ အစဝါကျက 'ယဉ်ကျေးမှုဆိုင်ရာ အရာဝတ္ထုတစ်ခုသည် ရှေးကျလေလေ တန်ဖိုးရှိလေလေဖြစ်၏' တဲ့"

"ဟုတ်ပြီ။ ဆက်ဖတ်ပါ"

"ဤသို့ဖြင့် ရှေးဟောင်းပန်းချီကားတစ်ခုသည် နောင်ကျသော ပန်းချီကားတစ်ခုထက်ပို၍ ယဉ်ကျေးမှုတန်ဖိုးရှိ၏။ ရွှေတိဂုံစေတီသည် ကမ္ဘာအေးစေတီထက် နှစ်ပေါင်းများစွာပို၍ယဉ်ကျေးမှုတန်ဖိုးရှိ၏။ ထိုနည်းတူ ရှေးဟောင်းပုဂံကျောက်စာတစ်ခုသည် ယခုပုံနှိပ်အပ်သောစာမူထက် ယဉ်ကျေးမှုတန်ဖိုးရှိ၏"

"သြော်...ခဏ...ခဏ။ အခု သမီးဖတ်သွားတဲ့အထိ ဦးဆောင်ဝါကျ ဘယ်ဟာလဲဆိုတာ တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာ။ ယဉ်ကျေးမှုဆိုင်ရာပစ္စည်းတစ်ခုဟာ ရှေးကျလေလေတန်ဖိုးရှိလေလေ ဖြစ်တယ်ဆိုတဲ့ဝါကျဟာ ဒီစာပိုဒ်မှာအဓိကဖြစ်တဲ့အတွက် ဦးဆောင်ဝါကျပါ ဆရာ"

"ဟုတ်ပြီ"

"ကျန်တဲ့ဝါကျသုံးခု၊ အဲ...ရှေးဟောင်းပန်းချီကားက နောက်ခေတ်ပန်းချီကားထက် ယဉ်ကျေးမှုတန်ဖိုးပိုရှိတဲ့အကြောင်း၊ ရွှေတိဂုံစေတီက ကမ္ဘာအေးစေတီထက် ယဉ်ကျေးမှုတန်ဖိုးပိုရှိတဲ့အကြောင်း၊ ရှေးပန်းချီကားက ခေတ်သစ်ပန်းချီကားထက် ယဉ်ကျေးမှုတန်ဖိုးပိုရှိတဲ့အကြောင်း ဖော်ပြတဲ့အဲဒီဝါကျသုံးခုက ဦးဆောင်ဝါကျရဲ့ဆိုလိုချက် ထင်ရှားအောင်အသေးစိတ် ဖော်ပြတဲ့ဝါကျတွေပါ ဆရာ"

"ဟုတ်ပါပြီ။ ကဲ...ဆက်ဖတ်လိုက်ပါဦး။ ဝါကျတစ်ခုပဲကျန်တော့တယ်"

"ထို့ကြောင့်လည်း စာဟောင်းပေဟောင်းများကို 'ကျွန်ုပ်တို့အဖိုးကြီးစွာ ဝယ်ယူကြ၏' တဲ့ ဆရာ"

"ဟုတ်ပါပြီ။ အဲဒီဝါကျကတော့ စာပိုဒ်ရဲ့ဆိုလိုချက်ကို အဆုံးသတ်ပေးတဲ့ဝါကျပေါ့။ ဒီဝါကျကိုတော့ နိဂုံးဝါကျ (concluding sentence) လို့ ခေါ်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ။ အဲဒီစာပိုဒ်ကဘယ်သူရေးတာပါလဲ ဆရာ"

"သြော်...အဲဒါပြောမလို့ပါ။ ဆရာကြီး ဦးဖေမောင်တင်ရဲ့ဆောင်းပါးတစ်ပုဒ်ထဲက ထုတ်ပြလိုက်တာပါ"

"သြော်...ဟုတ်ကဲ့၊ စာပိုဒ်ပုံစံကျတယ်လို့ ပြောရမှာပေါ့နော်"

"ဟုတ်ပါတယ်။ ဆရာကြီးက ပြောချင်တဲ့အဓိကဆိုလိုချက်ကိုအပိုဒ်တစ်ပိုဒ်နဲ့ ထင်ထင်ရှားရှား ဖော်ပြထားတာပါ"

"စာပိုဒ်ဖွဲ့တဲ့စနစ်ကိုသိထားရင် စာရေးရာမှာ အထောက်အကူဖြစ်တာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ ကျောင်းသားတွေ စာစီစာကုံးရေးရင်လည်း စာပိုဒ်ဖွဲ့ရတယ်။ ရုံးမှာအစီရင်ခံစာရေးရင်လည်း စာပိုဒ်ဖွဲ့ရတာပဲ။ အဲ...ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ဆောင်းပါးရေးရင်လည်း စာပိုဒ်ဖွဲ့ဖို့လိုတာပဲလေ။ ခုနဆရာပြောသလို စာအရေးအသားလေ့ကျင့်တဲ့အခါ ဦးဆောင်ဝါကျပေးထားပြီး အဲဒီဝါကျကို စာပိုဒ်တစ်ပိုဒ်ဖြစ်အောင် ဝါကျတွေဆက်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းမျိုးပေးလို့ရတာပေါ့"

"နမူနာကလေးပြောပြပါဦး ဆရာ"

"ကဲ...ဆရာက ဦးဆောင်ဝါကျတစ်ခုပေးမယ်။ သမီးက ဆက်ရေးပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ...စပြီ။ 'ဤရွာကလေးသည် အေးချမ်းသာယာသော ရွာကလေးဖြစ်ပါသည်'"

"ဟုတ်ကဲ့၊ သမီးဆက်ရေးပါ့မယ်။ ရွာကလေးနာမည်မှာ 'အေးသာယာ' ဖြစ်သည့်အတွက် အလွန်လိုက်ဖက်သော နာမည်ဖြစ်ပါသည်"

"ဟုတ်ပြီ၊ ကဲ...ဆရာလည်း ဆက်ရေးမယ်။ 'ရွာကလေးသည် ချောင်းကလေးတစ်ခု၏ကမ်းပေါ်တွင် တည်ထားသော ရွာတန်းရှည်ကလေးဖြစ်သည်'"

"ရွာကလေးမှာ အိမ်ခြေငါးဆယ်ခန့်သာရှိပါသည်။ လမ်းတစ်ဖက်တစ်ချက်တွင် မျက်နှာချင်းဆိုင်တည်ရှိနေသော အိမ်ကလေးများမှာ အများအားဖြင့် သွပ်မိုးပျဉ်ထောင်ကာအိမ်များဖြစ်ပါသည်"

"ရွာသူရွာသားများမှာ လယ်လုပ်ငန်းဖြင့် အသက်မွေးသူများဖြစ်သည်"

"ရွာနောက်ဘက်တွင် လယ်ကွင်းပြင်ကြီးကို မျက်စိတစ်ဆုံးမြင်တွေ့ရသည်"

"ရွာဦးတွင် တည်ရှိသော ခံ့ညားသည့်ဘုန်းတော်ကြီးကျောင်းက ရွာသူရွာသားများ၏ ဘာသာတရားကိုင်းရှိုင်းမှုကို သက်သေပြနေပါသည်"

"ကဲ...ဒီလောက်ဆိုရင် စာပိုဒ်တစ်ပိုဒ်ပုံပေါ်သွားပါပြီ။ နောက်ဆက်ရေးချင်ရင်တော့ ရွာရဲ့အသေးစိတ်မြင်ကွင်းတွေ နောက်စာပိုဒ်တွေမှာ ဆက်ရေးလို့ရပါတယ်။ ဘုန်းတော်ကြီးတွေ ဆွမ်းခံကြွရင် ဆွမ်းလောင်းကြတာတို့၊ ရွာသားတွေ လုပ်ငန်းခွင်ဝင်ကြတာတို့၊ ကလေးတွေကျောင်းသွားကြတာ တို့စသည်ဖြင့်ပေါ့။ စာစီစာကုံးတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်ပြီးအောင် ဆက်ရေးလို့ရပါတယ်"

"ဟုတ်ကဲ့ပါ။ သြော်...ဆရာ၊ ခုနစာပိုဒ်မှာ နိဂုံးဝါကျ မပါသေးဘူးနော်"

"သြော်...စာတစ်ပိုဒ်နဲ့ နိဂုံးချုပ်မယ်ဆိုရင်တော့ 'ကျွန်တော်ရောက်ဖူးသော ဤရွာကလေးကို မကြာခဏ သတိရနေပါသည်' ဆိုတာမျိုး နိဂုံးချုပ်လိုက်ပေါ့။ နောက်စာပိုဒ်တွေဆက်ဦးမယ်ဆိုရင်တော့ နောက်ဆုံးစာပိုဒ်ကျမှ နိဂုံးချုပ်ဖို့လိုမှာပေါ့"

"ဟုတ်ကဲ့ပါဆရာ။ ဦးဆောင်ဝါကျကို စာပိုဒ်ရဲ့နောက်ဆုံးမှာလည်း ထားလေ့ရှိတယ်လို့ ဆရာပြောတာ ဘယ်လိုပုံစံပါလဲ ဆရာ"

"အဓိကအချက်ကို နောက်ဆုံးကျမှပိတ်ပြီး ပြောတာမျိုးမှာ ဦးဆောင်ဝါကျက နောက်ဆုံးမှာရှိတတ်တယ်။ ကဲ... စောစောက ဆရာနဲ့သမီးနဲ့ရေးခဲ့တဲ့ စာပိုဒ်ကိုပဲပြန်ပြင်ရေးရအောင်။ စစချင်း 'တစ်ခါက ကျွန်တော်သည်အေးသာယာခေါ်ရွာကလေးတစ်ရွာသို့ ရောက်သွားပါသည်' ဆိုတာမျိုးနဲ့ စလိုက်ပြီး ရွာမှာတွေ့ရတာတွေ ခုနလိုပဲဆက်ရေးပြီး အဆုံးကျတော့မှ 'ထိုရွာကလေးကား အေးချမ်းသာယာသော ရွာကလေးဖြစ်ပါသည်' လို့ အဆုံးသတ်လိုက်ရင် အဲဒီဝါကျက ဦးဆောင်ဝါကျဖြစ်သွားတာပေါ့။ ထပ်ရေးစရာမရှိတော့ဘူးဆိုရင်တော့ အဲဒီဝါကျကို 'နိဂုံးဝါကျ' လို့လည်း ဆိုနိုင်တာပေါ့။ ဦးဆောင်ဝါကျနဲ့ နိဂုံးဝါကျအတူတူဖြစ်သွားတာပေါ့ကွယ်"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

"အဲဒီတော့အကြမ်းပြောရရင် စာပိုဒ်တစ်ပိုဒ်မှာ ဦးဆောင်ဝါကျရယ်၊ အသေးစိတ်အချက်အလက်တွေနဲ့ အထောက်အကူပြုတဲ့ဝါကျတွေရယ်၊ နိဂုံးဝါကျရယ်ဆိုပြီး အပိုင်းသုံးပိုင်းပါတယ်လို့ ဆိုနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါကစာပိုဒ်ပုံသဏ္ဌာန်ကိုယေဘုယျပြောတာပါ။ အမြဲပုံသေတော့မဟုတ်ဘူးပေါ့။ ရေးတဲ့သူရဲ့ စိတ်ကူးကိုလိုက်ပြီး ကွာသွားနိုင်တာပေါ့။ တချို့စာပိုဒ်တွေဆိုရင် ဦးဆောင်ဝါကျရယ်လို့ ထင်ထင်ရှားရှားမတွေ့ရတာမျိုးလည်းရှိတယ်။ ဝါကျအားလုံး ဆိုလိုချက်တစ်ခုကို တန်းတူရည်တူ ဖော်ပြတာမျိုးပေါ့"

"ဘယ်လိုပုံစံပါလဲ ဆရာ"

"ဆိုပါတော့။ 'ကျွန်တော့်သူငယ်ချင်း မောင်မောင်သည် အသားညိုသည်။ အရပ်ပုသည်။ သူသည် အားကစားကို ဝါသနာမပါပါ။ စာဖတ်ခြင်းကိုမူ အထူးတလည်စိတ်ဝင်စားသည်။ သူငယ်ချင်းများကို ကူညီတတ်သည်။ သဘောကောင်းသည်။ သို့သော် တစ်ခါတစ်ခါစိတ်တိုတတ်သည်' လို့ရေးထားတဲ့စာပိုဒ်မှာ မောင်မောင်ရဲ့ ဂုဏ်အရည်အသွေးတွေဖော်ပြထားတယ်မဟုတ်လား။ အဲဒီဂုဏ်တွေက အားလုံးတန်းတူရည်တူပဲမို့ ဦးဆောင်ဝါကျသီးခြားမပါဘူးလေ။ အဲဒီလိုစာပိုဒ်မျိုးလည်းရှိနိုင်တာပေါ့။ ကဲ...နားကြဦးစို့"

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေ မှာ ၃၂သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်းပြည်ပ အလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့်အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ရေခြား မြေခြား အလုပ်သွားကြသူများ

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



မိမိတို့မွေးဖွားရာအရပ်ဒေသမှ အခြားနိုင်ငံများသို့ ကူးပြောင်းကာ အလုပ်လုပ်ကိုင်သူများကို ရွှေ့ပြောင်းလုပ်သားများဟု သတ်မှတ်နိုင်ပါသည်။ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းရင်း မိမိတို့ဘဝ တိုးတက်မြင့်မားရန် ရည်ရွယ်ချက်ဖြင့် သွားလာကြသူများဖြစ်ကြသည်။ မွေးဖွားရာအရပ်နှင့် ဝေးကွာရင်း မူရင်းနိုင်ငံ၏ အခွင့်အရေးထက် သာလွန်ကောင်းမွန်သည့် ဘဝလမ်းကြောင်းများပေါ် ရောက်ရှိသူများရှိသကဲ့သို့ လေ့လှော်ရင်း တက်ကျိုးသကဲ့သို့ လှုပ်ရှားရုန်းကန်ရင်း အဆင်မပြေမှုကြုံတွေ့ရသူ အများစုမှာလည်း ရွှေ့ပြောင်းလုပ်သားများပင် ဖြစ်သည်။

၂၀၁၅ခုနှစ်အတွင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်၏ လေ့လာဆန်းစစ်မှုများအရ ကမ္ဘာပေါ်တွင် ရွှေ့ပြောင်းလုပ်သားပေါင်း ၂၄၄ သန်းသို့ ရောက်ရှိလာပြီး ယင်းတို့အနက်မှ အဆင်မပြေဒုက္ခရောက်မှုကြုံတွေ့ရသည့် ဒုက္ခသည်ပေါင်းမှာ သန်း ၂၀ ခန့်ရှိကြောင်း သိရသည်။ ရွှေ့ပြောင်းလုပ်သားပေါင်း ၂၄၄ သန်းအနက် မြန်မာလုပ်သား ၁၀ သန်းနီးပါးခန့်သည် ပြည်ပတွင် ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်အလုပ်လုပ်ကိုင်နေကြသည်။

မြန်မာနိုင်ငံမှ အလုပ်လုပ်နိုင်စွမ်းရှိသည့် လုပ်သားများသည်လည်း အိမ်နီးချင်းနိုင်ငံများ၊ အလုပ်အကိုင်ပေးအပ်နိုင်သည့် နိုင်ငံများထံ တရားဝင်ဖြစ်စေ၊ တရားမဝင်သည့် နည်းလမ်းများဖြင့်ဖြစ်စေ ရွှေ့ပြောင်းသွားလာမှု မြင့်တက်လျက်ရှိရာ နိုင်ငံတော်၊ အဖွဲ့အစည်းများနှင့် အတွေ့အကြုံရင့်ကျက်သည့် နိုင်ငံတကာမှ အကြံပေးနိုင်သည့် အဖွဲ့အစည်းများက ပညာပေးလုပ်ငန်းများ၊ ရေရှည်အစီအမံများချမှတ်ကာ ပြည်တွင်းမှ ထွက်ခွာကြသည့် အလုပ်သမားတို့၏ လုံခြုံစိတ်ချရမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု၊ ကောင်းမွန်ပြီး တန်းတူညီမျှရှိသည့် လုပ်ခလစာ၊ စနစ်ကျနသည့် မိသားစုထံသို့ ငွေလွှဲပြောင်းမှု၊ လူမှုဖူလုံရေးနှင့် မိသားစုဘဝအေးချမ်းမှုတို့အတွက် အကူအညီများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**အလုပ်သမားတိုင်းဟာ ကျွမ်းကျင်ကြသူတွေပါ**

"အထပ်တစ်ရာအမြင့်ရှိတဲ့ အဆောက်အအုံတစ်ခုရဲ့အပေါ်ဆုံးမှာ မျက်နှာကြက်တစ်ခုကို ဆေးသုတ်ဖို့ဆိုတာ လူတိုင်းလုပ်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ အဲဒီလိုပဲ လူတိုင်းဟာ မိမိမိသားစုမဟုတ်တဲ့ အခြားမိသားစုတစ်စု စားသောက်နေထိုင်မှု၊ သန့်ရှင်းမှုအတွက် စိတ်တိုင်းကျဖြစ်အောင် လုပ်ဆောင်ပေးဖို့ဆိုတာ လူတိုင်းမလုပ်နိုင်တဲ့ကိစ္စတွေပါ။ လုပ်ခလစာရရှိကြသူတိုင်းမှာ ကျွမ်းကျင်မှုတွေရှိပါတယ်။ ဒါပေမယ့် အထွေထွေအလုပ်သမား အများစုဟာ သူတို့ရဲ့အရည်အချင်းတွေကို မေ့လျော့နေကြတယ်"ဟု ILO မြန်မာ၏ နည်းပညာဆိုင်ရာ အကြံပေးအရာရှိ Jackie Pollock က ပြောပြသည်။

နိုင်ငံရပ်ခြားသို့ အလုပ်သွားရောက်လုပ်ကိုင်သူများအားလုံးသည် ရွှေ့ပြောင်းလုပ်သားများဖြစ်ကြပြီး အတတ်ပညာများ ရရှိလာသော်လည်း အများစုသည် မိမိတို့၏ ကျွမ်းကျင်မှုအပေါ် သံသယရှိခြင်းကို မြင်တွေ့ရကြောင်း သိရသည်။

**ရွှေ့ပြောင်းလုပ်သားဆိုတာ**

"ရွှေ့ပြောင်းလုပ်သားတွေဟာ ဆင်းရဲနိမ့်ကျတဲ့သူတွေ မဟုတ်ကြပါဘူး။ နိုင်ငံရပ်ခြားကို သွားဖို့အတွက် ထိုက်သင့်တဲ့ အခကြေးငွေကို ပေးအပ်ပြီးမှသာ သွားကြတာဖြစ်ပါတယ်"ဟု အလုပ်သမားရေးရာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် မဆိမ်လုခမ်းက ပြောကြားသည်။

အလုပ်လက်မဲ့များ၊ လုပ်ငန်းအနည်းငယ် တတ်ကျွမ်းသူများသည် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုအများဆုံး ပြုလုပ်ကြသူများဖြစ်ကြပြီး တရားဝင်နည်းလမ်း၊ အထောက်အထားပြည့်စုံသည့် နည်းလမ်းများဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ကြသူများရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများသို့လည်း အထောက်အထားမရှိ သွားရောက်လျက်ရှိကြသည်။

**ရွှေ့ပြောင်းလုပ်သားတွေရဲ့အခွင့်အရေး**

အခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများအတွက် နယ်မြေခြားသည့်အတိုင်း ဥပဒေများ၊ ဘာသာစကားများနှင့် ဓလေ့ထုံးစံများပါ ကွဲပြားခြားနားသွားသည်ကို သတိပြုရန်လိုအပ်ကြောင်း ထိုင်းနိုင်ငံတွင် ၁၀ နှစ်ခန့် နေထိုင်ခဲ့သူ မပိုပိုက ပြောပြသည်။

သို့သော် ရွှေ့ပြောင်းလုပ်သားများသည် လူ့အခွင့်အရေးအပြင် အလုပ်သမားအခွင့်အရေးများကိုပါ ရရှိရန်လိုအပ်ပြီး လူသားများဖြစ်ကြသည့် ရွှေ့ပြောင်းလုပ်သားများကို အကာအကွယ်ပေးရန်မှာ နိုင်ငံတိုင်းတွင် တာဝန်ရှိသည်ဟု ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားသည်။

ထို့ပြင် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများသည် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများကို ပိုမိုရရှိရန် လိုအပ်ကြောင်း လက်ရှိတွင် ILO မြန်မာ၌ တာဝန်ထမ်းဆောင်ရင်း အလုပ်သမားအခွင့်အရေးဆိုင်ရာများ ဆောင်ရွက်ပေးနေသူ မပိုပိုက ရှင်းပြသည်။

**နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းနှင့် မူဘောင်များ**

နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်သူများအတွက် လုပ်သားစတင်စုဆောင်းသည့် အချိန်မှစတင်ကာ မိမိတို့ဌာနေနိုင်ငံသို့ ဘေးကင်းလုံခြုံစွာပြန်လည်ရောက်ရှိသည်အထိ အကျုံးဝင်ပြီး ယင်းတို့အတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေများ၊ ILO ၏ ပုဂ္ဂလိက အလုပ်အကိုင် အေဂျင်စီများနှင့် သက်ဆိုင်သည့် သဘောတူစာချုပ် ၁၈၁၊ နားလည်မှုစာချွန်လွှာများ၊ အလုပ်သမားတင်ပို့သည့် နိုင်ငံနှင့် အလုပ်သမားခေါ်ယူသည့်နိုင်ငံအကြား ချုပ်ဆိုသည့်စာချုပ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ သဘောတူစာချုပ်များ၊ အလုပ်အကိုင် အေဂျင်စီနှင့် အလုပ်ရှင်အကြားချုပ်ဆိုသည့် စာချုပ်များ၊ ရွှေ့ပြောင်းလုပ်သားများအားလုံးနှင့် ၄င်းတို့၏ မိသားစုများကို ကာကွယ်ပေးသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (၁၉၉၀)တို့ စသည့် အခွင့်အရေးများအတွက် စည်းကမ်းစည်းမျဉ်းများစွာရှိကြောင်း သိရသည်။

**တရားစွဲပိုင်ခွင့်ရှိ**

ပြည်ပသို့ သွားရောက်လုပ်ကိုင်သူသည် လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာခြင်း၊ ဆုံးရှုံးခြင်းနှင့် အလုပ်သမားအခွင့်အရေးများအပြည့်အဝ မရရှိပါက ပြည်ပအလုပ်အကိုင်နှင့်စပ်လျဉ်း၍ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ဆုံးရှုံးမှုများအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေ တရားစွဲဆိုပိုင်ခွင့်ရှိကြောင်း အလုပ်သမားအခွင့်အရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများထံမှ သိရသည်။

**ရန်ပုံငွေ ထူထောင်သင့်**

ထိုင်းနိုင်ငံတစ်နိုင်ငံတည်းမှာပင် အထောက်အထားခိုင်မာစွာဖြင့် သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာအရေအတွက်သည် တစ်သိန်းခွဲခန့်ရှိနေပြီး အထောက်အထားမဲ့ သွားရောက်အလုပ်လုပ်သူဦးရေမှာ သုံးသန်းခန့်ရှိနေသည်ကို သိရှိရသည်။

ပြည်ပရောက်အလုပ်သမားများအတွက် လုပ်ငန်းခွင်လုံခြုံရေးနှင့် အထောက်အထားပြည့်စုံသည့် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခွင့်ဖြစ်စေရန် အလုပ်သမားများ၏ မူရင်းနိုင်ငံနှင့် အလုပ်လုပ်ကိုင်သည့် ဆိုက်ရောက်နိုင်ငံတို့မှ အစိုးရတို့ ပူးပေါင်းအဖြေရှာရန်လည်း လိုအပ်သည်။

ဥပဒေနှင့် ငြိစွန်း၍ဖြစ်စေ၊ အလုပ်သမားပဋိပက္ခကြောင့်ဖြစ်စေ၊ ရာသီဥတုသဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်စေ၊ ဆိုးရွားသည့် အလုပ်ရှင်ကြောင့်ဖြစ်စေ အလုပ်သမားများအတွက် ဆိုက်ရောက်နိုင်ငံတွင် အဖမ်းအဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်းနှင့် ပြန်လည်ပို့ဆောင်ခြင်းခံရနိုင်သည့် ကိစ္စရပ်များ၊ ထိခိုက်ဒဏ်ရာရသည့် ကိစ္စရပ်များကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် နိုင်ငံတိုင်းတွင် ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုရေး ရန်ပုံငွေစနစ်ကို အစိုးရမှ ဦးဆောင်အကောင်အထည်ဖော်သင့်ကြောင်း ILO မြန်မာမှ သိရှိရသည်။

**သတင်းပေးခဲ့ပါ**

အခြားနိုင်ငံ တစ်ခုခုသို့ မည်သည့်နည်းလမ်းဖြင့်မဆို သွားရောက်အလုပ်လုပ်ကိုင်မည်ဆိုပါက လူအများအပြားနှင့် တိုင်ပင်ခြင်း၊ မိသားစု၊ မိတ်ဆွေများကို အသိပေးအကြောင်းကြားခြင်းများ ပြုလုပ်ထားရန်လိုအပ်သလို ထပ်မံသိရှိလိုသည့် အချက်အလက်များကို နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အလုပ်သမားရုံးများတို့တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရှိရသည်။

**တရားဝင်ရွှေ့ပြောင်းနေထိုင်ပါ**

တရားဝင်လမ်းကြောင်းဖြင့် ရွှေ့ပြောင်းနေထိုင်မည်ဆိုပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ကာကွယ်စောင့်ရှောက်မှုကို ပြည်တွင်းပြည်ပတွင် ရရှိနိုင်မည်ဖြစ်သည်။ တရားမဝင်သွားလာမှုကြောင့် ခေါင်းပုံဖြတ်ခံရခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် နှင်ထုတ်ခံရခြင်းတို့ ကြုံတွေ့နိုင်သကဲ့သို့ လူ့အခွင့်အရေး၊ အလုပ်သမား အခွင့်အရေးများကိုလည်း ဆုံးရှုံးခြင်း ကြုံတွေ့ရတတ်ကြောင်း အလုပ်သမားအရေးကျွမ်းကျင်သူ မပိုပိုက ပြောပြသည်။

**အေဂျင်စီရွေးမယ်**

မြန်မာနိုင်ငံတွင် လိုင်စင်ရ တရားဝင် ပြည်ပအလုပ်အကိုင်အေဂျင်စီများစွာရှိသော်လည်း တရားမဝင်တင်ပို့နေသည့်ဖြစ်ရပ်များစွာ ကြုံတွေ့နေရဆဲဖြစ်သည်။

"လိုင်စင် ရှိ မရှိ စစ်ဆေးဖို့လိုအပ်သလို လိုင်စင်ရှိနေပေမယ့် နာမည်ပျက် ရှိမရှိ ဆိုတာလည်း စုံစမ်းဖို့လိုပါတယ်။ အချို့ကတော့ အေဂျင်စီက အစစ်အမှန်ဖြစ်ပေမယ့် ကိုယ်စားလှယ်က အလိမ်အညာဖြစ်နေတတ်တယ်။ ပွဲစားတွေကတစ်ဆင့် အေဂျင်စီတွေကို ဆက်သွယ်ပေးမယ်ဆိုတိုင်း မယုံကြည်သင့်သလို အလုပ်ရှင်က စာချုပ်တွေမှာ အသက်လိမ်တာ၊ စာချုပ်မချုပ်ဘဲထားတာ တွေ ဖြစ်လာရင်တော့ မရိုးသားဘူးလို့ ယူဆရပါတယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့ပြင် ကြိုတင်ငွေသွင်းရခြင်း၊ သတ်မှတ်ဝန်ဆောင်ခထက် ပိုမိုတောင်းခံခြင်း၊ အလုပ်မစတင်မီ ကြိုတင်ငွေအဖြစ် အေဂျင်စီမှ ငွေကြေးပေးအပ်ခြင်းမျိုး ပြုသည်ကိုလည်း စိစစ်ဆုံးဖြတ်သင့်ကြောင်း သိရသည်။

**အရေးကြီးတဲ့စာချုပ်**

အလုပ်လုပ်ကိုင်ရန် ပြည်ပသို့မထွက်ခွာမီ အရေးကြီးဆုံးအရာသည် အလုပ်အေဂျင်စီနှင့် အလုပ်ရှင်တို့နှင့် ချုပ်ဆိုရမည့် သဘောတူညီမှု စာချုပ်ဖြစ်သည်။ ထိုစာချုပ်သည် အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်သူများအတွက် စည်းမျဉ်းစည်းကမ်းများဖြစ်ပြီး အခွင့်အရေးနှင့်အခြားသော ဆောင်ရန်ရှောင်ရန် သဘောတူညီမှုများသည် ပြည်ပတွင်အဆင်မပြေမှု ကြုံတွေ့လာပါက ရင်ဆိုင်ပေးမည့် အလုပ်သမားအတွက် အနီးစပ်ဆုံးသော ကယ်တင်ရှင်ဖြစ်ကြောင်း သိရသည်။

စာချုပ်ပါအကြောင်းအရာများမှာ လုပ်ခလစာ၊ အချိန်ပိုအားလပ်ရက်နှင့် အခွင့်အရေးများ၊ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကတိကဝတ်၊ ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးတို့ အပါအဝင် အလုပ်ရှင်ဘက်မှ တောင်းဆိုသည့် လုပ်ငန်းခွင်ဆိုင်ရာ စည်းမျဉ်းများပါဝင်သည်။

"စာချုပ်ကိုသေသေချာချာဖတ်ပြီးမှ လက်မှတ်ထိုးဖို့လိုပါတယ်။ ပြဿနာတစ်စုံတစ်ရာဖြစ်လာရင် ပထမဆုံး ဖြေရှင်းရဖို့က စာချုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ အနည်းဆုံး ကိုယ်လိုချင်တဲ့လစာ၊ အလုပ်ချိန်၊ ခွင့်ခံစားခွင့်၊ လုပ်ရမယ့်နေရာ၊ ရာထူးနဲ့ တာဝန်တွေကို သေသေချာချာ ဆွေးနွေးချုပ်ဆိုသင့်တယ်"ဟု အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲမှ ဦးစီးအရာရှိတစ်ဦးက ပြောပြသည်။

**အထောက်အထားအပိုတွေ သိမ်းခဲ့ပါ**

"နိုင်ငံကူးလက်မှတ်၊ ဗီဇာ၊ အလုပ်ပါမစ်၊ စာချုပ်တွေ၊ မှတ်ပုံတင်နဲ့ စာရွက်စာတမ်းတွေကို မိတ္တူကူးပြီး မိသားစုကိုရော၊ မိတ်ဆွေတွေဆီကိုရော ပေးထားခဲ့တာက ပြဿနာဖြစ်လာမယ်ဆိုရင် အများကြီးအထောက်အကူဖြစ်ပါတယ်"ဟု ထိုင်းနိုင်ငံတွင် တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ခဲ့သူ ကိုဝေထွန်းက ပြောပြသည်။

ထို့ပြင် ပြည်ပသို့ရောက်ရှိသည့်အခါတွင်လည်း မိမိ၏စာရွက်စာတမ်းများကို ယုံကြည်စိတ်ချရသည့်နေရာတွင် သိမ်းဆည်းပြီး မိတ္တူအပိုတစ်စုံကို ကိုယ်နှင့်မကွာဆောင်ထားသင့်သည့်အပြင် အလုပ်ရှင်များထံ အရေးကြီးအချက်အလက်များ အပ်နှံထားရခြင်းကိုလည်း ရှောင်ရှားသင့်ကြောင်း သိရသည်။

**အရေးပေါ်အတွက်ပြင်ဆင်ပါ**

ပြည်ပသို့ မထွက်ခွာမီကတည်းက တစ်ဖက်နိုင်ငံတွင် အရေးပေါ်ဆက်သွယ်နိုင်မည့် လိပ်စာများ၊ ဖုန်းနံပါတ်များ၊ လူမှုကွန်ရက်ဆက်သွယ်မှုများကို ပြုလုပ်ထားသင့်ကြောင်း ILO မြန်မာက အကြံပြုသည်။ အထူးသဖြင့် သွားရောက်မည့်နိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာ သံရုံး၊ NGO များ၊ ရွှေ့ပြောင်းလုပ်သားများကို အကူအညီပေးအပ်နေသည့် အဖွဲ့အစည်းများနှင့် မထွက်ခွာမီ ရနိုင်သမျှ ပြည်တွင်းအကူအညီတောင်းခံနိုင်သူများကို ကြိုတင်ဆက်သွယ်ထားရန်လိုအပ်သည်။

စာမျက်နှာ ၂၀ သို့

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုမှသည်

**မြင့်စိုး(နတလ)**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၏ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ (Committee for Ethnic Minorities Affairs)မှ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး H.E Mr. Dinh Que Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စက်တင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ လာရောက်လည်ပတ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်၊ ကျိုက္ခမီ၊ သံဖြူဇရပ်၊ မုဒုံ၊ ကျိုက်ထိုနှင့် ပဲခူးမြို့များသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီတို့အကြား ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၂၈ ရက်နေ့က ချုပ်ဆိုခဲ့သော အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ နှစ်နိုင်ငံအကြား လူမျိုးစုရေးရာကိစ္စရပ်များတွင် သတင်းအချက်အလက်ဖလှယ်နိုင်ရေးအတွက် အပြန်အလှန်သွားရောက်ခဲ့ကြရာ ဗီယက်နမ်နိုင်ငံဘက်မှ ရှစ်ကြိမ်လာရောက်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ ခြောက်ကြိမ်သွားရောက်ခဲ့ပြီးဖြစ်သည်။

ဧည့်သည်တော် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့သည် ပြီးခဲ့သည့်စက်တင်ဘာ ၆ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား လာရောက်တွေ့ဆုံခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသများတွင် လမ်း/တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်၊ ရေရရှိရေး အစရှိသောဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် စက်မှုလက်မှုသင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၊ ခေတ်မီ မော်တာအထည်ချုပ်စက် သင်တန်းများ၊ ဂျပ်ခုတ်သင်တန်းများဖွင့်လှစ်ပေးမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီးနောက် နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများဖလှယ်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဦးဆောင်သောအဖွဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ (Committee for Ethnic Minorities Affairs)မှ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး H.E Mr. Dinh Que Hai ဦးဆောင်သောအဖွဲ့တို့သည် ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင်တွေ့ဆုံကာ နှစ်နိုင်ငံဝန်ကြီးဌာနများအကြား တိုင်းရင်းသားရေးရာ ချစ်ကြည်ရင်းနှီးမှုဖော်ဆောင်ရေးအတွက် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများအား ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(မုဒုံမြို့)

ဧည့်သည်တော်အဖွဲ့သည် ယင်းနေ့မွန်းလွဲပိုင်းတွင် ကျောက်မျက်ပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြပြီး ထိုမှတစ်ဆင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြပါသည်။ နောက်တစ်နေ့ဖြစ်သော စက်တင်ဘာလ ၇ ရက်တွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှဦးဆောင်၍ ဧည့်သည်တော်အဖွဲ့နှင့်အတူ မော်လမြိုင်မြို့သို့ ထွက်ခွာခဲ့ကြပြီး တန်ခိုးကြီးဘုရားများဖြစ်သည့် ကျိုက်သလံစေတီတော်၊ ဦးခန္တီမဟာမြတ်မုနိ ဆုတောင်းပြည့်ဘုရား၊ ဆံတော်ရှင်ဦးဇိနစေတီတော်တို့သို့ ပို့ဆောင်ဖူးမြော်စေခဲ့ပါသည်။

ဒုတိယဝန်ကြီးဦးဆောင်၍ ဧည့်သည်တော်အဖွဲ့သည် စက်တင်ဘာလ ၈ ရက်တွင် ကျိုက္ခမီရေလယ်ဘုရားအား သွားရောက်ဖူးမြော်ကာ စက်စဲကမ်းခြေသို့ ဆက်လက်ပို့ဆောင်လေ့လာစေခဲ့ပါသည်။ စက်စဲကမ်းခြေတွင် ခေတ္တအပန်းဖြေနားနေကြရင်း ဒေသထွက် ရိုးရာအစားအစာများဖြစ်သည့် ငါးပါးနီငါးကြော်၊ ခရုကြော်၊ ပုစွန်ကြော်စသည်တို့ကို ဧည့်ခံကျွေးမွေးခဲ့ရာ နှစ်သက်စွာသုံးဆောင်ခဲ့ကြပါသည်။ အချိန်ရသလောက် ရေဆင်းချိုးသူကချိုး၊ ဘာဂီယာဉ်ငယ်များဖြင့် ကမ်းခြေတစ်လျှောက်



အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(မုဒုံမြို့)

လိုက်လံကြည့်ရှုသည့်အဖွဲ့ကကြည့်ဖြင့် ဧည့်သည်တော်အဖွဲ့ အတော်လေး ပျော်ရွှင်ကြည်နူးခဲ့ကြရပါသည်။ စက်စဲကမ်းခြေမှအပြန် သံဖြူဇရပ်မြို့ရှိ ဓနသဟာယစစ်သင်္ချိုင်းသို့ ဝင်ရောက်လေ့လာခဲ့ကြပြီး ထို့နောက် မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်းပြတိုက်သို့ ပို့ဆောင်လေ့လာစေခဲ့ပါသည်။

မုဒုံမြို့သို့ ဆက်လက်ထွက်ခွာရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ကြပြီး သင်တန်းတက်ရောက်နေကြသော မွန်၊ ကရင်တိုင်းရင်းသူလေးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ဆက်လက်၍ သင်တန်းကျောင်းဆိုင်ရာများကို သင်တန်းကျောင်းအုပ်က ရှင်းလင်းတင်ပြပြီး ဧည့်သည်တော် ဒုတိယ ဝန်ကြီးနှင့်အဖွဲ့အား သင်တန်းသူလေးများကိုယ်တိုင် ရက်လုပ်ထားသည့် ရိုးရာအဝတ်အထည် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။ ဗီယက်နမ်အဖွဲ့ကလည်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြပါသည်။ ထို့နောက် သင်တန်းခန်းမ၊ သင်တန်းသူများအိပ်ဆောင်၊ စားရိပ်သာတို့ကို လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး ကျောင်းအုပ်ချုပ်မှုရုံးခန်း၌ သင်တန်းသူများက သူတို့၏လက်ရာဖြစ်သော ရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပါသည်။ စက်တင်ဘာလ ၉ ရက် နံနက်ပိုင်း တွင် ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ကျိုက်ထိုမြို့သို့ ပို့ဆောင်ပေးပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုခဲ့ကြပါသည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် သထုံမြို့မှတစ်ဆင့် ပဲခူးမြို့သို့ဆက်လက်ထွက်ခွာကာ ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဖူးမြော်၍ ကမ္ဘောဇသာ ဒီနန်းတော်အား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ရန်ကုန်မြို့သို့ ပြန်လည်ဝင်ရောက်ခဲ့ကြပါသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ (Committee for Ethnic Minorities Affairs)မှ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး H.E Mr. Dinh Que Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါသည်။ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရှေးရှုလျက် တိုင်းရင်းသားရေးရာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တိုင်းရင်းသားယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ (Committee for Ethnic Minorities Affairs) တို့အကြား သဘောထားအမြင်ခြင်း တူညီကြပြီးဖြစ်သည်။ ရှေ့ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းများကိုလည်း အလေးအနက်ထားကာ ဆောင်ရွက်ကြမည်ဖြစ်သည်။ ဤမည်သော တိုင်းရင်းသားရေးရာလုပ်ငန်းများက မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်ရေးကို များစွာအထောက်အကူပြုမည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း။ ။

## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**ဘားအံ စက်တင်ဘာ ၁၀**


ကရင်ပြည်နယ် ဘားအံမြို့၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ဒုတိယရက် ၁၀၀ စီမံချက်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း(ဖွဲ့ကပင်)၌လည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌လည်းကောင်း မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြောပွဲများကို မူးယစ်တပ်ဖွဲ့စု(၃၁)နှင့် မြို့နယ်ပညာရေးတို့ပူးပေါင်း၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည့်ဟောပြောပွဲတွင် ဒုတိယကျောင်းအုပ်ကြီး ဒေါ်စန်းစန်းကြူက အမှာစကားပြောကြားပြီး မူးယစ်တပ်ဖွဲ့စု (၃၁)ဘားအံမှ ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးထွန်းထွန်းဦးက 'တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ' ခေါင်းစဉ်ဖြင့် အသေးစိတ်ဟောပြောကာ ကရင်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း Youth Power လူငယ်အဖွဲ့က မူးယစ်ဆေးဝါးဆန့်ကျင်ရေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။ ဟောပြောပွဲသို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အလားတူ ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း(ဖွဲ့ကပင်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ဟောပြောပွဲတွင်လည်း မူးယစ်တပ်ဖွဲ့စု(၃၁)ဘားအံမှ ခေတ္တတပ်ဖွဲ့စုမှူးက ဟောပြောကာ မူးယစ်ဆေးဝါးဆိုးကျိုးနှင့်ပက်သက်၍ ကျောင်းသား ကျောင်းသူများ၏ ပြန်လည်မေးမြန်းမှုများကိုလည်း ခေတ္တတပ်ဖွဲ့စုမှူးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ အဆိုပါဟောပြောပွဲသို့ စိုက်ပျိုးရေးသိပ္ပံကျောင်း(ဖွဲ့ကပင်)မှ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





နာရီတိုင်းမှာ ၅ မိနစ်စာ
တစ်နာရီအတွင်း ၅ မိနစ် ထက်ကျော်သွားတဲ့ ဖုန်းပြောချိန်တိုင်းဟာ အခမဲ့ ပါ။
MPT ရွှေသို့လှမ်းချီ မြန်မာပြည်
နာရီတိုင်းမှာ ငါးမိနစ်စာ ဆိုတဲ့ အစီအစဉ်က ဘယ်လိုမျိုးလဲ ?
MPT GSM/WCDMA ဖုန်းသုံးစွဲသူ အားလုံးကနေ MPT ဖုန်းတွေကို တစ်နာရီအတွင်း ကြိုက်သလောက် ဆက်တိုက်ဖုန်း ပြောနိုင်ပြီး အများဆုံး ၅ မိနစ်ဖိုးပဲ ပေးရမှာလေ
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောရမှာလား ၁၀ မိနစ်လောက်ပဲ ပြောရင်ရော
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောစရာ မလိုပါဘူး၊ ၁၀ မိနစ်ဆက်တိုက်ပြောရင် လည်း ၅ မိနစ်စာပဲ ပေးရပါမယ်၊ နောက်ထပ် ၅ မိနစ်က အခမဲ့ပါ
ဒါဆို မိနစ် ၃၀ ဆက်တိုက် ပြောရင်ရော
၅ မိနစ်စာပဲ ကျသင့်ပါမယ် နောက်ထပ် ၂၅ မိနစ်က အခမဲ့ပါ
၁ နာရီနဲ့ ၁၀ မိနစ် (မိနစ် ၇၀) ဆက်တိုက်ပြောရင်ရော
၁ နာရီအတွက်က ၅ မိနစ်စာနဲ့ နောက်ထပ် ၁၀ မိနစ်အတွက်ကတော့ ပုံမှန်အတိုင်း ကျသင့်ပါမယ်
၅ မိနစ် မပြည့်ဘူး ၃ မိနစ်ပဲ ပြောမိရင်ရော
၃ မိနစ် ဆိုတော့ ပုံမှန်နှုန်း ၃ မိနစ်စာပဲပေါ့
တစ်နေ့မှ တစ်နာရီပဲ ပြောလို့ရတာလား
ညနေ ၆ နာရီကနေ ည ၁၀ နာရီအတွင်းက လွဲပြီး ကျန်တဲ့ အချိန်တွေအားလုံးမှာ ကြိမ်ရေ အကန့်အသတ်မရှိ ပြောလို့ ရပါတယ်။
ဤအစီအစဉ်တွင် ဆွေသဟာရယူထားသူများနှင့် ဆွေသဟာ ရယူထားခြင်းမရှိသော MPT GSM/WCDMA သုံးစွဲသူများအားလုံး အကျုံးဝင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

## ကြေညာချက်

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၏ ၅-၈-၂၀၁၆ရက်ထုတ် သတင်းစာများတွင် နေပြည်တော်နှင့် ရန်ကုန်မြို့၌ တည်ဆောက်မည့် ခေတ်မီဓာတ်ခွဲခန်းဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူထားခြင်းအား ၂၁-၉-၂၀၁၆ရက်မှစ၍ တင်ဒါဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဖေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၃၅၈၆၊ ၄၀၃၁၇၁**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊
## ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး
## မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး၊ မန္တလေးမြို့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပထမအကြိမ်ဝယ်ယူခဲ့စဉ်က မပါရှိသော FDAအသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများ စတင်ရောင်းချမည့်ရက်** - ၇-၉-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၉-၂၀၁၆ ရက် (သောကြာနေ့)

၃။ လိုအပ်သောတင်ဒါစည်းမျဉ်းနှင့် ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။

**မနနလ-ဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY LNG BUSINESS SECTOR IMPLEMENTATION AND DEVELOPMENT CENTRAL COMMITTEE**

**Dated: 6 September,2016**

INVITATION FOR LETTER OF EXPRESSION OF INTEREST TO CONDUCT LIQUEFIED NATURAL GAS(LNG) BUSINESS IN MYANMAR

1. LNG Business Sector Implementation and Development Central Committee ("the Committee")under the Ministry of Electricity and Energy, the Republic of the Union of Myanmar is planning to implement bulk import and regasification of LNG project(s)in Myanmar through private sector participation.
2. All interested foreign companies are cordially invited to submit a non-binding Letter of Expression of Interest, together with the following documents:-
   (a) Article of Association
   (b) Memorandum of Association
   (c) Certificate of Incorporation
   (d) Latest Audited Annual Report
   (e) Company's Track Record in bulk LNG import and/or regasification
3. All documents shall be submitted in a sealed envelope superscripted "Confidential" "Myanmar LNG Business"to the following address not later than 04:30 pm, by 28th October,2016.
   LNG Business Sector Implementation and Development Central Committee
   Myanma Oil and Gas Enterprise(MOGE)Office
   Ministry of Electricity and Energy
   Buliding No.44,Nay Pyi Taw
   The Republic of the Union of Myanmar
4. The Committee plans to select private sector participant(s) to implement bulk LNG import and/ or regasification project(s)through a competitive selection process.
5. For further inquiry(and/or)information, please contact any of the following:-
   (a) Managing Director
   Myanma Oil and Gas Enterprise
   Ministry of Electricity and Energy
   Building No.44,Nay Pyi Taw
   The Republic of the Union of Myanmar
   Fax:95-67-411125/411178
   (b) Director(Production)
   Myanma Oil and Gas Enterprise
   Ministry of Electricity and Energy
   Building No.44,Nay Pyi Taw
   The Republic of the Union of Myanmar
   Fax:95-67-411095

**LNG Business Sector Implementation and Development Central Committee**
**Ministry Of Electricity and Energy**
**The Republic of the Union Of Myanmar**

*This request for Expression of Interest(EOI)is not an offer by the Committee. but an invitation to receive responses from intersted parties.No contractual obligation what soever shall arise from this EOI process.The Committee reserves the right not to proceed with any of the project(s)/ activities Mentioned herein.*

## ကြေညာချက်

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၏ ၂၆-၈-၂၀၁၆ရက်ထုတ် သတင်းစာများတွင် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ ဓာတ်ခွဲယာဉ်များ ရုံးသုံးစက်ပစ္စည်းကိရိယာများနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူထားခြင်းအား ၁၄-၉-၂၀၁၆ရက်မှစ၍ တင်ဒါဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဖေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၃၅၈၆၊ ၄၀၃၁၇၁**

## ရန်ကုန်တက္ကသိုလ်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်တက္ကသိုလ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း အောက်ဖော်ပြပါ (ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများ၏ (၁၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့လျှောက်လွှာပုံစံများကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် ၂×၁½လက်မအရွယ် ဓာတ်ပုံနှစ်ပုံပူးတွဲလျက် ၁၂-၉-၂၀၁၆ ရက်မှ ၂၉-၉-၂၀၁၆ ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

**(က) (၁၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၂-၁၁-၂၀၁၆ ရက်ပထမနေ့ နံနက်ပိုင်းအစီအစဉ်**

**နံနက် ၉း၀၀နာရီ**

| | |
|---|---|
| ပါရဂူဘွဲ့ | - မြန်မာစာ၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ |
| မဟာသုတေသနဘွဲ့ | - မြန်မာစာ၊ သမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ |
| မဟာဝိဇ္ဇာဘွဲ့ | - မြန်မာစာ၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့်သုတပညာ |
| မဟာသိပ္ပံဘွဲ့ | - ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ |
| ဒီပလိုမာဘွဲ့ | - ရှေးဟောင်းသုတေသနပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ DYSM, DMHC, DOS, DBL |

**အစမ်းလေ့ကျင့်ရန် ၁၀-၁၁-၂၀၁၆ ရက် နံနက် ၉း၀၀နာရီ**
**မှတ်ချက် - အစမ်းလေ့ကျင့်သည့်ရက်တွင် ခန်းမ၏အရှေ့ဘက်ခြမ်းတွင်ထိုင်ရမည်။**

**(ခ) (၁၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၂-၁၁-၂၀၁၆ ရက် (ပထမနေ့) မွန်းလွဲပိုင်းအစီအစဉ်**

**မွန်းလွဲ ၂း၀၀နာရီ**

| | |
|---|---|
| ပါရဂူဘွဲ့ | - ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ |
| မဟာသုတေသနဘွဲ့ | - ဥပဒေပညာ၊ သတ္တဗေဒ၊ ဘူမိဗေဒ |
| မဟာဥပဒေဘွဲ့ | - ဥပဒေပညာ |
| မဟာဝိဇ္ဇာဘွဲ့ | - ပထဝီဝင် |
| မဟာသိပ္ပံဘွဲ့ | - သတ္တဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ |
| ဒီပလိုမာဘွဲ့ | - အသုံးချစိတ်ပညာ၊ လူမှုရေးပညာ(SW)၊ DL(ပြင်ဦးလွင်)၊ အသုံးချဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ(စားသောက်ကုန်လုပ်ငန်းအတတ်ပညာ)၊ GIS, DML, DIL, DGI |

**အစမ်းလေ့ကျင့်ရန် ၁၀-၁၁-၂၀၁၆ ရက် နံနက် ၉း၀၀နာရီ**
**မှတ်ချက် - အစမ်းလေ့ကျင့်သည့်ရက်တွင် ခန်းမ၏အနောက်ဘက်ခြမ်းတွင်ထိုင်ရမည်။**

**(ဂ) (၁၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၁၃-၁၁-၂၀၁၆ ရက် (ဒုတိယနေ့) နံနက်ပိုင်းအစီအစဉ်**

**နံနက် ၉း၀၀နာရီ**

| | |
|---|---|
| ပါရဂူဘွဲ့ | - အင်္ဂလိပ်စာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ မနုဿဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ကွန်ပျူတာသိပ္ပံပညာ |
| မဟာသုတေသနဘွဲ့ | - ရူပဗေဒ၊ သင်္ချာ၊ ကွန်ပျူတာသိပ္ပံပညာ |
| မဟာဝိဇ္ဇာဘွဲ့ | - အင်္ဂလိပ်စာ၊ မနုဿဗေဒ |
| မဟာသိပ္ပံဘွဲ့ | - ရူပဗေဒ၊ အင်ဂျင်နီယာရူပဗေဒ၊ သင်္ချာ၊ အင်ဂျင်နီယာသင်္ချာ၊ EMCS |
| ဒီပလိုမာဘွဲ့ | - အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ၊ မနုဿဗေဒ၊ အသုံးချရူပဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ၊ DPS, DIR, DCA, DCS, EDCS |
| ဝိဇ္ဇာဘွဲ့ | - Journalism, EPP |

**အစမ်းလေ့ကျင့်ရန် ၁၀-၁၁-၂၀၁၆ ရက် မွန်းလွဲ ၂း၀၀နာရီ**

၂။ ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-၊ အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-ပေးသွင်းရမည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားမူရင်းနှင့် မိတ္တူကို ယူဆောင်၍ ကိုယ်တိုင်လာရောက်ရမည်။

၄။ ပါရဂူဘွဲ့လျှောက်ထားမည့်သူများသည် ၂×၁½လက်မ ဓာတ်ပုံသုံးပုံ ယူဆောင်လာရမည်။

၅။ ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခုရရှိပြီးသူများသည် ဘွဲ့လက်မှတ်မိတ္တူ ယူဆောင်လာရမည်။

၆။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် (မြန်မာ့ ထမီ၊ အင်္ကျီ)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၇။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၇-၁၁-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ထုတ်ပေးမည်ဖြစ်ပါသည်။ ဘွဲ့ဝတ်စုံငှားရမ်းရာတွင် အမျိုးသားမှတ်ပုံတင်ကတ်ပြားပေးခဲ့ရမည်။

၈။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရန်ကုန်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း-၅၃၄၀၂၄၊ ၅၃၄၀၉၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက် ။ အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်ခဲ့ကြသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ကြပါသည်။

**(ကျော်နိုင်ဦး)**
**မော်ကွန်းထိန်းအဆင့်(၁)**
**ရန်ကုန်တက္ကသိုလ်**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၊ ငပုတောမြို့နယ်၊ ရေကြည်မြို့နယ်၊ ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၊ မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ ဟင်္သာတခရိုင်ကြံခင်းမြို့နယ်၊ ဇလွန်မြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ဟင်္သာတမြို့နယ်ရှိပြည်သူ့ဆေးရုံများတွင် ဆေးရုံအဆောက်အအုံမျိုးစုံလုပ်ငန်းသစ်(၂၁)ခုကို ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
(က) စံကိုက်တိုက်နယ်ဆေးရုံတည်ဆောက်ခြင်း
(ခ) ၃ထပ်/၂ထပ်/တိုးချဲ့ ၁ထပ် လူနာဆောင်တည်ဆောက်ခြင်း
(ဂ) ဆေးသိုလှောင်ရုံဆောက်လုပ်ခြင်း
(ဃ) ဆေးရုံအကြီးစားမွမ်းမံခြင်း
(င) ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းများနေရာဒေသအလိုက် လိုအပ်ချက်များပါဝင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၂-၉-၂၀၁၆ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၁၀-၂၀၁၆ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပိတ်မည် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်သည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှသာ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းပေးသွင်းပြီး သီးခြားစီတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက် သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန ဖုန်း-၀၄၂-၂၂၁၉၂၊ ၀၄၂-၂၃၁၉၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အောက်ပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ဟင်္သာတမြို့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကျောင်းရှေ့မျက်နှာစာအုတ်တံတိုင်းနှင့် (၁ဒသမ၅")သံပိုက်လိုင်းဖြင့် ခြံစည်းရိုးကာရံခြင်း (၁၄၂၀')
(ခ) ဟင်္သာတမြို့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကျောင်းကားဂိုဒေါင် (၁၂၅'×၂၅'×၁၄')ကားအတက်အဆင်း ဆင်ခြေလျှော (၃၀')ခင်းခြင်း
(ဂ) ဟင်္သာတမြို့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကျောင်း ကျောက်ချောခင်းရာတွင် (အကျယ် ၂၅'× အနံ ၆'×ထု၉") Curvelt(၇)ခုဆောင်ရွက်ခြင်း
(ဃ) ဟင်္သာတမြို့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကျောင်း ဧည့်ရိပ်သာအဆောက်အအုံ (၂')ပတ်လည်ကြွေပြားခင်းခြင်း (၆၇)ကျင်း
(င) ဟင်္သာတမြို့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကျောင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(အရှည် ၁၇၄၀'×အကျယ် ၁၈'×ထု ၁၀")
(စ) ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ သံဒိပ်ဇီးဖြူကုန်း၊အကယ်ချောင်းဝကျေးရွာရှိ (၅၀၀)ဦးဆံ့ ဆိုင်ကလုန်း ရှယ်တာ ပြုပြင်ခြင်း
(ဆ) မအူပင်ခရိုင်ဦးစီးမှူးရုံး (၆၀'×၄၀'×၂၈') RCCနှစ်ထပ်သွပ်မိုး ကွန်ကရစ်ကြမ်းခင်း၊ ရေမီးအပါအဝင် ဆောက်လုပ်ခြင်း

၂။ ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် ကော်မတီကသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့်ပါရှိရမည့်အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၉-၉-၂၀၁၆ရက်မှစတင်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၌ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို ၁၀-၁၀-၂၀၁၆ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းလိုသူများသည် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ကျသင့်ငွေအားပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်တင်ဒါပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။

၆။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၀၃နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၄၂-၂၁၀၆၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မော်လမြိုင်-မြဝတီ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၏ မော်လမြိုင်ခွဲရုံအထွက်တွင် အသုံးပြုမည့် Twin Bundle,Four Circuit Tower များအတွက် Design အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၉-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၁-၁၀-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက အိုးသည်ကုန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မမေမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးရဲနိုင်ဝင်း ၇/မလန(နိုင်)၀၁၃၁၀၈ ဖြစ်ပါကြောင်း။ **ဦးရဲနိုင်ဝင်း**
**၇/မလန(နိုင်)၀၁၃၁၀၈**

## ဖခင်အမည်မှန်

အုတ်ဖိုမြို့နယ်၊ အထက အိုးသည်ကုန်းကျောင်း၊ နဝမတန်း(A)မှ မောင်ဟန်လင်းကျော်နှင့် မင်းလှမြို့နယ်၊ အမက မြောက်လွတ်ပင် ပထမတန်းမှ မောင်ထက်ဦးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြိုင်လင်း ၇/မလန(နိုင်)၀၀၈၅၇၅ ဖြစ်ပါကြောင်း။
**ဦးမြိုင်လင်း**
**၇/မလန(နိုင်)၀၀၈၅၇၅**

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ)၊ အင်္ဂဘို၊ တက္ကသိုလ်ဝင်တန်းမှ မောင်စိုးဇေယျာ၏ ဖခင်အမည်မှန်မှာ ဦးအောင်နေမျိုးထွန်း ၁၀/လမန(နိုင်)၀၂၂၈၄၀ ဖြစ်ပါကြောင်း။ **ဦးအောင်နေမျိုးထွန်း**
**၁၀/လမန(နိုင်)၀၂၂၈၄၀**

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) ကျိုက္ကသာ တက္ကသိုလ်ဝင်တန်း(A)မှ မစုစုခင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထူး ၁၀/ကထန(နိုင်)၀၇၆၀၀၄ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်ထူး**
**၁၀/ကထန(နိုင်)၀၇၆၀၀၄**

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ)၊ အင်္ဂဘို၊ တက္ကသိုလ်ဝင်တန်းမှ မဝင်းနေခြည်မိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး ၁၀/ကထန(နိုင်)၁၃၃၈၉၂ ဖြစ်ပါကြောင်း။
**ဦးအောင်ဇော်မိုး**
**၁၀/ကထန(နိုင်)၁၃၃၈၉၂**

## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ)၊ အင်္ဂဘို တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ထက်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဌေး ၁၀/ကထန(နိုင်)၀၆၈၁၂၁ ဖြစ်ပါကြောင်း။ **ဦးမြင့်ဌေး**
**၁၀/ကထန(နိုင်)၀၆၈၁၂၁**

## အိမ်ခန်းငှားရန်ရှိသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အာသောကလမ်း၊ အိမ်အမှတ် ၄၆၊ လေးလွှာအား ပိုင်ရှင်ကိုယ်တိုင်ငှားရန်ရှိပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဖုန်း-၀၉-၇၈၁၅၁၉၀၈၆**

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

အထူးခင်မင်ရင်းနှီးရပါသော ဒေါက်တာခင်မောင်လွင်-ဒေါက်တာခင်ခင်ဌေး (FAME ဆေးဝါးထုတ်လုပ်ရေး)သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၅ ရက် (တနင်္လာနေ့)တွင် လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်သော အာဆီယံစီးပွားရေးဆိုင်ရာ အကြံပေးကောင်စီမှ ပေးအပ်ချီးမြှင့်သည့် **ASEAN Business Award 2016 Winner** ဆုကို လက်ခံရရှိကြောင်းသိရပါသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရှေ့ဆက်၍ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝေဝေ**
**Diamond Land စိန်အရောင်းပြခန်း**
**အမှတ် ၅၀၊ အရှေ့ဘက်တိုက်တန်းကြီး၊ ဗိုလ်ချုပ်အောင်ဆန်းဈေး**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေးတို့ ဦးဆောင်သော **FAME** ဆေးဝါးထုတ်လုပ်ရေးသည် အာဆီယံစီးပွားရေးဆိုင်ရာ အကြံပေးကောင်စီ **(ASEAN Business Advisory Council)** မှ **Corporate Social Responsibilities (CSR)** ကဏ္ဍအတွက် ပေးအပ်ချီးမြှင့်သည့် **ASEAN Business Award 2016 Winner** ဆုကို ထိုက်ထိုက်တန်တန် လက်ခံရရှိခဲ့ကြောင်းသိရှိရပါသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးဝင်းလှိုင်
Managing Director
Universal Stainless Steel Enterprise

လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကပင် မှိုကိုတွေ့ရှိခဲ့ကြသည်။

ယခုအခါမှိုတို့၏ အထူးအရေးပါပုံများကို လူသားတို့ တဖြည်းဖြည်းသိရှိလာခဲ့ကြပြီး အထူးသဖြင့်လူတို့၏အသက်အန္တရာယ်ကို ထိခိုက်စေသည့်ရောဂါကြီးများ၏ ကုထုံးများတွင်လည်း အကျိုးသက်ရောက်မှုများအား ကောင်းစွာသိရှိနားလည်လာကြသည်။

ခေတ်မီတိုးတက်သည့်နိုင်ငံများတွင် စားသုံးသည့် အာဟာရများ၏ ကျန်းမာရေးအပေါ်အကျိုးသက်ရောက်မှုများကို ပိုမိုစိတ်ဝင်စားလေ့လာခဲ့ကြရာမှ မှို၏အသုံးဝင်မှုကိုတွေ့ရှိခဲ့ကြသည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် မှိုများကြောင့်စိုက်ပျိုးပင်များရောဂါဖြစ်၍ ပျက်စီးဆုံးရှုံးစေနိုင်သကဲ့သို့ ဩဂဲနစ်ပစ္စည်းများအား ဆွေးမြည့်စေခြင်းဖြင့် မြေဆီမြေဩဇာထက်သန်၍ အပင်များအား စားသုံးနိုင်သည့် အာဟာရအဖြစ်ပြောင်းလဲပေးနိုင်သည့်ကောင်းကျိုးများကိုလည်းဖြစ်ပေါ်စေကြောင်း သိရှိလာကြပြီးဖြစ်သည်။

## မှိုနှင့် လူသား

ရတနာစိုး (အမျိုးသားစာပေဆု)

မှိုစားသုံးခြင်းဖြင့် ရောဂါကြီးများကာကွယ်တားဆီးနိုင်ပုံ
ဈေးကွက်ဝင်ပြီးဆေးဘက်ဝင်သည့် ဟင်းလျာမှိုများစိုက်ပျိုးနည်း
မှိုအဆိပ်များစုံလင်စွာဖော်ပြထားပါသည်။

**မန္တလေး** - နဂါးစာပေ
- ညီညီစာပေ
- ထွန်းဦးစာပေ

**ရန်ကုန်** - စာမေဗိမာန်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင် စာပေလောကဆိုင်များ၊ စာပေဟင်းလေးအိုးကြီး၊ စာပေနန်းတော်၊ ရာပြည့်၊ Tabbook ဆိုင်များ

AUNGSAN 7
တရားရေးအရာရှိများ
မိတ်ဆုံပွဲ
14-10-2016 FRIDAY




ဒေါက်တာဒေါ်ခင်မြင့်၏ အောက်ပါစာအုပ်များ
ဂန္ထဝင်စာပေတိုက် မှ ထွက်ပါပြီ။
၁။ ရှမ်းရိုးရာပုံပြင်များ လေ့လာချက်
၂။ မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များနှင့် နေ့ထူးနေ့မြတ် စာစီစာကုံးများ
၃။ စာစီခြယ်မှုန်း ပုလဲကုံးများ
ပင်ရင်းဖြန့်ချိရေး - ဂန္ထဝင်စာပေ နှင့်ဂန္ထဝင်သက်နန်းတိုက်
(၇၇)၊ လှည်းတန်း၊ ကမာရွတ်။ ဖုန်း ၀၁-၅၃၇၀၁၆၊ ၀၁-၅၀၅၅၅၀

**မိဘအမည်မှန်**
ချောင်းဆုံမြို့နယ်၊ အထက(ရွာလွတ်) တက္ကသိုလ်ဝင်တန်း(ခ)မှ မိနန်းသဇင်ထူး၏ မိဘအမည်မှန်မှာ ဦးမင်းအောင်ထူးနှင့် ဒေါ်အေးအေးချမ်း ဖြစ်ပါကြောင်း။
**ဦးမင်းအောင်ထူး-ဒေါ်အေးအေးချမ်း**

**အမည်ပြောင်း**
မုဒုံမြို့နယ်၊ ကမာဝက်မြို့၊ ဂုံညင်းတန်းရပ်ကွက်နေ ဦးဇော်လွင်၏သား မောင်ကျော်ကျော်ဦးအား မာဆာန်ရတ်ဟု ပြောင်းလဲခေါ်ပါရန်။
**မာဆာန်ရတ်**

**အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 5L/9486 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

# တရုတ် - အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြခန်း ၁၄၅ ခန်း ဖွင့်လှစ်ပြသ



(၁၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းအား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ကွမ်ရှီးပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကော်မတီ ဒုတိယဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

**နန်နင်း စက်တင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ချင်းရှုးတောင်ရှိ ဗုဒ္ဓဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောင်းထိုင်ဘုန်းတော်ကြီးအား ဂါရဝပြုကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတသည် ချင်းရှုးတောင်တွင် လှည့်လည်ကြည့်ရှုလေ့လာသည်။

ချင်းရှုးတောင်တန်းသည် နန်နင်းမြို့၏ ထင်ရှားသော မြင်ကွင်း ရှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ခံ့ညားထည်ဝါသည့် စိမ်းလန်းသောတောင်ကုန်း၊ တောင်တန်းများ၊ စိမ်းစိုသောသစ်ပင်ကြီးများ၊ ကြည်လင်သောစမ်းချောင်းနှင့် အံ့သြဖွယ်ကျောက်တုံးများ စသည့် လှပသောမြင်ကွင်းများကြောင့် ထင်ရှားပြီး အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆင့်အမြင့်ဆုံးနေရာအဖြစ် သတ်မှတ်ထားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကွမ်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ချန်ဝူအား ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် လိယွမ်အစိုးရဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး ကုန်သွယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိပြီး (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကွမ်ရှီးပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှင်ပေဟိုင်တို့နှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းများအား လိုက်လံကြည့်ရှုအားပေးသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## မာတိကာ


အခွင့်အလမ်းဖွေရှာဘဝအတွက်တာ

**ရေခြား မြေခြား အလုပ်သွားကြသူများ**

*စာမျက်နှာ - ၁၉*

သတင်းဆောင်းပါး

**သမိုင်းဝင် ရေပြည့်ရေလျှံ ညောင်ရမ်း-မင်းလှကန်**

*စာမျက်နှာ - ၂၀*

ဆောင်းပါး

**မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုမှသည်**

*စာမျက်နှာ - ၂၁*


# အထက်မြန်မာပြည် ရိုးရာလက်ဝှေ့ပြိုင်ပွဲ၌ ပြင်သစ် - မြန်မာ အထူးစိန်ခေါ်ပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်

**သတင်း- မောင်စိန်လွင် (မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် စက်တင်ဘာ ၁၀**

အထက်မြန်မာပြည် မန္တလေး၌ လာမည့်စက်တင်ဘာ ၂၃ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပြင်သစ် - မြန်မာအထူးစိန်ခေါ်ပွဲ ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့မှ သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး အောင်သမာဓိ စိန်ရွှေရတနာဆိုင်က အဓိကပံ့ပိုးကူညီကာ ပွဲစီစဉ်သူ ကိုဒဿက စက်တင်ဘာ ၂၃ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ အောင်မြေမန္တလာအားကစားပြိုင်ပွဲရုံကြီး၌ ကျင်းပမည်ဖြစ်ပြီး စုစုပေါင်း ပြည်တွင်းတွဲဆိုင်း ခုနစ်ဆိုင်းနှင့် အထူးစိန်ခေါ်ပွဲ တွဲဆိုင်းအနေဖြင့် စိုးမောင်ဦး(မြန်မာ)နှင့် Yves (ပြင်သစ်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အခြား မျိုးဆက်သစ်တွဲဆိုင်းငယ်များလည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းတွဲဆိုင်း ခုနစ်ဆိုင်းတွင် ၂၀၁၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး *စာမျက်နှာ ၇ ကော်လံ ၅* ◆


စိုးမောင်ဦး


Yves (ပြင်သစ်)